# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 27 July 2021 ၁၀၄၄၇


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ် (ဓမ္မပဒ-၁၉၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရောက်ရှိလာသည့်ကာကွယ်ဆေးများကို ဦးစားပေးသတ်မှတ်ချက်များအလိုက် အမြန်ဆုံးထိုးနှံပေးနိုင်ရေး ထိရောက်မြန်ဆန်စွာ ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၆

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

❖ ကူးစက်ဖြစ်ပွားမှုလျော့ကျလာသည်ဆိုသော်လည်း သွားလာမှုများကို ကန့်သတ်ထိန်းချုပ်ထားနိုင်မှသာလျှင် ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်မည်

❖ မလိုအပ်ဘဲသွားလာမှုများ မပြုလုပ်ကြရန်လိုအပ်

❖ မိမိတို့နိုင်ငံတွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ဆောင်နေမှုများကို အမြန်ဆုံးအကောင်အထည်ဖော်ပြီး ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်

## ကြေးမုံ ယနေ့ ဖတ်စရာ


နိုင်ငံကြီးများ အစဉ်အဆက်ကိုင်စွဲခဲ့သော အကြမ်းဖက်မှုတိုက်ဖျက်ရေးပေါ်လစီ ဘာလဲ၊ ဘယ်လဲ
စာမျက်နှာ » ၆

ရှလော့. . စဉ်းစားလော့. . သင်ယူလော့. . အားကုန်ထုတ်၍ အလုပ်လုပ်ကြလော့
စာမျက်နှာ » ၁၇



ဖေ့စ်ဘွတ်က ဘဝမဟုတ်
စာမျက်နှာ » ၂၂

ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ ကာကွယ်ဆေးကို ထိုးနှံကြပါစို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင်လ ၁၉ ရက်နေ့က ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ၁ ဒသမ ၆ သန်းကျော်ကို ကာကွယ်ဆေး ထိုးနှံပြီးဖြစ်ပြီး ဒုတိယအကြိမ်ထိုးနှံမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအားလုံးကို ရာနှုန်းပြည့် ထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးများကို လှူဒါန်းရရှိမှုများ၊ မှာယူမှုများဖြင့် အဆက်မပြတ်တင်သွင်းလျက်ရှိပြီး ဇူလိုင် ၂၂ ရက်တွင် တရုတ်နိုင်ငံမှ ကာကွယ်ဆေး ခုနစ်သိန်းခွဲ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်းနှင့် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင်လည်း ဆက်တိုက်ရောက်ရှိလာမည်ဖြစ်ကြောင်း ဩဂုတ်လ ပထမအပတ်အတွင်း၌လည်း ကာကွယ်ဆေးများ ဆက်လက်ရောက်ရှိလာမည်ဖြစ်သဖြင့် ယခုနှစ်အတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြောကြားချက်နှင့်အညီ တရုတ်နိုင်ငံမှ ပေးပို့သည့်ကာကွယ်ဆေးများ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီဖြစ်သည်။ ဆက်လက်၍လည်း ကာကွယ်ဆေးများ ရောက်ရှိလာဦးမည်ဖြစ်ရာ မကြာမီတွင် နိုင်ငံတစ်ဝန်း၌ ကာကွယ်ဆေးထိုးနှံနိုင်တော့မည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ရောဂါကူးစက်မှုကို လျော့ကျစေသည်။ ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားမှုကိုလည်း လျော့ကျသွားစေသဖြင့် အလွန်အကျိုးများသောကိစ္စဖြစ်သည်။ လူတစ်ဦးတစ်ယောက်တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး နှာခေါင်း၊ ပါးစပ်မှဝင်ရောက်လာသည့်အခါ ပဋိဇီဝပစ္စည်းများ ချေဖျက်လိုက်သည့်အတွက် မတော်တဆ ပိုးဝင်သွားလျှင်လည်း ဗိုင်းရပ်စ်သည် လူ့ခန္ဓာကိုယ်ထဲတွင် အကောင်များ များစွာမပွားတော့ပေ။ လူ့နှာခေါင်း၊ ပါးစပ်မှ ပိုးဝင်မှု လျော့နည်းသွားသဖြင့် ၎င်း၏မိသားစု၊ ၎င်းနှင့်ထိတွေ့သူများ ကူးစက်ရန်အခွင့်အလမ်း လျော့နည်းသွားသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ခန္ဓာကိုယ်ထဲရှိ ခုခံအားစနစ်ကို တုံ့ပြန်မှုအားကောင်းအောင် ဆောင်ရွက်ပေးသည်။ ဗိုင်းရပ်စ်ပိုးများက ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များအတွင်းဝင်၍ ပွားလာလျှင် ခန္ဓာကိုယ်၏ ခုခံအားစနစ်က ပြန်လည်တုံ့ပြန်သည်။ ကာကွယ်ဆေးထိုးနှံထားမှုအပေါ် မူတည်၍ ရောဂါကူးစက်မှုကို ၈၀ ရာခိုင်နှုန်းအထက် ကာကွယ်ပေးနိုင်ပြီး ရောဂါဝေဒနာ ပြင်းပြင်းထန်ထန်ခံစားရမှုကို ၉၅ ရာခိုင်နှုန်းအထက်ထိ ကာကွယ်ပေးနိုင်သည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆင့်လိုက်ဖြစ်ပွားလျက်ရှိရာတွင် ကမ္ဘာ့နိုင်ငံများအားလုံးအနေဖြင့် ကာကွယ်ထိန်းချုပ်ရေး၏ အဓိကအချက်သည် ကာကွယ်ဆေးဖြစ်သည်ကို အားလုံးက လက်ခံထားကြသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် ကာကွယ်ဆေးထိုးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးရလဒ်တစ်ခုမှာ မကြာမီက အင်္ဂလန်နိုင်ငံတွင် ကျင်းပခဲ့သည့် ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲကို တက်ရောက်အားပေးကြသည့် ပရိသတ်များသည် မည်သည့်အကာအကွယ်မှ ဝတ်ဆင်စရာမလိုဘဲ ဘောလုံးကွင်းထဲတွင် လွတ်လပ်ပေါ့ပါးစွာ ပါဝင်အားပေးကြသည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးတွင် ကာကွယ်ဆေးသည် အဓိကကျကြောင်းကို သိရှိလာကြပြီး ပါးစပ်၊ နှာခေါင်းစည်းတပ်ခြင်း၊ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့သည် ရောဂါပိုးကို ခန္ဓာကိုယ်ထဲသို့မဝင်နိုင်အောင် ပိုမိုစိတ်ချစွာဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အသိပေးထားသည်။ ကာကွယ်ဆေးထိုးခြင်းနှင့် အကာအကွယ်ပြုလုပ်ခြင်းကို နှစ်မျိုးစလုံးဆောင်ရွက်ထားလျှင် ရောဂါကူးစက်မှုအတွက် ပိုမိုစိတ်ချနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မကြာမီကာလတွင် နိုင်ငံတစ်ဝန်းလုံး၌ ကာကွယ်ဆေးထိုးနှံပေးတော့မည်ဖြစ်ရာ ကာကွယ်ဆေးထိုးအစီအစဉ်တွင် မိမိနှင့် မိမိ မိသားစုအတွက် ရရှိလာမည့်အခွင့်အရေးကို လက်လွတ်မခံဘဲ ပါဝင်ထိုးနှံပေးကြရန် လိုအပ်ပါသည်။ ယခင်က ကာကွယ်ဆေးထိုးရန် နိုင်ငံရေးပယောဂဖြင့် ခြောက်လှန့်မှုများကို နားမယောင်ဘဲ မိမိတို့၏အသက်အန္တရာယ်ကင်းဝေးရေးအတွက် ကာကွယ်ဆေးကို မဖြစ်မနေထိုးနှံသင့်ပါသည်။ မိမိတို့နေထိုင်ရာဒေသ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တစ်ခုလုံး ကာကွယ်ဆေးထိုးနှံပြီးပါက ကိုဗစ်-၁၉ ရောဂါပိုးအတွက် ပူပန်မှုလျော့ပါးပြီး မိမိတို့၏နေ့စဉ်ဆောင်ရွက်ဖွယ်ရာကိစ္စအရပ်ရပ်တို့ကို စိတ်ချလက်ချ သွားလာလုပ်ကိုင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

# ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် လေးမျိုး ထောက်ပံ့ပေးအပ်

**ပန်းတနော် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဗိုလ်မှူး ဇေယျာမြင့်တို့က ပြည်သူ့ဆေးရုံဝန်ထမ်း ၄၇ ဦးအတွက် အခြေခံစားသောက်ကုန် လေးမျိုးကို ယနေ့နံနက်ပိုင်းက ပေးအပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် အခြေခံစားသောက်ကုန်လေးမျိုးဖြစ်သောဆန်ငါးအိတ်၊ ကြက်ဥအလုံး ၃၀၀ ၊ ဆီ ၁၀ ပိဿာ၊ ကြက်သွန်နီနှစ်အိတ် ပါဝင်ကြောင်း သိရသည်။



အဆိုပါလှူဒါန်းမှုကို ပြည်သူ့ဆေးရုံဝန်ထမ်းများကိုယ်စား မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာအေးမင်းသန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင့်ဝေ ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့ နံနက် ၁၀ နာရီက လုပ်ငန်းများပြီးစီးမှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကွင်းဆင်းတိုင်းတာပြီး လုပ်ငန်းအရည်အသွေး ပြည့်မီရေးစစ်ဆေးကြသည်။

စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဌာနမှ ထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၅ သန်းဖြင့် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာတွင် ဆောင်ရွက်လျက်ရှိသော ရွာတွင်းကွန်ကရစ်လမ်း(၇၀၀'x ၁၂'x၇'') ဆောင်ရွက်ပြီးစီးပြီး အိမ်ထောင်စု ၂၈၀အတွက် အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# လဟယ်မြို့နယ်ရှိ ရွှေလောကျေးရွာနှင့် ဟောက်ရပ်ကျေးရွာတို့၌ ရေပေးရေး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**လဟယ် ဇူလိုင် ၂၆**

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ယမ်ကြိမ်အုပ်စု ရွှေလောကျေးရွာနှင့် ဟောက်ရပ်ကျေးရွာတို့တွင်ကျေးလက်ရေပေးဝေရေး လုပ်ငန်း၊ စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နှစ်စဉ် အသုံးစရိတ်များ လျာထားဆောင်ရွက်လျက်ရှိပြီး ရွှေလောကျေးရွာတွင် ရေတာတမံတည်ဆောက်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း (၂/၃.၅)မိုင်နှင့် ဟောက်ရပ်ကျေးရွာတွင် ရေတာတမံတည်ဆောက်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း သုံးမိုင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ရေပေးဝေရေးလုပ်ငန်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများအား ကျေးရွာကော်မတီဖွဲ့စည်း၍ အိမ်ထောင်စု ၃၇၃ ဦး၊ လူဦးရေ ၂၅၁၁ ဦးတို့အတွက် ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်အေးအေးသင်း |

# နိုင်ငံရေးအရ အမြတ်ထုတ်ချင်တဲ့ လုပ်ရပ်တွေ မလုပ်ဖို့လို

**မလိုအပ်တဲ့ ကောလာဟလတွေ ဖြန့်ချီပြီးတော့ ဆောင်ရွက်တာမျိုး မလုပ်ကြဖို့ရယ်၊ ပြည်သူတွေကလည်း ဒါလေးပူးပေါင်းဆောင်ရွက်ပေးဖို့ကိုလည်း ကျွန်တော် ပြောလိုပါတယ်။ အဓိက ကတော့ ဒီအပေါ်မှာ နိုင်ငံရေးအရ အမြတ်ထုတ်ချင်တဲ့ လုပ်ရပ်တွေမလုပ်ဖို့ လိုတယ်ဆိုတာလေးလည်း ကျွန်တော် ပြောလိုပါတယ်။ ဒါက လူမှုရေးကိစ္စပါ။ ကျန်းမာရေးကိစ္စ၊ လူ့အသက်ကိစ္စ၊ ဒါ နိုင်ငံရေးကိစ္စမဟုတ်ဘူး။ ကျန်းမာရေးကိစ္စ။ လူ့အသက်ကိစ္စ။ ဒီအပေါ်မှာ လာပြီးတော့မှ ဒုက္ခရောက်အောင် မလုပ်ဖို့လိုတယ်။ ဒါ လုပ်တယ်ဆိုရင်တော့ တော်တော်ကို မိုက်မဲရာကျတဲ့လုပ်ရပ်ပဲလို့ ကျွန်တော် ပြောလိုတယ်။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၂-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

☆ **ရှေ့ဖုံးမှ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ဆုံးဖြတ်ချက်များကို သွက်လက်မြန်ဆန်စွာချမှတ်ပြီး ကူးစက်ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရေး၊ လိုအပ်သည်မှန်သမျှကို လုပ်ဆောင်ပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၂၅ ရက်အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၁၉၄ သန်းကျော် ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံ၌ ၂၆၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ဇူလိုင်လအတွင်း ရက်အလိုက်ကြည့်မည်ဆိုပါက ကူးစက်ဖြစ်ပွားမှု လျော့ကျလာသည်ဆိုသော်လည်း သွားလာမှုများကို ကန့်သတ်ထိန်းချုပ်ထားနိုင်မှသာလျှင် ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်းနှင့် မလိုအပ်ဘဲ သွားလာမှုများမပြုလုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောက်ရှိလာသည့် ကာကွယ်ဆေးများကို ဦးစားပေးသတ်မှတ်ချက်များအလိုက် အမြန်ဆုံးထိုးနှံပေးနိုင်ရေး ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ရန် ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ဆောင်နေမှုများကို အမြန်ဆုံးအကောင်အထည်ဖော်ပြီး ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**စနစ်တကျဖြစ်စေရေး**

ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် အခြားအိမ်သုံး အခြေခံဆေးပစ္စည်းများ ရောင်းချသည့် အချို့သောဆေးပစ္စည်းဆိုင်များသည် ဈေးနှုန်းတင်ရောင်းချခြင်း၊ သိုလှောင်ပြီး ပစ္စည်းပြတ်လပ်မှုများဖြစ်ပေါ်စေရန် ဆိုင်ပိတ်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တွင် ဆေးပစ္စည်းရောင်းချမှုများနှင့် ပတ်သက်၍ စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်ကြပ်မတ်ပေးရန်လိုကြောင်း၊ အစိုးရအနေဖြင့် လိုအပ်နေသည့် ဆေးပစ္စည်းများကို ပြည်ပမှတစ်ဆင့် တင်သွင်းခွင့်ပြုပေးထားပြီး ဆေးဝါးတင်သွင်းမှုနှင့် ပတ်သက်လာပါက မည်သည့်ကန့်သတ်ချက်မျှပေးထားခြင်းမရှိကြောင်း၊ တိုက်ရိုက်စီမံခန့်ခွဲသူများ၏ ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုများဖြင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးရန် လိုအပ်သောကြောင့် သက်ဆိုင်ရာနယ်မြေအသီးသီးရှိ တာဝန်ရှိသူများအနေဖြင့်လည်း မျက်ခြည်မပြတ်စောင့်ကြည့်၍ အလေးထားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဆေးပစ္စည်းများနှင့် ပတ်သက်လာပါက ပြည်သူ့လက်ဝယ်သို့ မြန်မြန်ဆန်ဆန်ရောက်ရှိရမည်ဖြစ်ကြောင်း၊ ဆေးပစ္စည်းတင်သွင်းမှု ထိရောက်မြန်ဆန်စေရေး One-stop-service များလည်း ပြုလုပ်ပေးထားပြီးဖြစ်သဖြင့် ဆေးပစ္စည်းများနှင့်ပတ်သက်လာပါက တိုင်းဒေသကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနများက အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**စီမံဆောင်ရွက်ပေးရန် လိုအပ်**

ဆေးရုံ၊ ဆေးခန်းများသို့ လာရောက်ပြသသောသူများကို ၎င်းတို့၏ ကျန်းမာရေး အခြေအနေစစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်၍ ဆေးရုံတက်ကုသမှုခံယူရန် လိုအပ်မှု ရှိ၊ မရှိ ဆုံးဖြတ်ကြရပြီး ယင်းသို့ဆုံးဖြတ်ရာတွင် စီမံခန့်ခွဲမှုနည်းလမ်းအရ ကူညီဆောင်ရွက်နိုင်ရေးနှင့် မှန်ကန်မှုရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုသမှုပေးရန်လိုအပ်နေသည့်သူများကို မဖြစ်မနေ ကုသမှုလုပ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးဝန်ထမ်းများသာမက အခြားဌာနဆိုင်ရာများမှလည်း ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရေးတိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီအသီးသီးက သင့်တော်သလို တာဝန်ခွဲဝေဆောင်ရွက်ပေးရန်လိုကြောင်း၊ စီမံခန့်ခွဲမှု ကောင်းမွန်ခြင်းအပေါ်မူတည်၍ လုပ်ငန်းအောင်မြင်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်လိုအပ်ချက်များရှိသည်ဟု ထွက်ပေါ်နေခြင်းနှင့် ပတ်သက်၍ လိုအပ်သည့်နေရာများကို စနစ်တကျ ဖြန့်ခွဲပေးရန် စီမံခန့်ခွဲမှုအပိုင်းအားနည်းခြင်းများရှိနိုင်သဖြင့် အောက်ဆီဂျင်ထုတ်လုပ်မှု၊ မှာယူတင်သွင်းမှု၊ ဖြန့်ခွဲမှုတို့ကို စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံးတွင် အခက်အခဲများရင်ဆိုင်ရလျက်ရှိပြီး ကုန်ထုတ်လုပ်မှုကိစ္စရပ်များနှင့်ပတ်သက်၍ စား၍ကုန်သည့် ပစ္စည်း၊ သုံး၍ကုန်သည့် ပစ္စည်း၊ သောက်၍ကုန်သည့် ပစ္စည်း စသည့် စားသောက်သုံးကုန် ပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကန့်သတ်မှုများ ပြုလုပ်မထားကြောင်း၊ စားရေးသည် အဓိကဖြစ်ပြီး အခက်အခဲမရှိအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ Individual လုပ်ကိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဆက်မပြတ်လုပ်ကိုင်ကြရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့်ပတ်သက်သည့် လိုက်နာရမည့် အသိပေးချက်၊ သတိပေးချက်များကိုလည်း ပြည်သူများ သိရှိစေရန်၊ လိုက်နာစေရန် မကြာခဏ ပြောဆိုသတိပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း။

- ❖ **လက်ရှိမိုးရာသီတွင် တစ်နိုင်ငံလုံး မိုးရွာသွန်းမှုအားကောင်းလျက်ရှိပြီး တစ်ဖက်က စိုက်ပျိုးရေးလုပ်ငန်း အားကောင်းနိုင်သကဲ့သို့ တစ်ဖက်ကလည်း မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများအတွက် ကြိုတင်မြော်တွေး ပြင်ဆင်ထားကြရန်လိုအပ်မည်**
- ❖ **တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ လူမှုအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍လည်း ဆောင်ရွက်ကြရမည်**
- ❖ **သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအတွက် ဝယ်ယူထားရှိသည့် ပစ္စည်းများကို လက်တွေ့ကျကျ အသုံးချကြရန် လိုအပ်မည်**

**ကြိုတင်မြော်တွေး ပြင်ဆင်**

လက်ရှိမိုးရာသီတွင် တစ်နိုင်ငံလုံး မိုးရွာသွန်းမှုအားကောင်းလျက်ရှိပြီး တစ်ဖက်က စိုက်ပျိုးရေးလုပ်ငန်းအားကောင်းနိုင်သကဲ့သို့ တစ်ဖက်ကလည်း မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများအတွက် ကြိုတင်မြော်တွေး ပြင်ဆင်ထားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ လူမှုအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအတွက် ဝယ်ယူထားရှိသည့် ပစ္စည်းများကို လက်တွေ့ကျကျအသုံးချကြရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**မြန်မြန်ဆန်ဆန်ထိုးဖို့လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကာကွယ်ဆေးထိုးနှံရေး၊ စိုးရိမ်ကြောင့်ကြမှုများကို ဖြေလျှော့ရန် စီမံဆောင်ရွက်ပေးနိုင်ရေး၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးစသည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် **"အဓိကကတော့ ဖြစ်ပွားမှုနှုန်းက အရေအတွက်အားဖြင့် လျော့တာပေါ့၊ သို့သော်လည်း ဒါ စိတ်ချရတဲ့အနေအထားမရှိသေးဘူးဆိုတာ ကျွန်တော် ပြောလိုပါတယ်၊ ဒါနံပါတ်(၁)အချက်ပေါ့။ နံပါတ်(၂)အချက်ကတော့ ကာကွယ်ဆေးနဲ့ ပတ်သက်လို့ ထိုးဖို့အတွက်က မြန်မြန်ဆန်ဆန်ထိုးဖို့ လိုပါတယ်။ ဒီဆေးထိုးရေးကို တာဝန်ပေးမယ့်ပုဂ္ဂိုလ်များကိုလည်း သူတို့ဆောင်ရွက်နိုင်အောင် ကူညီပေးဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ ဆေးတွေနဲ့ ပတ်သက်ပြီး စိုးရွံ့ကြောင့်ကြမှုရှိပြီးတော့မှ ဆေးဆိုင်တွေမှာ ထိန်းသိမ်းထားတာတွေ၊ ပိတ်ထားတာတွေ ဒါမျိုးမဖြစ်အောင်လို့လည်း စီမံခန့်ခွဲမှုလမ်းကြောင်းကနေပြီးတော့ သူတို့ကိုလည်း ဆေးဆိုင်တွေ ဖွင့်ရောင်းဖို့ရယ် ထိုက်သင့်တဲ့တန်ဖိုးနဲ့ ရောင်းဖို့ရယ် ဒါတွေကို အသိစိတ်ဓာတ်ရှိရှိလုပ်ပေးဖို့ပဲ ပြောလိုတယ်။ နောက်ဆုံးကတော့ ဒီသဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်လို့ဆိုရင်တော့ သဘာဝဘေးအန္တရာယ်တွေကို ဒါကြိုတင် တွက်ပြီးတော့လည်း လုပ်ပါ။ ဖြစ်မှလုပ်ပါမဟုတ်ဘူး။ ကြိုတင်ပြီးတော့၊ စဉ်းစားပြီးတော့မှ ဒီနေရာတွေ ဒီနေရာတွေတော့ အရင်ဖြစ်ခဲ့ဖူးတဲ့ သာဓကတွေရှိတယ်၊ ဒီနေရာ ဒီနေရာကတော့ ဖြစ်တတ်တဲ့ သာဓကတွေရှိတယ်၊ ဒါကြောင့် စီမံခန့်ခွဲရေးနည်းလမ်းနဲ့ ကြိုတင်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင်တော့ ဖြစ်ပွားမယ်အချိန်မှာ ကျွန်တော်တို့ ခံရမယ့်ဒဏ်ကတော့ လျော့သွားတာပေါ့။ ဒါကြီးက ကျွန်တော်တို့တားလို့ဆီးလို့လည်း ရတာမဟုတ်ပါဘူး။ တားလို့ဆီးလို့ မရတာကြောင့် ဖြစ်ပွားမယ့်ဟာကတော့ အပျက်အစီး ပိုနည်းသွားမယ့် သဘောရှိတယ်။ ဒါကိုလည်း ကြိုတင်စဉ်းစားပြီးဆောင်ရွက်သွားကြပါလို့ ကျွန်တော် အဖွင့်အနေနဲ့ ပြောလိုပါတယ်"** ဟု ပြောသည်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေများနှင့် မြန်မာနိုင်ငံအတွင်း ကူးစက်ပြန့်ပွားမှုအခြေအနေ၊ Test Center များ တိုးချဲ့ဖွင့်လှစ်၍ ယနေ့မှစတင်ကာ လူစုလူဝေးဖြစ်ပွားမှုမရှိစေရေး စနစ်တကျကြပ်မတ်၍ စစ်ဆေးဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ထွက်ပေါ်လာသည့် စစ်ဆေးချက်အဖြေများအပေါ် မူတည်၍ သက်ဆိုင်ရာ Center အသီးသီးသို့ လူနာတင်ယာဉ်များနှင့် ပို့ဆောင်နိုင်ရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေ၊ စစ်ဆေးမှုများ ပိုမိုပြုလုပ်နိုင်ခြင်းကြောင့် အတည်ပြုလူနာများ ပိုမိုများပြားလာနိုင်ပြီး ၎င်းတို့အားထားရှိရန်အတွက် Center များ တိုးချဲ့တည်ဆောက်ခြင်း၊ အောက်ဆီဂျင် လိုအပ်ချက်ဖြစ်ပေါ်မှုမရှိစေရေးအတွက် ဆောက်ရွက်လျက်ရှိသည့် အခြေအနေ၊ ရောက်ရှိလာသည့်ကာကွယ်ဆေးများကို ယနေ့တွင် စတင်ထိုးနှံပေးနေမှု အခြေအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်၊ ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ပို့ဆောင်နိုင်ရေးဆောင်ရွက်ထားရှိသည့်အခြေအနေ၊ ကာကွယ်ဆေးထိုးနှံရေးအတွက် နယ်ပယ် ၁၂ ခု သတ်မှတ်ထားပြီး နယ်ပယ်များအလိုက် ဦးစားပေးထိုးနှံနိုင်ရေး ဆောင်ရွက်ထားရှိသည့်အခြေအနေ၊ ကာကွယ်ဆေးထိုးနှံရန်အတွက် SOP များ ရေးဆွဲ၍ စနစ်တကျထိုးနှံရေး၊ မှတ်တမ်းတင်ရေး ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးဝါးများ၊ အောက်ဆီဂျင်များနှင့် အထောက်အကူပြုဆေးပစ္စည်းများကို အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ဆက်လက်၍ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းမှတစ်ဆင့် ထပ်မံဝင်ရောက်လာမည့်အခြေအနေ၊ အများပြည်သူ ရုံးပိတ်ရက်ကာလအတွင်း ဘဏ်များဖွင့်လှစ်၍ ပင်စင်လစာနှင့် လစာငွေများ လွယ်ကူချောမွေ့စွာထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးနေသည့်အခြေအနေ၊ ယနေ့မှစ၍ Stock Exchange ရောင်းချမှုအား Online မှတစ်ဆင့် ဆောင်ရွက်နေသည့် အခြေအနေ၊ ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သတင်းများထုတ်လွှင့်မှု၊ အသိပညာပေးအစီအစဉ်များကို တိုင်းရင်းသားဘာသာများဖြင့်ပါ ကျယ်ပြန့်စွာ ဆောင်ရွက်နေမှုအခြေအနေ၊ ဆိပ်ကမ်းအသီးသီးတွင် ထုတ်ယူရန်ကျန်ရှိသည့် ဆေးဝါးများနှင့်ပတ်သက်၍ အမြန်ဆုံးလာရောက် ထုတ်ယူ၍ ပြည်သူလူထုအတွင်းသို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

### အချိန်မီထိုးနှံပေးရန်လိုအပ်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူနေထူထပ်သည့် ဒေသနှင့် မြို့နယ်များကိုလည်း အလေးထား၍ ဂရုပြုစောင့်ကြည့်သွားရန်လိုအပ်ကြောင်း၊ အောက်ဆီဂျင်လိုအပ်ချက်ဖြစ်ပေါ်လာမှုမရှိစေရေးအတွက် မျက်ခြည်မပြတ်စောင့်ကြည့်၍ လျင်မြန်စွာဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ဌာနများအလိုက် ချိတ်ဆက်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ အောက်ဆီဂျင်ရနိုင်သည့် အရင်းအမြစ်နေရာများမှ နီးစပ်သည့်ဒေသ အသီးသီးသို့ လျင်မြန်စွာပို့ဆောင်ပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ ကာကွယ်ဆေးများထိုးနှံရာတွင် လိုအပ်လျက်ရှိသည့် တပ်ဘက်၊ အရပ်ဘက် ကျန်းမာရေးဆိုင်ရာဝန်ထမ်းများအား ချိတ်ဆက်၍ ဖြည့်ဆည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ထားသည့် နယ်ပယ်အလိုက် ဦးစားပေးအဆင့်အတိုင်း အချိန်မီထိုးနှံပေးရန်လိုအပ်ကြောင်း၊ အိန္ဒိယနိုင်ငံမှ မှာယူထားသည့် ကာကွယ်ဆေးများကို လျင်မြန်စွာရရှိရေး ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ပြီး အခြားပြည်ပနိုင်ငံများမှ မှာယူမှုများကိုလည်း စဉ်ဆက်မပြတ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများအား ဖြန့်ခွဲ၍ တာဝန်ပေးအပ်သွားရန်နှင့် စနစ်တကျစာရင်းပြုစုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆိပ်ကမ်းများနှင့် လေဆိပ်များသို့ ရောက်ရှိနေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆေးပစ္စည်းနှင့် အခြားအခြေခံအိမ်သုံးဆေးဝါးများအား အမြန်ဆုံးထုတ်ယူစေ၍ ပြည်သူလူထု လက်ဝယ်သို့ သင့်လျော်သည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုများကို လျှော့ချပေးနိုင်ရေးအတွက် Center များကို အဆင့်မြှင့်တင်ကုသနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများ၏ စားသောက်နေထိုင်ရေး လိုအပ်သည့် ကိစ္စရပ်များကိုလည်း ကောင်စီများအလိုက်ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လက်ရှိကာလအတွင်း အောက်ဆီဂျင်လိုအပ်မှုကို အဆက်မပြတ် ဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး တာဝန်ရှိသူများက မျက်ခြည်မပြတ်စောင့်ကြည့်၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

> ❖ လွန်ခဲ့သည့် ရက်ပိုင်းအတွင်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ရောက်ရှိနေသည့် မိမိတို့မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိရန်ရှိသည်ဟု သတင်းများရရှိခဲ့
>
> ❖ ပြည်ပသို့ရောက်ရှိပြီး အခက်အခဲများ ဖြစ်ပေါ်နေသည့် မိမိတို့နိုင်ငံသားများအား မည်သို့ပင် အခက်အခဲရှိသည်ဖြစ်စေ ပြန်လည်ရောက်ရှိအောင် ခေါ်ဆောင်ပေးရမည်
>
> ❖ လေကြောင်း၊ ရေကြောင်း၊ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လက်ခံနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရမည်

> ❖ ကာကွယ်ဆေးများထိုးနှံရာတွင် လိုအပ်လျက်ရှိသည့် တပ်ဘက်၊ အရပ်ဘက် ကျန်းမာရေးဆိုင်ရာဝန်ထမ်းများအား ချိတ်ဆက်၍ ဖြည့်ဆည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ထားသည့် နယ်ပယ်အလိုက် ဦးစားပေးအဆင့်အတိုင်း အချိန်မီထိုးနှံပေးရန်လိုအပ်
>
> ❖ အိန္ဒိယနိုင်ငံမှ မှာယူထားသည့် ကာကွယ်ဆေးများကို လျင်မြန်စွာရရှိရေး ချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်ပြီး အခြားပြည်ပနိုင်ငံများမှ မှာယူမှုများကိုလည်း စဉ်ဆက်မပြတ်အောင် ဆောင်ရွက်ကြရမည်
>
> ❖ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများအား ဖြန့်ခွဲ၍ တာဝန်ပေးအပ်သွားရန်နှင့် စနစ်တကျစာရင်းပြုစုဆောင်ရွက်ရန်လိုအပ်

### တိုးမြှင့်ဆောင်ရွက်နိုင်ရေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရောဂါကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ဖြည့်စွက်ပြောကြားရာတွင် **"အထူးသဖြင့် ကျွန်တော်ပြောချင်တာက ရန်ကုန်တိုင်းပါပဲ၊ ရန်ကုန်တိုင်းက အခု သေဆုံးမှုကလည်း အများဆုံးဖြစ်ပါတယ်။ လူဦးရေလည်း အများဆုံးဖြစ်တယ်၊ သိပ်သည်းမှုလည်းများတယ်၊ ဒါမနေ့ကအထိ ကျွန်တော်တို့စာရင်းရထားတာ၊ ဒါအများဆုံး။ ဒုတိယကတော့ မန္တလေးတိုင်း အများဆုံးဖြစ်တယ်။ သို့သော် ဒီလိုပြောလို့ စိတ်ပူစရာတော့မဟုတ်ပါဘူး၊ စိတ်ပူဖို့ပြောတာလည်း မဟုတ်ဘူး၊ သို့သော် နည်းနည်းပိုဂရုစိုက်ဖို့လိုတယ်။ အဲဒီတော့ အောက်ဆီဂျင်လိုလို့ရှိရင်လည်း အောက်ဆီဂျင်ကို Density များတဲ့အတွက်ကြောင့် သူက များများပေးဖို့လိုတယ် ဖြည့်ဆည်းပေးဖို့လိုတာပေါ့နော်။ အဲဒီတော့ ဆေးရုံတွေဆို လူကျပ်တယ်လို့ ပြောတာပေါ့၊ ဥပမာ-ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ဆေးရုံကြီး ဒါလူတွေကျပ်တယ်လို့ ပြောတယ်။ အဲဒီတော့ ကျွန်တော်တို့က ဆေးရုံမှာ လက်မခံနိုင်ဘူးဆိုရင် ဆေးရုံကဲ့သို့ လုပ်နိုင်တဲ့နေရာမျိုးရအောင် ဖန်တီးပေးဖို့ ကြားမှာယာယီဖန်တီးပေးရမယ်၊ ကျွန်တော်တို့ Quarantine စင်တာတွေလုပ်ပေးထားတာတွေရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စင်တာဖွင့်ရုံနဲ့မရဘူး ကျန်းမာရေးဆိုင်ရာဝန်ထမ်းတွေထားရမယ့်ဟာတွေရှိတယ်။ Quarantine စင်တာရယ်၊ နောက်တစ်ခါ Positive လူနာတွေထားမယ့်နေရာရယ်၊ ကုသရေးစင်တာထားမယ့်နေရာ၊ ကုသရေးစင်တာကတော့ ဒါမဖြစ်မနေ ဆရာဝန်တွေထားရမှာပေါ့။ အမြင့်ဆုံးကတော့ ကုသရေးစင်တာပဲ အဓိက Density များတဲ့ ရန်ကုန်တိုင်းလို မန္တလေးတိုင်းလိုဟာမျိုးမှာ ဒီကုသရေးနဲ့ပတ်သက်ပြီးတော့ စင်တာနဲ့ပတ်သက်ပြီးတော့ ဒီထက်တိုးချဲ့လို့ရမယ်ဆိုရင် တိုးချဲ့မယ်။ တစ်ဖက်ကလည်း လူထပ်ပေးဖို့လိုလို့ရှိရင် ထပ်ပြီးမှုရမယ့် သဘောရှိတယ်၊ အဲဒါကို Realtime လုပ်ပါ။ ဟိုတင်ပြ ဒီတင်ပြတာတွေက ကြာပါတယ်။ ချက်ချင်းဆုံးဖြတ်ပြီး ချက်ချင်းအရေးယူ ဆောင်ရွက်တာကောင်းပါတယ်၊ အဲဒါလေးလုပ်ပေးပါလို့ ကျွန်တော်ကတော့ အကြံပြုလိုပါတယ်"** ဟု ပြောကြားသည်။

### နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရောဂါကာကွယ်ကုသထိန်းချုပ်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ လွန်ခဲ့သည့် ရက်ပိုင်းအတွင်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ရောက်ရှိနေသည့် မိမိတို့မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိရန်ရှိသည်ဟု သတင်းများရရှိခဲ့ကြောင်း၊ ပြည်ပသို့ရောက်ရှိပြီး အခက်အခဲများဖြစ်ပေါ်နေသည့် မိမိတို့နိုင်ငံသားများအား မည်သို့ပင် အခက်အခဲရှိသည်ဖြစ်စေ ပြန်လည်ရောက်ရှိအောင် ခေါ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လေကြောင်း၊ ရေကြောင်း၊ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လက်ခံနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

### ထုတ်လုပ်ပေးနိုင်ရမည်

ဆေးဝါးတင်သွင်းနေရမှုများနှင့် ပတ်သက်၍ ပြည်တွင်း၌ လိုအပ်သည့် အခြေခံအိမ်သုံးဆေးဝါးများကို မိမိတို့ ပြည်တွင်း၌ပင် ထုတ်လုပ်သုံးစွဲနိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးတွင် အများသုံးဆေးဝါးများကို ပြည်ပမှတင်သွင်းနေရမှုများကို သင်ခန်းစာယူ၍ မိမိတို့နိုင်ငံရှိ စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများတွင် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုများကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်ပြီး စွမ်းရည်မြင့်သည့် ဆေးဝါးများကို ထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

စားသောက်ကုန်နှင့်ပတ်သက်ပြီး ကုန်ဈေးနှုန်းတက်ခြင်းများကို တစ်ကမ္ဘာလုံးတွင် တွေ့ကြုံရလျက်ရှိသည်မှာ သဘာဝပင်ဖြစ်သော်လည်း သဘာဝမကျသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်လာ၍ မရကြောင်း၊ Supply နှင့် Demand မမျှပါက ကုန်ဈေးနှုန်းတက်မည်ဖြစ်ပြီး ကုန်ကြမ်းများ ဈေးမတက်စေရေး၊ သယ်ယူပို့ဆောင်ရေးစရိတ်များ မကြီးမြင့်စေရေး လုပ်ဆောင်ပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ အစာဈေးနှုန်းကြီးမြင့်မှု မရှိအောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

### ခွင့်ပြုပေးထား

သွားလာမှုနှင့်ပတ်သက်၍ ကန့်သတ်ချက်များလုပ်ဆောင်ထားသည်ဖြစ်သော်လည်း မဖြစ်မနေသွားလာရန်လိုအပ်သည်များကို ခွင့်ပြုပေးထားကြောင်း၊ တစ်မြို့နှင့်တစ်မြို့ ကုန်စည်စီးဆင်းမှု၊ ကူးသန်းသွားလာမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများ မပြတ်တောက်အောင် လုပ်ဆောင်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်နေကြသည်ဖြစ်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် ပတ်သက်၍ လုပ်ဆောင်နိုင်သည်မှန်သမျှကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များ ဖော်ထုတ်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များ ဖော်ထုတ်ဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက Online ဖြင့် ကျင်းပသည်။



အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြေပြင်တွင်လက်တွေ့ဆောင်ရွက်ပေးလျက်ရှိသည့် စေတနာ့ဝန်ထမ်း၊ ပရဟိတအဖွဲ့အစည်း ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များ Virtual ဖြင့် တက်ရောက်ခဲ့ကြသည်။

**ပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် လူဦးရေထူထပ်များပြားပြီး သွားလာရေးခက်ခဲမှုများရှိပါကြောင်း၊ ပရဟိတအဖွဲ့များအနေဖြင့် မိမိတို့အသက်အန္တရာယ်ကိုရင်းပြီး ပြည်သူလူထုကျန်းမာရေးကို ကူညီစောင့်ရှောက်နေကြ သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဓိကအားဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များအတွင်း မည်သို့လုပ်ဆောင်နေပြီး မည်သည့်အခက်အခဲများ ကြုံတွေ့နေကြရသည်ကို မိမိတို့အနေဖြင့် သိရှိမှတ်တမ်းတင်ပြီး သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြ၍ အမြန်ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားလိုသည့်အတွက် ပရဟိတအဖွဲ့များ၏ လက်ရှိဆောင်ရွက်နေမှု မြေပြင်အခြေအနေများကို သိရှိလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက ပရဟိတအဖွဲ့များသည် ပြည်သူလူထုနှင့် ထိတွေ့နေသူများဖြစ်သဖြင့် မကြာမီဆောင်ရွက်မည့် ကာကွယ်ဆေးထိုးခြင်း အစီအစဉ်များတွင်လည်း ပြည်သူလူထုမှ ပါဝင်ထိုးနှံနိုင်ရေး စည်းရုံးပေးစေလိုပါကြောင်း၊ ယုံယုံကြည်ကြည်ဖြင့် ထိုးနှံကြပါရန်နှင့် ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်ဆိုသကဲ့သို့ မိမိတို့အားလုံး မတူကွဲပြားမှုများကိုခံစား၊ အလေးမထားဘဲ ကပ်ရောဂါကို အတူပူးပေါင်းကာကွယ်တုံ့ပြန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ယင်းသို့ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် ကွန်ရက်ချိတ်ဆက် ဖွဲ့စည်းဆောင်ရွက်စေလိုပါကြောင်း၊ ပရဟိတကိုယ်စားလှယ်များမှ တင်ပြသည်များကို မိမိတို့ သေချာမှတ်သားကာ အထက်သို့တင်ပြပြီး ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပရဟိတအဖွဲ့များအလိုက် ဆွေးနွေးတင်ပြကြရာတွင် စေတနာ့ဝန်ထမ်းများ လိုအပ်မှု၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများလိုအပ်မှု၊ စေတနာ့ဝန်ထမ်း စိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ရေး၊ Quarantine Center များတွင် တာဝန်ထမ်းဆောင်သည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် နားနေရန်နေရာအခက်အခဲရှိမှု၊ ရုံးခန်းနေရာ ကွပ်ကဲရေးစင်တာ လိုအပ်မှု၊ PPE ဝတ်စုံများ၊ အစားအသောက်နှင့် စက်သုံးဆီလိုအပ်မှုများ၊ လူနာတင်ယာဉ်များ သွားလာရေး၊ သယ်ယူရေးဆိုင်ရာကိစ္စများ၊ လူနာတင်ယာဉ်များတွင် အောက်ဆီဂျင်အိုးလိုအပ်မှုနှင့် ၊ Positive Center ကြီးများတွင် အောက်ဆီဂျင်အရည်ကားများ ထားရှိပေးနိုင်ရေး၊ ဆရာဝန်နှင့် သူနာပြုများလိုအပ်မှု၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ပရဟိတအဖွဲ့များနှင့်တာဝန်ရှိသူများအကြား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ Network ဖွဲ့စည်းဆောင်ရွက်သွားစေလိုမှုနှင့် မြေပြင်တွင် အဖွဲ့အလိုက် ဆောင်ရွက်လျက်ရှိရာတွင် ကြုံတွေ့နေရသည့် အခြေအနေများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

**ပူးပေါင်းဆောင်ရွက်သွားစေလို**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဇူလိုင် ၂ ရက်နှင့် ၂၁ ရက်တို့တွင် ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် ဆွေးနွေးခဲ့မှုများအရ ယခုတင်ပြမှုအချက်များမှာ များစွာတူညီနေသည်ကို တွေ့ရှိရပါကြောင်း၊ လိုအပ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကော်မတီများသို့ တင်ပြလမ်းညွှန်မှုခံယူပြီး ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အဆင့်အနေဖြင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဦးဆောင်ပြီး ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌက ဦးဆောင်ပါကြောင်း၊ ယခုတင်ပြချက်များအနက် ကုသရေးဆိုင်ရာ အပိုင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက Focal အဖြစ် ဆောင်ရွက်လျက်ရှိပြီး စေတနာ့ဝန်ထမ်း ပရဟိတများ၏အသံနားထောင်ကာ လိုအပ်ချက်များ တင်ပြ ဖြည့်ဆည်းပေါင်းစပ်ပေးရေးကို မိမိတို့လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေပြင်အခြေအနေလုံခြုံရေး၊ လိုအပ်သောခွင့်ပြုချက်များ၊ ရိက္ခာ၊ PPE ကျန်းမာရေးကာကွယ်ပစ္စည်းများ၊ စက်သုံးဆီ၊ စိစစ်ရေးကတ်များနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပရဟိတမောင်နှမများအနေဖြင့် မိမိတို့သက်ဆိုင်ရာဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် –၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇူလိုင် ၂၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၈၀ ခုမှ အိမ်သုံးအောက်ဆီဂျင်စက် ၃၁၈၂ ခု၊ Oximeter ၂၃၅၅၇၊ Oxygen Regulator ၁၀၃၂ ခု၊ Thermometer အခု ၁၀၂၀ ၊ Test Kit ၅၀၀၀၊ Remdesivir for Injection 100 MG ၁၀၃၂ ခု၊ Favipiravir Tablets အခု ၆၀၀၀၊ Flow Meter အခု ၅၀ ၊ PPE အစုံ ၅၂၄၀ ၊ Oxygen Mask အခု ၅၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ် –၁၉ ရောဂါ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ငါးမျိုး ၅၂၂၇၈ ဒသမ ၂၉ ကီလိုဂရမ်၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ ကော့သောင်း၊ မြဝတီ၊ တာချီလိတ်)၌ ကုမ္ပဏီ အခု ၃၁ မှ Disposable Surgical Mask ၁၇၈၃၈ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည်/ဓာတ်ငွေ့ ၁၅၄၀၀ ဒသမ ၈၈ ကုဗမီတာ၊ Oxygen Cylinder အခု ၂၃၁၆ ၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၀၂၁ ခု၊ Flow Meter အခု ၁၅၆၀၊ Oxygen Regulator ၈၀၃ ခု၊ Oximeter အခု ၃၁၀၊ PPE အစုံ ၄၀၀၀ တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဗ္ဗသီရိမြို့နယ် ခုတင်(၃၀၀) ပြည်သူ့ဆေးရုံအတွင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှု နေပြည်တော်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ် ခုတင်(၃၀၀) ပြည်သူ့ဆေးရုံ အတွင်းရှိ အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ နေပြည်တော်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် တာဝန်ရှိသူများ၊ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပုဗ္ဗသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ခုတင် (၃၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးနှင့် ဆောက်လုပ်ရေးအထူးအဖွဲ့(၄)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိသက်မွန်တို့က အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

**ရာခိုင်နှုန်းပြီးစီး**

အဆိုပါ အောက်ဆီဂျင်စက်ရုံကို ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ယူထားသည့် အဆောက်အအုံပိုင်းဆိုင်ရာလုပ်ငန်းများမှာ ၈၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ၃ ရက်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူထားသည့် စက်ပစ္စည်း တပ်ဆင်ရေးအပိုင်းကို ဇူလိုင် ၂၈ ရက်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဩဂုတ်လပထမပတ်အတွင်း အောက်ဆီဂျင်ထုတ်ယူရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ စက်ရုံတည်ဆောက်ပြီးစီးပါက တစ်နေ့လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုး ၁၄၄၀ ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# နိုင်ငံကြီးများ အစဉ်အဆက်ကိုင်စွဲခဲ့သော အကြမ်းဖက်မှုတိုက်ဖျက်ရေးပေါ်လစီ ဘာလဲ၊ ဘယ်လဲ

ပြည်ထောင်စုသားတစ်ဦး

**"နောင်အနာဂတ်မှာ အကြမ်းဖက်မှုတွေ လျော့ပါးဖို့၊ ဒါမှမဟုတ် ရပ်တန့်အောင်လုပ်ဖို့ အနောက်နိုင်ငံ မဟာမိတ်တွေနဲ့ ကျူပ်တို့လုပ်ခဲ့တာကတော့ အကြမ်းဖက်မှု၊ လေယာဉ်အပိုင်စီးမှုနဲ့ လေယာဉ်အပိုင်စီးသမားတွေကို ခိုလှုံခွင့်ပေးမှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ ဘယ်နိုင်ငံကိုမဆို လေကြောင်းပျံသန်းမှုအားလုံး၊ ကုန်းသွယ်လေကြောင်း ပျံသန်းမှုအားလုံးကို ရပ်ဆိုင်းပစ်ဖို့ပဲ"**

အမေရိကန်ပြည်ထောင်စုရဲ့ (၃၉) ဦးမြောက် သမ္မတ ဂျင်မီကာတာက သူ့ခေတ်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ကာတာအစိုးရကိုင်စွဲထားတဲ့ ပေါ်လစီနဲ့ပတ်သက်ပြီး မြွက်ကြားခဲ့တဲ့ မိန့်ခွန်းဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ (၄၀) ဦးမြောက် သမ္မတ ရော်နယ်ရီဂင်ကတော့ **"ကမ္ဘာနဲ့အဝန်း အကြမ်းဖက်မှုအတွက် နေရာမရှိတော့ဘူးဆိုတာကို ကမ္ဘာပေါ်က ယဉ်ကျေးတဲ့နိုင်ငံအားလုံးက ပြတ်ပြတ်သားသား ပြသချိန်ရောက်နေပြီ။ ဘယ်လို အကြမ်းဖက်မှုမျိုးနဲ့မဆို စေ့စပ်ဆွေးနွေးမှာမဟုတ်ဘူးဆိုတဲ့ အချက်ကိုပြရပါမယ်"**လို့ ဆိုပါတယ်။

**အပြောနဲ့အပြော ဆိုခဲ့မြဲစေ**

ရီဂင်ကြီးဟာ အပြောနဲ့အပြော ညီပါပေတယ်။ ဆိုခဲ့မြဲစေ သူပြောခဲ့တဲ့အတိုင်းပါပဲ။ ၁၉၈၅ ခုနှစ်မှာ အချီလေ်ရီ ဇိမ်ခံသင်္ဘောကြီးကို ပါလက်စတိုင်း အကြမ်းဖက်သမားတွေက ပြန်ပေးဆွဲခဲ့ပြီး သင်္ဘောပေါ်ပါ အသက် ၈၀ ကျော်အရွယ်ရှိ မသန်မစွမ်း အမေရိကန်နိုင်ငံသား ခရီးသည်တစ်ဦးကို အကြမ်းဖက်သမားတွေက သေနတ်နဲ့ပစ်သတ်ပြပြီး တောင်းဆိုချက်တွေ တောင်းဆိုခဲ့တယ်။

အီဂျစ်နိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးမှုကြောင့် အကြမ်းဖက်သမားတွေက ခရီးစာခံတွေကို ပြန်လွှတ်ပေးခဲ့ပြီး သူတို့လည်း အီဂျစ်ခရီးသည်လေယာဉ်တစ်စင်းနဲ့ လွတ်မြောက်နယ်မြေကို ပြန်လည်ထွက်ခွာသွားကြတယ်။

သို့ပေမယ့် သူတို့လာမယ့် ဝေဟင်ထဲမှာ ရီဂင်ကြီး စေလွှတ်လိုက်တဲ့ လေယာဉ်တင်သင်္ဘောပေါ်က F-14 တွန်ကက်တွေ လေထဲမှာ စောင့်ဆိုင်းနေကြတာကို အကြမ်းဖက်သမားတွေ မသိကြဘူး။ သိလိုက်တဲ့အချိန်မှာတော့ အီတလီနိုင်ငံ စစ္စလီကျွန်းရှိ နေတိုး အခြေစိုက်စစ်စခန်းကို သူတို့ သက်ဆင်းမိလျက်သား ဖြစ်နေပြီ။

သို့ဆိုငြား အကြမ်းဖက်သမားတွေအတွက် ကံကောင်းဖို့ဖြစ်သွားတယ်။ နိုင်ငံတကာဥပဒေအရ အီတလီနယ်မြေထဲမှာဖြစ်လို့ အီတလီနိုင်ငံရဲ့ တရားစီရင်ရေးထဲမှာပဲ အကျုံးဝင်တဲ့အတွက် အကြမ်းဖက်သမား တရားခံတွေကို အီတလီနိုင်ငံထံ လွှဲပြောင်းပေးလိုက်ရတယ်။

အီတလီကလည်း ဒီအကြမ်းဖက်သမားတွေကို ထိန်းသိမ်းမထားရဲဘူး။ ဘာကြောင့်ဆိုရရင် ပါလက်စတိုင်းအကြမ်းဖက်အဖွဲ့က သူ့လူတွေကို လွှတ်ပေးဖို့ အီတလီမြေမှာ အကြမ်းဖက်မှုတွေ ဆက်တိုက်လာရောက်ကျူးလွန်ပြီး တောင်းဆိုမှာ ကြောက်လို့ပါပဲ။

သို့ကလိုကြောင့် အီတလီအစိုးရက အကြမ်းဖက်သမားတွေကို နောင်အီတလီနိုင်ငံမှာ အကြမ်းဖက်မှုတွေ ထပ်မံလာရောက်မလုပ်ဖို့ အပေးအယူလုပ် တောင်းဆိုပြီး ပြန်လွှတ်ပေးလိုက်တယ်။ ဒီကိစ္စကြောင့် ထိုစဉ်က အမေရိကန်နဲ့ အီတလီ နှစ်နိုင်ငံ သံတမန်ရေးရာ အငြင်းပွားမှုတွေ အကြီးအကျယ်ဖြစ်ခဲ့ရတယ်။

အကြမ်းဖက်သမားတွေအပေါ် ရီဂင်ကြီးရဲ့ လက်သံပြောင်မှုကို ၁၉၈၆ ခုနှစ်မှာ တစ်ခါတွေ့ရပြန်တယ်။ အမေရိကန်စစ်သားတွေ အများအပြားသွားရောက်လေ့ရှိတဲ့ ဂျာမနီနိုင်ငံ ဘာလင်မြို့က နိုက်ကလပ်တစ်ခုမှာ ဗုံးပေါက်ကွဲမှုဖြစ်ပြီး အမေရိကန်စစ်ဘက်ဝန်ထမ်းနှစ်ယောက်နဲ့ ဂျာမန်အရပ်သားလေးယောက်သေဆုံးကာ လူနှစ်ရာကျော် ဒဏ်ရာရခဲ့ကြတယ်။ တယ်လီဖုန်းလိုင်းတွေကို ကြားဖြတ်ဖမ်းယူ နားထောင်ခဲ့မှုအရ လက်သည်တရားခံက ဂျာမနီရှိ လစ်ဗျားသံရုံးက အမိန့်ပေးစေခိုင်းခဲ့ကြောင်း သိလိုက်ရတယ်။ သို့ကြောင့်မို့ ရီဂင်ကြီး အမိန့်နဲ့ အမေရိကန်တိုက်လေယာဉ်နဲ့ ဗုံးကြဲလေယာဉ်တပ်ဖွဲ့ဟာ ဗြိတိန်နိုင်ငံ လေပိုင်နက်ကို ခွင့်တောင်းပြီး လစ်ဗျားနိုင်ငံအထိ ခရီးဝေးပျံသန်းကာ သမ္မတ ကဒါဖီဌာနချုပ်၊ နေအိမ်နဲ့ ပစ်မှတ်အချို့ကို ညအချိန် ဗုံးဝင်ကြဲပစ်ခဲ့တယ်။ ကဒါဖီကတော့ ကံကောင်းထောက်မစွာ လွတ်သွားပေမယ့် သူ့ရဲ့ လူမမည် မွေးစားသမီးလေးကတော့ ဗုံးဒဏ်ကြောင့် သေဆုံးခဲ့ရတယ်။

> **သို့သော်ငြား ပစ္စက္ခမှာတော့ အမေရိကန်နဲ့ အနောက်နိုင်ငံကြီးများဟာ အမျိုးသားညွန့်ပေါင်းအစိုးရ(NUG)လို့ဆိုတဲ့ အကြမ်းဖက်ဝါဒီများရဲ့ ဒီမိုကရေစီအရေး အကြောင်းပြပြီး မြန်မာ့မြေပေါ်မှာ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရန် မြောက်ပင့်သွေးထိုး လှုံ့ဆော်ပေးနေမှုများကို လျစ်လျူရှုဥပေက္ခာပြုလျက်ရှိ**

**အိမ်ဦးခန်းအထိ ရောက်လာခဲ့**

အမေရိကန်ပြည်ထောင်စုရဲ့ (၄၃) ဦးမြောက် သမ္မတ ဂျော့ဒဗလျူဘုရှ် လက်ထက်မှာတော့ အကြမ်းဖက် ရန်စွယ်အန္တရာယ်ဟာ အမေရိကားရဲ့ အိမ်ဦးခန်းအထိ ရောက်လာခဲ့တယ်။

၉/၁၁။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှာ အကြမ်းဖက်သမားတွေ ပြန်ပေးဆွဲခဲ့တဲ့ ခရီးသည်လေယာဉ်နှစ်စင်းဟာ နယူးယောက်မြို့ရှိ အထင်ကရ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ မျှော်စင်ညီနောင်ကို မြေပေါ်ပြားပြားဝပ် ပြိုကျပေါက်ကွဲအောင် ဝင်တိုက်ခဲ့တယ်။ အခြားပြန်ပေးဆွဲခံရတဲ့ တတိယမြောက်လေယာဉ်တစ်စင်းကတော့ ပင်တဂွန်စစ်ဌာနချုပ်ကို ဝင်တိုက်လိုက်တယ်။ စတုတ္ထမြောက် ပြန်ပေးဆွဲခံလိုက်ရတဲ့ ခရီးသည်လေယာဉ်ကတော့ လေယာဉ်ပေါ်ပါ ခရီးသည်များရဲ့ ပြန်လှန်တိုက်ခိုက်မှုကြောင့် ပင်ဆဲလ်ဗေးနီးယားပြည်နယ်က လယ်ကွင်းထဲကို လမ်းခုလတ်မှာပဲ ပျက်ကျသွားခဲ့တယ်။ စုံစမ်းရေးကော်မရှင်ကတော့ ပျက်ကျသွားတဲ့ လေယာဉ်ဟာ လွှတ်တော်အဆောက်အအုံ ဒါမှမဟုတ် အိမ်ဖြူတော်ကို တိုက်ခိုက်ဖို့ ရည်မှန်းထားတာဖြစ်တယ်လို့ဆိုပါတယ်။

လက်သည်တရားခံ အကြမ်းဖက်အဖွဲ့အစည်းကတော့ ၉/၁၁ မတိုင်မီ ၁၉၉၈ ခုနှစ်က လူ ၂၀၀ ကျော် သေဆုံးပြီး လူ ၅၀၀၀ ကျော် ဒဏ်ရာရခဲ့တဲ့ အာဖရိကတိုက်ရှိ တန်ဇန်းနီးယားနဲ့ ကင်ညာနိုင်ငံမှ အမေရိကန်သံရုံးနှစ်ခုနဲ့ ၂၀၀၀ ပြည့်နှစ်က အမေရိကန်စစ်သည် ၁၇ ဦးကျဆုံးခဲ့ရတဲ့ အမေရိကန်စစ်သင်္ဘော USS Cole ကို ဗုံးခွဲတိုက်ခိုက်ခဲ့တဲ့ အိုစမာဘင်လာဒင်ရဲ့ အယ်လ်ကေဒါ အကြမ်းဖက်အဖွဲ့ပဲဖြစ်ပါတယ်။

သို့ကလို တိုက်ခိုက်ခဲ့မှုအပေါ် သမ္မတ ဘုရှ်က ဘယ်လိုသဘောထားခဲ့ပါသလဲ။ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ တိုက်ခိုက်ခံရတဲ့အချိန်မှာ သမ္မတ ဘုရှ်ဟာ ဖလော်ရီဒါ က မူလတန်းကျောင်းကို ရောက်နေပါတယ်။ သတင်းကြားကြားချင်း သမ္မတ ဘုရှ်က ကျောင်းအပြင်ဘက်မှာ စုဝေးနေတဲ့ ကျောင်းသားမိဘတွေကို **"အမေရိကန်အနေနဲ့ ခက်ခဲတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ဒါပေမယ့် အကြမ်းဖက်သမားတွေဟာ အမေရိကန်နိုင်ငံကို ဘယ်တော့မှ အနိုင်ယူနိုင်မှာမဟုတ်ဘူး"**လို့ ပြောခဲ့တယ်။

တစ်ဆက်တည်းမှာပဲ အပြန်လမ်းမှာ တတိယမြောက်လေယာဉ်တစ်စင်းက ပင်တဂွန်စစ်ဌာနချုပ်ကို ဝင်တိုက်ပြန်ပြီဆိုတဲ့ သတင်းကိုထပ်ကြားလိုက်ရတဲ့အခါမှာတော့ ဘုရှ်က **"လေယာဉ်တစ်စင်း တိုက်တာဆိုရင် မတော်တဆမှုဖြစ်နိုင်တယ်။ နှစ်စင်းတိုက်တာဆိုရင်တော့ အကြမ်းဖက်တိုက်ခိုက်မှုပဲ။ သုံးစင်းတိုက်တာဆိုရင်တော့ ဒါဟာ အမေရိကန်ကို စစ်ကြေညာလိုက်တာပဲ"**ဆိုပြီး တွေးမိတယ်လို့ ဆိုပါတယ်။

**အလုံးအရင်းနဲ့ဝင်တိုက်**

သမ္မတ ဘုရှ်ဟာ သူ့ရဲ့အဆိုပါအတွေးကိုအချိန်မဆိုင်းတော့ပါဘူး။ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး စစ်ပွဲ (War on Terror)လို့ ကြွေးကြော်ပြီး အယ်လ်ကေဒါတွေကို အာဖဂန်နစ္စတန်နိုင်ငံထဲမှာ လက်ခံထားတဲ့ တာလီဘန်တွေအပေါ် **"အကြမ်းဖက်သမားတွေ အပ်ရင်အပ်၊ မအပ်ရင် အကြမ်းဖက်သမားတွေနဲ့အတူ အပြစ်ပေးတာခံရလိမ့်မယ်"** လို့ ရာဇသံပေးကာ ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ အာဖဂန်နစ္စတန်နိုင်ငံကို အလုံးအရင်းနဲ့ ဝင်တိုက်ပါတော့တယ်။ တစ်ဖန် ၂၀၀၃ ခုနှစ် မတ်လမှာ ဆဒမ်ဟူစိန်ရဲ့ အီရတ်နိုင်ငံကို ဆက်လက်တိုက်ခိုက်ခဲ့ပြန်ပါတယ်။

တစ်ဖက်ကလည်း အမေရိကန်နိုင်ငံကို အကြမ်းဖက်သမားတွေ နောက်ထပ်တိုက်ခိုက်လာမှုအပေါ် တားဆီးနိုင်စေဖို့ ဌာနပေါင်းစုံပေါင်းစပ်ထားတဲ့ အမိမြေလုံခြုံရေးဝန်ကြီးဌာနအသစ်ကို ကွန်ဂရက်ရဲ့သဘောတူညီမှုနဲ့ ဖွဲ့စည်းခဲ့တယ်။

တစ်ဆက်တည်းမှာပဲ ထောက်လှမ်းရေးအဖွဲ့အစည်းတွေကို အမေရိကန်နိုင်ငံထဲမှာ တယ်လီဖုန်းကြားဖြတ်နားထောင်ခွင့်၊ အကြမ်းဖက်သမားတွေရဲ့ ပိုင်ဆိုင်မှုကို ထိန်းချုပ်ခွင့်၊ အကြမ်းဖက်သမားလို့ မသင်္ကာသူတွေရဲ့ ဘဏ်စာရင်းတွေ၊ အကြွေးဝယ်ယူခွင့် ကတ်ပြားတွေ၊ အိမ်ခန်းငှားတာတွေ၊ စာကြည့်တိုက်နဲ့ အင်တာနက်သုံးစွဲမှု မှတ်တမ်းတွေကို ဝရမ်းထုတ်ပြီး တောင်းခံပိုင်ခွင့်၊ အကြမ်းဖက်သမားလို့ ယူဆရသူတွေရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်ခွင့် စတဲ့ ဥပဒေကြမ်းတစ်ခုကို တရားရေးဌာနအား ရေးဆွဲစေပြီး လူ့အခွင့်အရေးသမားတွေက ပြည်သူ့လွတ်လပ်ခွင့် ထိခိုက်မှုရှိတယ်လို့ ကန့်ကွက်တဲ့ကြားက အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။

ဒါ့အပြင် ဖမ်းမိတဲ့ အယ်လ်ကေဒါတွေကို ဂွါတာနာမိုအကျဉ်းထောင်မှာ စီအိုင်အေက ကြမ်းကြမ်းတမ်းတမ်း ညှဉ်းပန်းစစ်ကြောခဲ့ကြပြန်တယ်။ စီအိုင်အေကတော့ သူတို့သုံးတဲ့စစ်ကြောရေးနည်းတွေက အက်ဖ်ဘီအိုင်ကသုံးတဲ့ စစ်ဆေးနည်းမျိုးမဟုတ်ဘဲ ပိုအားကောင်းတဲ့စစ်ကြောနည်း (Enhance Interrogation) လို့ အမည်ပေးထားကြောင်း ဆိုတယ်။

**စစ်တရားရုံးနဲ့စစ်ဆေးဖို့ အမိန့်ထုတ်ခဲ့**

သမ္မတ ဘုရှ်ကလည်း ဖမ်းထားတဲ့ အယ်လ်ကေဒါတွေဟာ ဂျီနီဗာကွန်ဗင်းရှင်းနဲ့ အကျုံးမဝင်ဘူး၊ ဂျီနီဗာကွန်ဗင်းရှင်းမှာပါတဲ့ သုံ့ပန်းဆိုင်ရာကိစ္စတွေဟာ နိုင်ငံချင်းဖြစ်ပွားတဲ့ စစ်ပွဲများအတွက်ပဲဖြစ်တယ်။ အမေရိကန်တစ်ယောက်ကို သူတို့ဖမ်းမိသွားရင်လည်း ဂျီနီဗာကွန်ဗင်းရှင်းနဲ့အညီ ဆက်ဆံမှာမဟုတ်တာ သေချာတယ်လို့ဆိုပြီး စစ်တရားရုံးနဲ့စစ်ဆေးဖို့ အမိန့်ထုတ်ခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ (၄၄) ဦးမြောက် သမ္မတဘားရက်အိုဘားမားကလည်း သူ့လက်ထက်မှာ အာဖဂန်နစ္စတန်နိုင်ငံထဲက အယ်လ်ကေဒါတွေကို မြေပြင်တပ်တွေသာမက ဝေဟင်ကလည်း အဝေးထိန်းစနစ်သုံး မောင်းသူမဲ့ ဒရုန်းလေယာဉ်တွေနဲ့ပါ အလုံးအရင်း ဆက်လက်တိုက်ခိုက်ခဲ့တယ်။

၉/၁၁ ရဲ့ အဓိကတရားခံ အယ်လ်ကေဒါအကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်ရဲ့ လှုပ်ရှားမှုတွေကိုလည်း မျက်ခြည်မပြတ် ထောက်လှမ်းစေခဲ့တယ်။ ခြေရာခံမိတဲ့အဆုံး ၂၀၁၁ ခုနှစ် မေလ ၁ ရက်နေ့မှာတော့ ပါကစ္စတန်နိုင်ငံ အဘော့တဘက်မြို့မှာ ပုန်းအောင်းနေတဲ့ ဘင်လာဒင်ကို နေဗီဆီးလ်အဖွဲ့အား ရဟတ်ယာဉ်များနဲ့စေလွှတ်၍ သုတ်သင်စေခဲ့တယ်။

လက်ရှိ အမေရိကန်ပြည်ထောင်စုရဲ့ (၄၆) ဦးမြောက် သမ္မတ ဂျိုးဇက်ဘိုင်ဒင် ခေတ်မှာတော့ အမေရိကန်သမ္မတအစဉ်အဆက် ကိုင်စွဲခဲ့တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပေါ်လစီနဲ့ပတ်သက်ပြီး သူ့ရဲ့သဘောထားခံယူချက်အမြင်တွေကို ငွေရောင်ပိတ်ကားပေါ်မှာ ဆက်လက်စောင့်မျှော်ကြည့်ရဦးမှာဖြစ်ပါတယ်။

သမ္မတ အိုဘားမားကတော့ သူ့ရဲ့ ဒုတိယသမ္မတတစ်ဦးဖြစ်တဲ့ ဘိုင်ဒင်ကို **"သူဟာ ဘုရှ်နဲ့ မက်ကိန်းရဲ့ နိုင်ငံခြားရေးပေါ်လစီကို ထိထိမိမိ ဝေဖန်သူဖြစ်ပါတယ်။ ဒါတင်မက အီရတ်စစ်ပွဲကို တာဝန်သိသိ အဆုံးသတ်ပြီး တိုက်ပွဲကိုအကြမ်းဖက်သမားတွေဘက် တည့်တည့်လှည့်အောင် လမ်းသစ်ညွှန်ပြသူဖြစ်ပါတယ်"**လို့ တစ်ချိန်က ပြောဆိုခဲ့ဖူးကြောင်းပါ။

**သို့သော်ငြား ပစ္စက္ခမှာတော့ အမေရိကန်နဲ့ အနောက်နိုင်ငံကြီးများဟာ အမျိုးသားညွန့်ပေါင်း အစိုးရ(NUG)လို့ဆိုတဲ့ အကြမ်းဖက်ဝါဒီများရဲ့ ဒီမိုကရေစီအရေး အကြောင်းပြပြီး မြန်မာ့မြေပေါ်မှာ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် မြောက်ပင့်သွေးထိုးလှုံ့ဆော်ပေးနေမှုများကို လျစ်လျူရှုဥပေက္ခာပြုလျက်ရှိကြောင်းပါဗျာ။** ။

# မိဘပြည်သူများထံသို့ တိုက်တွန်းနှိုးဆော်ချက်

■ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုလတ်တလော Coronavirus Disease 2019 ( COVID – 19 ) ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ တိုးတက်မြင့်မားလျက်ရှိပါသည်။

■ မြန်မာသက္ကရာဇ် ၁၃၈၃ ခု ၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID – 19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရတနသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူပေးခဲ့ပါသည်။

■ ထို့အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ( ပထမအဖွဲ့ခွဲ ) ကလည်း လတ်တလော ဖြစ်ပွားနေသော Coronavirus Disease 2019 (COVID) – 19) ကမ္ဘာ့ကပ်ရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အသီးသီးတွင် Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဖွဲ့များက မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ရန် အဆင့်ဆင့်အကြောင်းကြား လျှောက်ထားပြီး ဖြစ်ပါသည်။

■ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင်ရှိသော မိဘပြည်သူများအနေဖြင့် လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID – 19) ကမ္ဘာ့ကပ်ရောဂါအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရတနသုတ်ပရိတ်တရားတော်ကို မိမိနေအိမ်တွင် နေ့စဉ် ရွတ်ဖတ်ပူဇော်နိုင်ကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေးရုံးပိတ်ရက်များတွင်လည်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်အတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် ပြတ်လပ်မှုမရှိစေရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်း ဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင် ၂၁ ရက်မှစ၍ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိရာ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အဖြစ် သတ်မှတ်ထားသည့် ကာလအတွင်း အဆင်ပြေချောမွေ့စွာ တင်သွင်း နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများသည် ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၃၁၈၂ လုံး၊ Test Kit ၅၀၀၀ တို့အပါအဝင် မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser ယာဉ် တစ်စီးဖြင့်) တန် ၂၀၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၄၅ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၄၂၀၅ ခု၊ Test Kit ၅၀၀၀၊ နှာခေါင်းစည်း (Mask) ၂၈ တန်၊ PPE ဝတ်စုံ ၁၀၃၄၀ တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၇ ခုမှ ယာဉ်စီးရေ ၃၉ စီးဖြင့် တင်သွင်းလာခြင်းဖြစ်ကြောင်း သိရသည်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာစဉ်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ယနေ့အထိ ယာဉ်စီးရေ ၄၆၄ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser ယာဉ်ဖြင့်) ၅၅၃ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) တန် ၄၃၀၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၀၄ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၃၅၀၈၇ ခု၊ Test Kit ၂၅၀၈၆၈ ခု၊ နှာခေါင်းစည်း (Mask) ၆၉၄ တန်၊ Oxygen Plant လေးခု၊ Oxygen Generator ကိုးခု တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။



မြဝတီကုန်သွယ်ရေးဇုန်မှ တင်သွင်းလာသည့် အောက်ဆီဂျင်အိုးများကို တွေ့ရစဉ်။

အများပြည်သူ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း ပို့ကုန်သွင်းကုန် လိုင်စင် လျှောက်ထားမှုများကို ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန် လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) တို့မှ အွန်လိုင်းစနစ်ဖြင့် ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၂/၂၀၂၁) ဖြင့် ဇူလိုင် ၁၂ ရက်မှစ၍ သွင်းကုန်လိုင်စင် လျှောက်ထားရယူရန် မလိုအပ်ဘဲ (၃) လယာယီဖြေလျှော့၍ တင်သွင်းခွင့်ပြုကြောင်း အသိပေး ထုတ်ပြန်ထားသော ကုန်စည်များ တင်သွင်းရာတွင် လုပ်ငန်းရှင်များ လွယ်ကူအဆင်ပြေစေရေးအတွက် 2017 Customs Tariff of Myanmar အရ ၎င်းကုန်စည်များနှင့် သက်ဆိုင်သော HS Code လိုင်းများကို ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၃/၂၀၂၁) ကို ဇူလိုင် ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဇူလိုင် ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၆၃၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၅-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၆-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၀၃၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄,၆၃၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၀၈၉,၀၃၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၇၄,၁၅၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၄,၃၂၇)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၈၉,၇၂၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၃၉၆)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၇,၅၀၇) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၆-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၈၇၉) ခု | (၁၇၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၄) ခု | (၂၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၁) ခု | (၂၃၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၈) ခု | (၇၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၀၂) ခု | (၄၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၀) ခု | (၁၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၃၀) ခု | (၁,၁၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၃၈၁) ခု | (၂,၇၉၉) ဦး |
| စုစုပေါင်း | (၁၂,၀၃၅) ခု | (၄,၆၃၀) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၁၉၉၄၆၅ | ၂၉၅၁၁၉၀၉ | ၆၂၆၇၆၂ |
| ၂။ | အိန္ဒိယ | ၃၁၄၁၁၂၆၂ | ၃၀၅၇၉၁၀၆ | ၄၂၀၉၉၆ |
| ၃။ | ဘရာဇီး | ၁၉၆၈၈၆၆၃ | ၁၈၃၄၉၄၃၆ | ၅၄၉၉၉၉ |
| ၄။ | ရုရှား | ၆၁၄၉၇၈၀ | ၅၅၀၆၈၃၄ | ၁၅၄၆၀၁ |
| ၅။ | ပြင်သစ် | ၅၉၉၃၉၃၇ | ၅၆၇၅၃၇၇ | ၁၁၁၆၂၂ |
| ၆။ | ဗြိတိန် | ၅၆၉၇၉၁၂ | ၄၄၅၀၂၀၄ | ၁၂၉၁၅၈ |
| ၇။ | တူရကီ | ၅၆၀၁၆၀၈ | ၅၄၂၁၁၄၈ | ၅၀၉၃၄ |
| ၈။ | အာဂျင်တီးနား | ၄၈၄၆၆၁၅ | ၄၄၉၃၉၈၄ | ၁၀၃၇၂၁ |
| ၉။ | ကိုလံဘီယာ | ၄၇၂၇၈၄၆ | ၄၄၈၇၉၇၃ | ၁၁၈၈၆၈ |
| ၁၀။ | အီတလီ | ၄၃၁၇၄၁၅ | ၄၁၂၃၂၀၉ | ၁၂၇၉၄၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၁၉၄၇၃၃ | ၂၅၄၉၆၉၂ | ၈၄၇၆၆ |
| ၂။ | ဖိလစ်ပိုင် | ၁၅၅၅၃၉၆ | ၁၄၇၃၀၀၉ | ၂၇၂၄၇ |
| ၃။ | မလေးရှား | ၁၀၂၇၉၅၄ | ၈၅၃၉၁၃ | ၈၂၀၁ |
| ၄။ | ထိုင်း | ၅၁၂၆၇၈ | ၃၄၁၄၇၅ | ၄၁၄၆ |
| ၅။ | မြန်မာ | ၂၇၄၁၅၅ | ၁၈၉၇၂၉ | ၇၅၀၇ |
| ၆။ | ဗီယက်နမ် | ၁၀၁၁၇၃ | ၁၉၃၄၂ | ၅၂၄ |
| ၇။ | ကမ္ဘောဒီးယား | ၇၃၇၀၁ | ၆၅၉၅၀ | ၁၃၀၅ |
| ၈။ | စင်ကာပူ | ၆၄၃၁၄ | ၆၂၆၀၅ | ၃၇ |
| ၉။ | လာအို | ၄၉၈၅ | ၂၁၇၄ | ၅ |
| ၁၀။ | ဘရူနိုင်း | ၃၃၃ | ၂၇၀ | ၃ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပါဝင်လှူဒါန်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာချက်

ယခုအခါ မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှုနှုန်းမြင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ပူးပေါင်း၍ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံများ၊ ဆေးခန်းများ၊ Quarantine Center များ၊ Community COVID Positive Centre များဖွင့်လှစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား သက်ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဆေးရုံ၊ ဆေးခန်း၊ Quarantine Center များနှင့် Community COVID Positive Centre များနှင့် သက်ဆိုင်ရာနေရာများသို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနှင့်
အရေးပေါ်တုံ့ပြန်ရေးကော်မတီ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက် (၂၂-၆-၂၀၂၁)ရက်နေ့ နံနက် ၈ နာရီမှစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center) ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ နေ့စဉ် နံနက် ၈ နာရီမှ ည ၉ နာရီအတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် –

(၁) ၀၆၇-၃၄၁၁၅၀၈
(၂) ၀၆၇-၃၄၁၁၅၀၉
(၃) ၀၆၇-၃၄၁၁၁၄၄
(၄) ၀၉-၈၈၂၅၅၇၉၉၁
(၅) ၀၉-၈၈၂၅၅၇၉၉၂
(၆) ၀၉-၈၈၂၅၅၇၉၉၃

သတင်းစဉ်

# ကိုဗစ်ရောဂါ ကာကွယ်ဖို့ ကာကွယ်ဆေး ထိုးကြပါစို့

၁။ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုလှိုင်းတွေ အဆင့်လိုက်၊ အဆင့်လိုက် ဖြစ်နေရာမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကမ္ဘာတစ်ဝန်းလုံးမှာ ထိန်းချုပ်နိုင်ဖို့ အရေးကြီးဆုံးသော့ချက်နဲ့ တစ်ခုတည်းသော ထွက်ပေါက်လို့လည်း ပြောလို့ရတာက ကာကွယ်ဆေးဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအတော်များများမှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို အားစိုက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။

၂။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးအနေနဲ့ ခန္ဓာကိုယ်ထဲရှိတဲ့ ခုခံအားစနစ်ကို တုံ့ပြန်မှုအားကောင်းအောင် ဆောင်ရွက်ပေးပါတယ်။ ဗိုင်းရပ်စ်တွေက ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေထဲကိုဝင်ပြီး ပွားများလာရင် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ် ပြန်လည်တုံ့ပြန်ပါတယ်။ ဒီလိုတုံ့ပြန်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်မှာ **ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရင် ရောဂါပိုးကို ပြန်လည်တုံ့ပြန်ထိန်းချုပ်ချေဖျက်နိုင်မှုက ကာကွယ်ဆေးအပေါ်မှာ မူတည်ပြီး ရောဂါကူးစက်မှုကို ၈၀ ရာခိုင်နှုန်းအထက် အကာအကွယ်ပေးနိုင်ပါတယ်။ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ခံစားရမှုကို ၉၅ ရာခိုင်နှုန်းအထက်အထိ ကာကွယ်ပေးနိုင်ပါတယ်။**

၃။ ဒါကြောင့် ကာကွယ်ဆေးက အဓိကဖြစ်ပါတယ်၊ ကာကွယ်ရေးနည်းလမ်းတွေထဲမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ၊ ဒါတွေက တတ်နိုင်သမျှ ကိုယ့်ခန္ဓာကိုယ်ထဲကို ရောဂါပိုး မဝင်နိုင်အောင်လုပ်တာပါ။ ဒီကြားထဲကမှထပ်ပြီး ပိုးကဝင်လာရင် ကာကွယ်ဆေးထိုးထားတဲ့အခါ ခန္ဓာကိုယ်ထဲမှာ အသင့်ရှိနေတဲ့ ပဋိပစ္စည်းတွေက ဝင်လာတဲ့ဗိုင်းရပ်စ်ကိုဖမ်းပြီး တားဆီးလိုက်တဲ့ အတွက် ရောဂါရဲ့နောက်ဆက်တွဲဖြစ်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်တွေ ပရမ်းပတာဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုနှုန်းကျသွားပါတယ်။ ဒါက ကာကွယ်ရေးမှာ ကောင်းတဲ့အချက်ဖြစ်ပါတယ်။

၄။ နောက်တစ်ခုက မိသားစုထဲမှာ ဘယ်လိုကောင်းကျိုးတွေရမလဲ ဆိုရင် ဗိုင်းရပ်စ်က နှာခေါင်း၊ ပါးစပ်က ဝင်လာတဲ့အခါ ပဋိပစ္စည်းတွေ ချေဖျက်လိုက်တဲ့အတွက် မတော်တဆပိုးဝင်သွားရင်တောင်မှ ဗိုင်းရပ်စ်က သူ့ခန္ဓာကိုယ်ထဲမှာ မရေတွက်နိုင်အောင် အကောင်တွေ အများကြီးပွားလို့ မရတော့ဘူး။ သူ့နှာခေါင်း၊ ပါးစပ်ကနေထွက်တာ လျော့သွားမယ်။ လျော့သွားရင် သူ့မိသားစု၊ သူနဲ့ထိတွေ့တဲ့သူတွေ ကူးစက်နိုင်ဖို့အတွက် တော်တော်အခွင့်အလမ်းနည်းသွားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေသည် ရောဂါကူးစက်မှုကို လျော့ကျစေပါတယ်။ ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားမှုကိုလည်း အတော့်ကိုလျော့ကျသွားစေတယ်။ အလွန်ကောင်းကျိုးရှိတဲ့ကိစ္စပါ။

၅။ ဒါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေအနေနဲ့ ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမှ ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သိရှိတဲ့အတွက် သူတို့နိုင်ငံအတွင်းမှာ အရေးတကြီး ထိုးနှံပေးခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းရဲ့ ကောင်းကျိုးနောက်တစ်ခုအနေနဲ့ မကြာခင်က အင်္ဂလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၂၁ ဘောလုံးပြိုင်ပွဲကို တက်ရောက်အားပေးကြတဲ့ ပရိသတ်တွေအနေနဲ့ မည်သည့်အကာအကွယ်မှ ဝတ်ဆင်စရာမလိုဘဲ ဘောလုံးကွင်းထဲမှာ လွတ်လပ်ပေါ့ပါးစွာနဲ့ ပါဝင်အားပေးနိုင်ကြတာကို တွေ့ရပါတယ်။

၆။ ဒီအတွက်မကြာမီ နိုင်ငံတစ်ဝန်းမှာ ထိုးနှံပေးမည့်ကာကွယ်ဆေးထိုးအစီအစဉ်တွေမှာ မိမိနဲ့ မိမိ မိသားစုအတွက် ရရှိလာမယ့်အခွင့်အရေးကို လက်လွတ်မခံဘဲ ပါဝင်ထိုးနှံပေးကြဖို့ လိုအပ်ပါတယ်။ မိမိတို့နေထိုင်ရာဒေသ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တစ်ခုလုံး ကာကွယ်ဆေးထိုးနှံပြီးပါက မိမိတို့ရဲ့ နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စတွေကို ကိုဗစ်ဘေးကဝေးပြီး စိတ်ချယုံကြည်စွာနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၇။ ကိုဗစ်ကူးစက်နိုင်မှုကင်းစင်သော ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့အတွက် အားလုံးက ဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးထိုးလုပ်ငန်းတွေမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

## မဟာအောင်မြေမြို့နယ်၌ အသက် ၆၀ နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံ



**မန္တလေး ဇူလိုင် ၂၆**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ အသက် ၆၀ နှင့်အထက်ရှိသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံခြင်းကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲမှစတင်၍ စုရပ်တစ်နေရာလျှင် လူဦးရေ ၅၀ နှုန်းဖြင့် စုရပ်လေးနေရာတွင် ထိုးနှံပေးခဲ့သည်။

ယင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသော စုရပ်များမှာ ၃၆ လမ်းနှင့် ၆၄လမ်းထောင့်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၊ ၃၇လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြားရှိ လက်ပံတန်းဓမ္မာရုံ၊ ၈၂ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်းနှင့် မဟာအောင်မြေ အားကစားကွင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံရာနေရာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်နှင်းဆီတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်မြဝင်းနှင့်အဖွဲ့က လုံခြုံရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထိပ်ထားနိုင်**

## အောင်မြေသာစံမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများအား ပထမအကြိမ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေး



**မန္တလေး ဇူလိုင် ၂၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများအား ပထမအကြိမ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမရဌာနီအရှေ့ရပ်ကွက်ရှိ ဒေါ်ဖီဓမ္မာရုံ၌ ပြုလုပ်သည်။

**ကာကွယ်ဆေးထိုးနှံပေး**

ကာကွယ်ဆေးထိုးနှံပေးရာတွင် အောင်မြေသာစံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အမရဌာနီအရှေ့ရပ်ကွက်မှ ၁၁ ဦး၊ အမရဌာနီအနောက်ရပ်ကွက်မှ ၁၁ ဦး၊ ဥပုသ်တော်ရပ်ကွက်မှ ၁၁ ဦး၊ အိုးဘိုရွှေကျင်ရပ်ကွက်မှ ခုနစ်ဦး၊ ညောင်ကွဲရပ်ကွက်မှ ၁၀ ဦး စုစုပေါင်း အသက် ၆၅ နှစ်နှင့်အထက်ရှိသူ ၅၀ တို့အား ပထမအကြိမ်ကာကွယ်ဆေး ထိုးနှံပေးကြသည်။

အသက် ၆၅ နှစ်နှင့်အထက်ရှိသူများအား ပထမအကြိမ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောင်မြေသာစံမြို့နယ်တွင် အမရဌာနီအရှေ့ရပ်ကွက်တွင် ဒေါ်ဖီဓမ္မာရုံ၊ ဒေါနဘွားရပ်ကွက်တွင် မုန်တိုင်ဓမ္မာရုံ၊ ပြည်ကြီးရန်လုံရပ်ကွက်တွင် ကိုးခန်းကြီးဓမ္မာရုံနှင့် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်တွင် ရွှေကျီးမြင်ဘုရားတို့တွင် နေရာလေးနေရာခွဲ၍ ကာကွယ်ဆေးထိုးနှံပေးခြင်းကို တစ်နေရာလျှင် ၅၀ စီဖြင့် စုစုပေါင်းဦးရေ ၂၀၀ တို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**

■

**❖ နေပြည်တော်မှ**

ဌာနဆိုင်ရာဝန်ထမ်းဦးရေ ၁၀၀၀ တို့ကို နေပြည်တော်ပြည်သူ့ကျန်းမာရေးနှင့် အမှတ်(၂) ခုတင် (၁၀၀၀) စစ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက အဖွဲ့ ငါးဖွဲ့ခွဲ၍ ဆေးထိုးနှံပေးကြသည်။

ဆေးလာရောက်ထိုးနှံသူ ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးက “ အခုလို ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားမှု များပြားနေတဲ့အချိန်မှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်။ ကာကွယ်ဆေးမထိုးရသေးတဲ့သူတွေကိုလည်း ဆေးထိုးနှံဖို့ တိုက်တွန်းချင်ပါတယ်။ မိမိကနေစပြီး မိသားစုကိုရော တိုင်းပြည်ကိုပါ ကာကွယ်ချင်ရင် ကာကွယ်ဆေးထိုးနှံဖို့လိုအပ်ပါတယ်။ ဒီရောဂါကြီး လျော့နည်းပပျောက်သွားမှ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ တိုးတက်အောင် ပြန်လည်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးတွေ ပိုပြီးမြန်မြန်ဆန်ဆန်နဲ့ ထပ်မံရောက်လာပါစေလို့လည်း မျှော်လင့်မိပါတယ်” ဟု ပြောသည်။

ဆေးလာရောက်ထိုးနှံသူ ဒေါ်ဆွေဝင်းကလည်း “ကျွန်မတို့ကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမယ်လို့ စကြားကတည်းက ဝမ်းသာနေမိတာပါ။ ကိုယ့်ပတ်ဝန်းကျင်က ဝန်ထမ်းတွေကိုလည်း ကာကွယ်ဆေးမပျက်မကွက်ထိုးနှံကြဖို့ကိုလည်း သတိပေးတယ်။ ဒီနေ့ ကာကွယ်ဆေးစထိုးတော့လည်း အကုန်လုံးကိုခေါ်ပြီး လာထိုးတာပါ။ အိမ်ကမိသားစုကိုလည်း ကာကွယ်ဆေးမြန်မြန်ထိုးနှံနိုင်ဖို့ မျှော်လင့်နေမိပါတယ်။ အမြန်ဆုံးထိုးနှံနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ကပ်ရောဂါကြီး ကင်းစင်ပြီး ကမ္ဘာကြီးနေပြန်ကောင်းလာတဲ့တစ်နေ့ မိသားစုနဲ့ခရီးတွေထွက်မယ်လို့လည်း စိတ်ကူးထားပါတယ်။ ဒီနေ့ ကာကွယ်ဆေးထိုးနှံလိုက်ရတာဟာ ကျွန်မစိတ်ကူးထားတဲ့အတွေးအတွက် ခြေလှမ်းတစ်လှမ်းလို့ ထင်မြင်မိပါတယ်။ ပြည်သူတွေအကုန်လုံးလည်း ကာကွယ်ဆေးထိုးခွင့်ရပြီဆိုတာနဲ့ မပျက်မကွက်ထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်”ဟု ပြောသည်။

ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး (Sinopharm) ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုကဲ့သို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အောင်မြင်စွာထိုးနှံနိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများပူးပေါင်း၍ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ခြင်း၊ ကျောင်းတွင်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကိုလည်း ကြိုတင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်း – အောင်သန့်၊ ဓာတ်ပုံ – ကိုကိုအေး**

# ကိုဗစ်-၁၉ ရောဂါက ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့ ရောဂါဖြစ်တဲ့အတွက် ဆေးကိုပဲ အားကိုးလို့မရပါဘူး။ အဓိကက စိတ်ဓာတ်ကြံ့ခိုင်ဖို့နဲ့ ကိုယ့်ရဲ့ ကိုယ်ခံစွမ်းအားပါပဲ။

**ဒေါက်တာထင်ကျော်**

**တွေ့ဆုံမေးမြန်း - မယု(ငဖဲ)**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူး ဒေါက်တာထင်ကျော်အား ဇူလိုင် ၂၄ ရက်က ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းထားပါသည်။

မေး။ ။ ငဖဲမြို့နယ်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု အခြေအနေကို သိချင်ပါတယ်။

ဖြေ။ ။ ငဖဲမြို့နယ်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးနဲ့ပတ်သက်ပြီး မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌရဲ့ ဦးဆောင်မှုနှင့်အတူ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။



ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူး ဒေါက်တာထင်ကျော်အား တွေ့ဆုံမေးမြန်းစဉ်။

မေး။ ။ ကိုဗစ်-၁၉ ရောဂါ ပိုးကူးစက်ခံရလျှင် မိမိကိုယ်ကို ဘယ်လိုနေထိုင်ရမလဲ၊ စားသောက်ရမလဲရှင့်။

ဖြေ။ ။ အဓိကကတော့ ကိုဗစ်-၁၉ ရောဂါဟာ ကာကွယ်နိုင်တဲ့ရောဂါဖြစ်ပါတယ်။ ဘယ်လို ကာကွယ်နိုင်သလဲဆိုတော့ ကျွန်တော်တို့ တတ်နိုင်သလောက်အိမ်ထဲမှာသာနေပါ၊ မဖြစ်မနေအပြင်ထွက်ရမယ်ဆိုရင် နှာခေါင်းစည်းကို စနစ်တကျ သေချာတပ်ဆင်ပြီး ထွက်ဖို့လိုပါတယ်။ အရာဝတ္ထုတစ်ခုနဲ့ ကိုင်တွယ်ထိတွေ့ပြီးတိုင်း လက်ကိုဆပ်ပြာနဲ့ အနည်းဆုံးစက္ကန့် ၂၀ကြာအောင် စနစ်တကျဆေးကြောဖို့ လိုပါတယ်။ နောက်ပြီးတော့ တစ်ဦးနဲ့ တစ်ဦး အနည်းဆုံး ၆ ပေအကွာ နေထိုင်ကြဖို့လိုပါတယ်။ ကိုဗစ်-၁၉ ရောဂါက ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ရောဂါဖြစ်တဲ့အတွက် သူ့ကို တိတိကျကျ ကုသနိုင်တဲ့ ဆေးဝါးရယ်လို့ မရှိပါဘူး။ လူရဲ့ ကိုယ်ခံအားနဲ့ပဲ တိုက်ထုတ်ပါတယ်။ ဒါကြောင့်မို့လို့ အာဟာရရှိတဲ့ အစားအသောက်များစားသောက်ပြီး အာဟာရပြည့်အောင် တစ်နည်းအားဖြင့် ကိုယ်ခံအားရှိအောင်နေထိုင်ဖို့ အရေးကြီးပါတယ်။

မေး။ ။ ကိုဗစ်-၁၉ ရောဂါသံသယလူနာတွေကို စစ်ဆေးပေးနေမှု အခြေအနေကို သိချင်ပါတယ်။

ဖြေ။ ။ ငဖဲမြို့နယ် ကျန်းမာရေးဌာနအနေနဲ့ မြေပြင်အခြေအနေ အရပြောရရင် ကျန်းမာရေးဝန်ထမ်းလျော့နည်းလျက်ရှိပါတယ်။ ကျွန်တော်တို့ဆီမှာရှိတဲ့ ခတ်ခွဲမှူး နှစ်ဦးစလုံး လျော့နည်းလျက်ရှိပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းကို အဆင်ပြေစွာဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ဆီမှာရှိတဲ့ ကျန်းမာရေးကြီးကြပ်-၂ ဝန်ထမ်း ၁၁ ဦးကို သင်တန်းပေးပြီးတော့ ခတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ အဲဒီတော့ Stay at Home မြို့နယ်တွေက ပြန်လာပြီးတော့ Quarantine ဝင်နေတဲ့သူတွေ၊ အနံ့ပျောက်၊ ဖျားနာ၊ ချောင်းဆိုး စတဲ့ သံသယလက္ခဏာရှိတဲ့သူတွေကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တိုင်း မွန်းလွဲ ၂ နာရီတိတိမှာ Rapid Diagnostic Test (RDT)နဲ့ စစ်ဆေးပြီးတော့ ရှာဖွေဖော်ထုတ်ကုသပေးလျက်ရှိပါတယ်။

မေး။ ။ ကိုဗစ်-၁၉ ရောဂါ သံသယရှိတယ်လို့ထင်ရင် ဘယ်လို ဆက်သွယ်ဆောင်ရွက်ရမလဲရှင့်။

ဖြေ။ ။ မိမိအနေနဲ့ ကိုဗစ်-၁၉ ရောဂါ သံသယရှိတယ်လို့ ထင်လာခဲ့ရင် မြို့နယ်ကျန်းမာရေးဌာနကို ဆက်သွယ်လို့ရပါတယ်။ နယ်တွေမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲကနေ တစ်ဆင့်ဆက်သွယ်လို့လည်း ရပါတယ်။ ဆက်သွယ်လိုက်တာနဲ့ လိုအပ်တဲ့ လူနာတွေကို ပြောခဲ့တဲ့ရက်တွေမှာ ခတ်ခွဲနမူနာယူ စမ်းသပ်စစ်ဆေးပြီးတော့ ဆေးရုံတင်သင့်တဲ့ လူနာကိုတင်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ Positive Center မှာ ထားသင့်တဲ့လူနာကိုလည်း ထားပါတယ်။ အဲဒီလို ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာတွေကို ဆေးကုသပေးမှု အခြေအနေကို သိချင်ပါတယ်။

ဖြေ။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကိုဗစ်လှိုင်းကြီးသုံးလှိုင်းဖြစ်ခဲ့ပါတယ်။ ပထမလှိုင်းမှာတော့ ငဖဲမြို့နယ်အနေနဲ့ လုံးဝ ရောဂါဖြစ်ပွားမှုမရှိခဲ့ပါဘူး။ ဒုတိယလှိုင်းမှာ ငဖဲမြို့နယ်မှာ လူဦးရေ ၇၀ ဝန်းကျင် တွေ့ရှိခဲ့ပါတယ်။ ယခု တတိယလှိုင်းမှာ ယနေ့အချိန်အထိ ပိုးတွေ့လူနာ ၇၈ ဦးရှိပါတယ်။အဲဒီထဲမှာမှ ဆေးရုံတက်ရောက်ကုသသူဦးရေ ၄၃ ဦးရှိပြီး ဆေးရုံဆင်းခွင့်ရသူ ၂၆ ဦးရှိပါတယ်။ ဆေးရုံတက်ရောက်ဆဲလူနာသည် ၁၇ ဦးသာကျန်ပါတယ်။ Positive Center တွေမှာထားပြီးတော့ စောင့်ရှောက်သွားတဲ့ဦးရေသည် ၃၅ ဦးရှိပါတယ်။ ယနေ့အထိအခြေအနေဖြစ်ပါတယ်။

မေး။ ။ ဘယ်လိုရောဂါလက္ခဏာရှိရင် စိုးရိမ်ရပါသလဲရှင့်။

ဖြေ။ ။ ကိုဗစ်-၁၉ ရောဂါသည် အဆုတ်ကိုထိခိုက်သောရောဂါဖြစ်ပါတယ်။ အဲဒီတော့ အဆုတ်ထိခိုက်ပျက်စီးလာတဲ့အခါ သွေးထဲမှာရှိတဲ့ အောက်ဆီဂျင်ပမာဏကျလာပါတယ်။ အောက်ဆီဂျင်ပမာဏကျလာတော့ လူကမောလာတယ်။ နုံးလာမယ် စတဲ့ ဒီလိုရောဂါလက္ခဏာတွေရှိလာရင်တော့ အန္တရာယ်ရှိနိုင်တဲ့ အနေအထားအဆင့်တစ်ခုကို ရောက်လာတယ်လို့သတ်မှတ်ပါတယ်။

မေး။ ။ ပိုးတွေ့လူနာများနဲ့ Quarantine Center ထားရှိမှုကို သိချင်ပါတယ်။

ဖြေ။ ။ ယခု တတိယလှိုင်းမှာတော့ ၇၈ ဦး တွေ့ပြီးပါပြီ။ ဆေးရုံတင်သင့်တဲ့လူနာကို တင်ပါတယ်။ ဆေးရုံမတင်သင့်ဘဲနဲ့ ဘာရောဂါလက္ခဏာမှ မရှိဘူး။ ရောဂါအခံလည်း မရှိဘူး။ လူငယ်လူရွယ်လည်းဖြစ်တယ်ဆိုရင် မြို့နယ်ခန်းမမှာ ဖွင့်လှစ်ထားတဲ့ ပိုးတွေ့လူနာစောင့်ရှောက်ရေးဌာန Positive Center မှာပဲ စောင့်ရှောက်ကြည့်ရှုကုသပေးပါတယ်။ ဆေးရုံတင်သင့်တဲ့လူနာတွေက ရောဂါလက္ခဏာရှိတဲ့သူတွေ၊ ဖျားတဲ့သူတွေ၊ အနံ့ပျောက်၊ ချောင်းဆိုးရင်ကျပ်၊ လည်ပင်းနာတဲ့သူတွေ၊ အောက်ဆီဂျင်ကျလာတဲ့သူတွေ စသဖြင့် ဒီလိုရောဂါလက္ခဏာရှိတဲ့သူတွေ၊ နောက်တစ်ချက်က အသက်အရွယ်ကြီးရင့်သူတွေ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုနာတာရှည်ရောဂါအခံရှိတဲ့သူတွေကို မြို့နယ်ပြည်သူ့ဆေးရုံမှာထားပြီးတော့ အနီးကပ်ပြုစုစောင့်ရှောက်ကုသပေးလျက်ရှိပါတယ်။ ထူးခြားတာက ဒီနေ့မနက်မှာ အသက် ၈၀ အရွယ်အဘွားတစ်ယောက် အောက်ဆီဂျင်တောင်မရှူရဘဲနဲ့ ကျန်းကျန်းမာမာ ဆေးရုံက ဆင်းသွားနိုင်ခဲ့ပါပြီ။ ဒါကတော့ ပြည်သူလူထုကို ဒီရောဂါဖြစ်တိုင်းမသေပါဘူး။ ခုနကပြောတဲ့ ကိုယ်ခံအားကောင်းမယ်။ စိတ်ဓာတ်ခိုင်မာမယ်။ ကျန်းမာရေးဝန်ထမ်းတွေရဲ့ လမ်းညွှန်ချက်တွေကို တိတိကျကျ လိုက်နာကျင့်သုံးမယ်ဆိုရင် အန္တရာယ်မရှိဘူးဆိုတဲ့ သာဓကလေး တစ်ခုပါပဲ။

မေး။ ။ လက်ရှိဆေးရုံတက်နေမှု၊ ပြန်လည်ကျန်းမာလာမှု သိချင်ပါတယ်။

ဖြေ။ ။ တတိယလှိုင်းမှာ ဒီနေ့အချိန်အထိ ပိုးတွေ့လူနာ ၇၈ ဦးရှိပါတယ်။ အဲဒီထဲမှာမှ ဆေးရုံတက်ရောက်ကုသသူဦးရေ ၄၃ ဦးရှိပြီး ပြန်လည်ကျန်းမာလာတဲ့အတွက် ဆေးရုံဆင်းခွင့်ရသူ ၂၆ ဦးရှိပါတယ်။ ဆေးရုံတက်ရောက်ဆဲ လူနာက ၁၇ ဦးသာ ကျန်ပါတယ်။ Positive Center တွေမှာ ထားပြီးတော့ စောင့်ရှောက်သွားတဲ့ ဦးရေက ၃၅ ဦးရှိပါတယ်။

မေး။ ။ အောက်ဆီဂျင်ရရှိဖို့ ဆောင်ရွက်ထားမှုနဲ့ ပတ်သက်ပြီး ပြောပြပေးပါ။

ဖြေ။ ။ ငဖဲမြို့နယ် ပြည်သူ့ဆေးရုံမှ အောက်ဆီဂျင် Concentrator သုံးလုံး ရှိပါတယ်။ အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးအကြီး ကိုးလုံးရှိပါတယ်။ ဒီဟာတွေကို မပြတ်လပ်အောင် အောက်ဆီဂျင်ထုတ်တဲ့စက်ရုံနဲ့ အရင်ကတည်းက ချိတ်ဆက်ပြီးဆောင်ရွက်နေပါတယ်။ တတိယလှိုင်း အခုတစ်လတာကာလအတွင်းမှာတော့ အောက်ဆီဂျင်နဲ့ပတ်သက်ပြီး အခက်အခဲမရှိသေးပါဘူး။ ပြတ်လပ်မှုမရှိပါဘူး။

မေး။ ။ ကာကွယ်ဆေးထိုးဖို့ ကျန်ရှိနေတဲ့သူတွေ ရှိတယ်လို့ သိရပါတယ်ဆရာ။ ဒီလို ကျန်နေတဲ့သူတွေကို ထိုးပေးဖို့ ဘယ်လိုစီစဉ်ထားပါသလဲ။

ဖြေ။ ။ ကာကွယ်ဆေးထိုးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ပထမဆုံးအကြိမ် ကျန်းမာရေးဝန်ထမ်းတွေကို ထိုးနှံပေးပြီးဖြစ်ပေမယ့် အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ကျန်းမာရေးဝန်ထမ်းအားလုံးထိုးနှံနိုင်ခြင်းမရှိသေးပါဘူး။ ဒုတိယအနေနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ပါတယ်။ ဒီမှာလည်း အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းအားလုံးထိုးနှံနိုင်ခြင်းမရှိသေးပါဘူး။ တတိယအဆင့်အနေနဲ့ ပြည်သူလူထုကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ပေမယ့် အားလုံးတော့မပြီးသေးပါဘူး။ အခုနောက်ဆုံးထိုးပေးထားတာက ပညာရေးဝန်ထမ်းတွေဖြစ်ပါတယ်။ ကျန်တဲ့သူတွေ ရှိပါသေးတယ်။ ငဖဲမြို့နယ်မှာ လူဦးရေငါးသောင်းကျော်ရှိပါတယ်။ ကာကွယ်ဆေးထိုးနှံဖို့ အကျုံးဝင်တဲ့ လူဦးရေက လေးသောင်း ဝန်းကျင်ရှိပါတယ်။ လက်ရှိအနေအထားအရ လူဦးရေ ၂၅၀၀ ခန့် ကာကွယ်ဆေးထိုးပေးပြီးဖြစ်ပါတယ်။

မေး။ ။ ဖြည့်စွက်ပြောကြားလိုတာရှိခဲ့ရင် ပြောကြားပေးပါရှင့်။

ဖြေ။ ။ ကိုဗစ်-၁၉ ရောဂါက ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့ ရောဂါဖြစ်တဲ့အတွက် ဆေးကိုပဲ အားကိုးလို့မရပါဘူး။ အဓိကက စိတ်ဓာတ်ကြံ့ခိုင်ဖို့နဲ့ ကိုယ့်ရဲ့ ကိုယ်ခံစွမ်းအားပါပဲ။ ဒါကြောင့်မို့ တတ်နိုင်သလောက် မဖြစ်အောင် ကာကွယ်ပါ။ ကာကွယ်ရေးနည်းလမ်းတွေကို တိတိကျကျလိုက်နာကျင့်သုံးပါ။ ဖြစ်လာခဲ့ရင်လည်း စိတ်ဓာတ်မကျပါနဲ့။ စိတ်ဓာတ်မာမာ ကိုယ်ခံအားအပြည့်နဲ့ ရင်ဆိုင်ပြီးတော့ ကျွန်တော်တို့ ကျန်းမာရေးဌာနနဲ့ ဆက်သွယ်ပြီးဆောင်ရွက်မယ်ဆိုရင် အသက်အန္တရာယ်ကင်းဝေးပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံမှာဖြစ်ကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။ ။

## အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးနှင့် ကျေးရွာအဆင့် ခေါင်းဆောင်မှုသင်တန်းဖွင့်

ညောင်ဦး ဇူလိုင် ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးနှင့်ကျေးရွာအဆင့်ခေါင်းဆောင်မှု သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မှ မြေနဲလေးကျေးရွာနှင့်ကကျဲကျေးရွာတို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများနှင့်အညီ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မေသဇင်ဖူးနှင့် တာဝန်ရှိသူများက အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာအဆင့် ခေါင်းဆောင်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို တစ်ရက်တာစာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ ညောင်ဦးမြို့နယ်အတွင်းရှိ မြေနဲလေး၊ ဆယ်လံ၊ ကကျဲ၊ ဘုန်းတော် ကျေးရွာလေးရွာမှ အုပ်ချုပ်ရေးအဖွဲ့၊ ရေကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **ကြေးမုံ**



# ကာကွယ်ဆေးရောက်တာနဲ့ ထိုးနှံပေးဖို့အတွက် မွန်ပြည်နယ်အတွင်း ၁၀ မြို့နယ်အလိုက် စာရင်းကောက်ထားပြီး ဖြစ်ပါတယ်။ လက်ရှိ ဦးစားပေးအနေဖြင့် အန္တရာယ်ဖြစ်နိုင်ခြေရှိတဲ့ Risk Group ဦးစားပေးထိုးနှံပေးမှာ ဖြစ်ပါတယ်

**ဒေါက်တာသံလွင်အောင်**

မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာသံလွင်အောင် (ရောဂါနှိမ်နင်းရေး)အား ကိုဗစ်-၁၉ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းထားပါသည်။

**မေး။** မွန်ပြည်နယ်အတွင်းမှာ ယခုလက်ရှိ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေနဲ့ပတ်သက်လို့ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို သိချင်ပါတယ်ရှင့်။

ဖြေ။ လက်ရှိအနေအထားအရ ကိုဗစ်-၁၉ ရောဂါလူနာ များပြားလာတဲ့အတွက် Isolation Ward တွေကို မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး Isolation Ward-1 မှာ ဝင်ဆံ့ အင်အား ၁၁၉ ခုတင်၊ Isolation Ward-3 အထက(၁) ကျောင်းဝင်းမှာ ဝင်ဆံ့အင်အား ခုတင် ၂၅၀၊ အမျိုးသမီးနဲ့ ကလေးဆေးရုံမှာ ၃၄ ခုတင်၊ ပရိယတ္တိဓမ္မဗိမာန်တော်ကြီးမှာ ၁၂၆ ခုတင်၊ မော်လမြိုင်တက္ကသိုလ်ဝင်း ၁၀ မြို့နယ်ဆောင်မှာ ခုတင် ၁၆၀ ပြင်ဆင်ထားပါတယ်။

**မေး။** မွန်ပြည်နယ်အတွင်းမှာ အခုအချိန်ထိ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာပေါင်း ဘယ်လောက်ရှိသွားပြီလဲ၊ လူနာတွေကို ဘယ်လိုကုသမှုပေးနေပါသလဲ။

ဖြေ။ ၁၂-၇-၂၀၂၁ ရက်နေ့အထိ ပိုးတွေ့အတည်ပြု လူနာပေါင်း ၂၂၀၀ ရှိပါတယ်။ Isolation Ward-1 မှာ ပြင်းထန်လက္ခဏာလူနာအဓိကထားကုသပေးနေပါတယ်။ကျန်တဲ့အဆောင်တွေမှာတော့ ကိုဗစ်-၁၉ ရောဂါလက္ခဏာ အသင့်အတင့်ရှိလူနာ၊ သာမန် လက္ခဏာနဲ့ ရောဂါပိုး တွေ့ပြီး ရောဂါလက္ခဏာမပြတဲ့လူနာတွေကို ပြုစုကုသမှုပေးနေပါတယ်။ ပြုစုကုသပေးရာမှာလည်း ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြားဌာနဆိုင်ရာတွေနဲ့ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့တွေ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်။

**မေး။** မွန်ပြည်နယ်အတွင်းမှာရှိတဲ့ အခြားမြို့နယ်တွေမှာရော ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ အတည်ပြုလူနာ၊ ကန့်သတ်စောင့်ကြည့်ရမယ့် လူနာတွေအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို သိချင်ပါတယ်။

ဖြေ။ ချောင်းဆုံမြို့နယ်မှာဆိုရင် မြို့နယ်ပြည်သူ့ဆေးရုံ၊ ကညော့်တိုက်နယ်ဆေးရုံ၊ မုရစ်ကလေးကျေးရွာ၊ ရွာလွတ်ကျေးရွာ ကျိုက်မရောမြို့နယ်မှာ မြို့နယ်ပြည်သူ့ဆေးရုံ၊ မိုးလုံလေလုံ အားကစားရုံ(၁)၊(၂)၊၊ မုဒုံမြို့နယ်မှာ မြို့နယ်ပြည်သူ့ဆေးရုံနဲ့ မိုးကုတ်ဝိပဿနာကျောင်း၊ သံဖြူဇရပ်မြို့နယ်မှာ မြို့နယ်ပြည်သူ့ဆေးရုံ၊ မွန်ဓမ္မာရုံ၊ ကျိုက္ခမီတိုက်နယ်ဆေးရုံ၊ အားကစားရုံ၊ အထက(၂) နဲ့ ကျိုက္ခမီ ရေလယ်စောင်းတန်းဓမ္မာရုံ၊ ရေးမြို့နယ်မှာ မြို့နယ်ပြည်သူ့ဆေးရုံနဲ့ ကျန်းမာရေးဝန်ထမ်းအိမ်ရာ၊ ကျိုက်ထိုမြို့နယ်မှာ မြို့နယ်ပြည်သူ့ဆေးရုံ၊ အောင်ဆန်းခန်းမနဲ့ သိမ်ဇရပ်၊ ဘီးလင်းမြို့နယ်မှာ မြို့နယ်ပြည်သူ့ဆေးရုံ၊ သထုံမြို့နယ်မှာ သထုံခရိုင်ပြည်သူ့ဆေးရုံနဲ့ စက်မှုလက်မှုသိပ္ပံကျောင်း၊ ပေါင်မြို့နယ်မှာမြို့နယ်ပြည်သူ့ဆေးရုံ၊ သာသနဗိမာန်နဲ့ ရင်းငြိမ်တိုက်နယ်ဆေးရုံတို့မှာ ပြင်ဆင်ဆောင်ရွက်ထားပါတယ်။



ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာသံလွင်အောင်

**မေး။** အောက်ဆီဂျင်လိုအပ်မှုနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်း ပြောပြပေးပါဦး။

ဖြေ။ မွန်ပြည်နယ်အတွင်းက ဆေးရုံတွေအတွက် 40Liter အိုး ၂၉၉ လုံး ရှိပါတယ်။ 10Liter အိုး အနည်းငယ်ရှိပါတယ်။ အောက်ဆီဂျင် Plant အနေနဲ့ မော်လမြိုင် ဆေးရုံကြီးဝင်းမှာ 450 Liter/ min တစ်လုံး၊ 250 Liter/min တစ်လုံး၊ အမျိုးသမီးနဲ့ ကလေးဆေးရုံမှာ 250 Liter/min တစ်လုံး၊ ရေးမြို့နယ်မှာ 250 Liter/min တစ်လုံးရှိပါတယ်။ ထပ်မံတိုးချဲ့တပ်ဆင်ဖို့လည်း ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ မော်လမြိုင်မှာ 450 Liter/min တစ်လုံးနဲ့ သထုံမှာ 250Liter/min တစ်လုံး ထပ်မံရရှိမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့ Air Concentrator ဖြစ်တဲ့ လျှပ်စစ်နဲ့ မောင်းနှင်ရတဲ့ အောက်ဆီဂျင်စက်တွေကို ပြည်ပရရှိခွဲတမ်းအနေနဲ့ မြို့နယ်ဆေးရုံတွေကို ပြန်လည်ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။

**မေး။** ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီးအခြေအနေနဲ့ ဆက်လက်ထိုးနှံပေးမယ့် အခြေအနေကိုလည်း သိချင်ပါတယ်ရှင့်။

ဖြေ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဇန်နဝါရီလ ၂၇ ရက်နေ့မှာ စတင်ထိုးနှံပေးပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကို ဦးစားပေး ထိုးနှံပေးပါတယ်။ နောက် ပြည်သူလူထုကိုဆက်ပြီး ထိုးနှံပေးပါတယ်။ မွန်ပြည်နယ်အနေဖြင့် ပထမအကြိမ် ၅၅၀၂၃ ဦး၊ ဒုတိယအကြိမ် ၅၀၄၃၇ ဦးထိုးနှံပေးပြီး ဖြစ်ပါတယ်။ အဲဒါ COVID Shield ပါ။ အိန္ဒိယကလာတဲ့ ဆေးအမျိုးအစား ဖြစ်ပါတယ်။ လက်ရှိမှာတော့ ဒုတိယမြောက်အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းတဲ့ကာကွယ်ဆေးဖြစ်ပါတယ်။ အဲဒီဆေးကိုတော့ ဦးတည်အုပ်စုအနေနဲ့ ကျောင်းဆရာ၊ ဆရာမတွေကို အဓိကထားထိုးနှံပေးပါတယ်။ အများဆုံးဖြစ်နိုင်ခြေများတဲ့ သူတွေကို ထိုးနှံပေးပါတယ်။ ပထမအကြိမ် ၁၃၃၀၊ ဒုတိယအကြိမ် ၉၄၈ ဦး ထိုးနှံပေးပြီးဖြစ်ပါတယ်။ လက်ရှိအနည်းအကျဉ်း ကျန်ရှိနေတာ ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ပေးနေတဲ့ ပရဟိတအဖွဲ့တွေ၊ စေတနာ့ဝန်ထမ်းတွေ၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းတွေ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေမှာ လုပ်ကိုင်နေတဲ့သူတွေကို ထိုးနှံပေးပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ကာကွယ်ဆေးရောက်တာနဲ့ ထိုးနှံပေးဖို့အတွက် မွန်ပြည်နယ်အတွင်း ၁၀ မြို့နယ်အလိုက် စာရင်းကောက်ထားပြီး ဖြစ်ပါတယ်။ လက်ရှိဦးစားပေးအနေဖြင့် အန္တရာယ်ဖြစ်နိုင်ခြေရှိတဲ့ Risk Group ဦးစားပေးထိုးနှံပေးမှာဖြစ်ပါတယ်။ မြို့နယ်အရေအတွက် တင်ပြစာရင်းအလိုက် ထိုးနှံပေးမှာဖြစ်ပါတယ်။ နိုင်ငံခြားကနေ ရန်ကုန်ရောက်တာနဲ့ ဝန်ကြီးဌာန ခွဲတမ်းနဲ့အညီ မွန်ပြည်နယ် ၁၀ မြို့နယ်မှာ ထိုးနှံပေးဖို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း
ဒေါ်ဝါဝါလွင်၊ ဒေါ်ဇာဖြူဝင်း(မော်လမြိုင်ခရိုင်ပြန်/ဆက်)
သတင်းဓာတ်ပုံ
ဒေါ်ဇာဖြူဝင်း(မော်လမြိုင်ခရိုင်ပြန်/ဆက်)

# မအူပင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေး အသံချဲ့စက်ဖြင့် လှည့်လည်အသိပေး နှိုးဆော်

**မအူပင် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ပြည်သူများ တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး မအူပင်မြို့ပေါ်ရှိ ရပ်ကွက်များသို့ ယနေ့ နံနက် ၁၁ နာရီမှစတင်ကာ မွန်းလွဲပိုင်းအထိ အသံချဲ့စက်ဖြင့် လှည့်လည် အသိပညာပေး နှိုးဆော်ကြေညာခဲ့ကြကြောင်း သိရသည်။



### အသိပညာပေး နှိုးဆော်

လှည့်လည် အသိပညာပေး နှိုးဆော်ကြေညာရာတွင် ပြည်သူများအနေဖြင့် တတ်နိုင်သမျှ မိမိနေအိမ်တွင်သာ နေထိုင်ရန်နှင့် နေအိမ်မှ အပြင်ထွက်သည့်အခါ နှာခေါင်းစည်းစနစ်တကျ တပ်ဆင်သွားကြရန်၊ တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြရန်နှင့် ဖြစ်နိုင်ပါက အနည်းဆုံး ခြောက်ပေအကွာမှသာ နေထိုင်ပြောဆိုကြရန်၊ လက်ကိုဆပ်ပြာနှင့် အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် ဆေးကြောကြရန်၊ မိမိနေအိမ်တွင် ပြင်ပမှလာသော ဧည့်သည်များ လက်မခံပါရန်၊ မိမိတို့ကလည်း အခြားသူများထံ သွားရောက်ခြင်းမပြုရန်၊ လူစုလူဝေးပြုလုပ်ခြင်း သွားလာခြင်းရှောင်ကြဉ်ရန်၊ မိမိတို့နေအိမ်များကို ပြတင်းတံခါးများဖွင့်ပြီး လေဝင်လေထွက်ရှိအောင် လုပ်ရန်၊ အပြင်ကပြန်လာပြီးတိုင်း အဝတ်မလဲမီ၊ ကိုယ်လက်သန့်စင်ခြင်းမပြုလုပ်မီ အိမ်သားများနှင့် မထိတွေ့ကြရန်၊ ရောဂါပိုးကူးစက်ခံနေရသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်၍ မပျက်မကွက်စစ်ဆေးကုသမှုခံယူရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုကို အမြန်ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေးအတွက် ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို မိဘပြည်သူများအားလုံးက ကိုယ်စီလိုက်နာကြပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် မြို့ပေါ်လူစည်ကားရာ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၊ တရားရုံးရှေ့၊ မင်းလမ်းမကြီးတစ်လျှောက်၊ ၁၀ လမ်းထိပ်၊ မြို့ရှောင်လမ်းထိပ်၊ပေါ်တော်မူဘုရားထိပ်၊ ဗောဓိတန်ဆောင်းရှေ့နှင့် ကမ်းနားလမ်းတစ်လျှောက် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ကြေညာခဲ့ကြကြောင်းနှင့် ကျေးရွာများအထိ အသိပေးကြေညာလျက်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ခရိုင် (ပြန်/ဆက်)

# ယူဂန္ဒာနိုင်ငံ၌ အသက် ၁၅ နှစ်အောက် ကလေးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်

**ကမ်ပါလာ ဇူလိုင် ၂၆**
ယူဂန္ဒာနိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီထုတ် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်ခံရရှိပြီးပါက အသက် ၁၅ နှစ်အောက် ကလေးများကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း အဆင့်မြင့်အစိုးရ အရာရှိတစ်ဦးက ယနေ့ ပြောကြားသည်။

ယူဂန္ဒာနိုင်ငံအနေဖြင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်ခံရရှိသည့်အခါတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ရန် အန္တရာယ်များသော ကလေးများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သမ္မတရုံး အဆင့်မြင့်အကြံပေး မော်နီကာမူဆယ်နယ်ရီက ပြောကြားသည်။

"Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လက်ခံရရှိဖို့ ကျွန်မတို့ မျှော်လင့်လျက်ရှိပြီး တကယ်လို့ ယင်းကာကွယ်ဆေးကိုရရှိခဲ့ပါက ကလေးတွေကို ဦးစားပေးထိုးနှံပေးမှာပါ။ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နည်းနည်းပဲရရှိမှာဖြစ်တဲ့အတွက် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ စတဲ့ ရောဂါအခံရှိတဲ့ ကလေးတွေကိုသာ ဦးစားပေးထိုးနှံပေးမှာပါ"ဟု မူဆယ်နယ်ရီက ထပ်မံပြောကြားသည်။

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၁၂ နှစ်နှင့်အထက်ရှိ ကလေးများအတွက် သုံးစွဲရန် အတည်ပြုထားပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယူဂန္ဒာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်သော COVAX အစီအစဉ်မှတစ်ဆင့် ယခုလအတွင်း Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၆၄၇၀၀၀ ခန့် လက်ခံရရှိမည်ဟု သိရသည်။ ထို့အပြင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် တရုတ်နိုင်ငံက လှူဒါန်းထားသည့် Sino-vac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကိုလည်း လက်ခံရရှိမည်ဟု သိရသည်။

ယူဂန္ဒာနိုင်ငံတွင် လက်ရှိအချိန်ထိ ပြည်သူ ၁ ဒသမ ၁ သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ပြီးဖြစ်သည်။ လက်ရှိအချိန်အထိ ယူဂန္ဒာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ခံစားခဲ့ရသူ အတည်ပြုလူနာပေါင်း ၉၂၄၉၀ ရှိပြီး ယင်းတို့အနက် လူနာ ၂၅၅၇ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဇျောတိ






# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၂၃၉ ဦးရှိ

**မော်စကို ဇူလိုင် ၂၆**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၂၃၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၁၄၉၇၈၀ ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၂၇ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၅၄၆၀၁ ဦး ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၆၂၀၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၅၅၀၆၈၃၄ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၄၉၀၇၀၇ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၄၉၉၂၄ ဦးရှိလာ

**ဆော်ပေါ်လို ဇူလိုင် ၂၆**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၇၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၄၉၉၂၄ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၁၂၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၉၆၈၈၆၆၃ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ဇူလိုင် ၂၅ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၁၃၂ ဒသမ ၆ သန်းကျော် ရှိသွားပြီဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၇ ဒသမ ၄ သန်းရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်





# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၈၁၄ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် ဇူလိုင် ၂၆**
အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၈၁၄ ဦးကို ယနေ့ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၇၂၃၂၄၆ ဦး ရှိလာကြောင်း သိရသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၂၂ ဦးကို ယနေ့ ထပ်မံတွေ့ရှိသဖြင့်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၉၁၂၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၂၇၄၃၄၆ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၆၆ ဦးကို အထူးကြပ်မတ်ကုသဆောင်များတွင် ကုသနေရကြောင်း သိရသည်။

အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးစီးသူ ၈၁၄၁၈၅၂ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးစီးသူ ၂၄၂၆၆၉၇ ဦးရှိသည်။

နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုများ မြင့်တက်လျက်ရှိသောကြောင့် တာဝန်ရှိသူများက အသွားအလာကန့်သတ်မှုများ ပြန်လည်ချမှတ်ခဲ့ရသည်။ နိုင်ငံအတွင်း ယမန်နှစ်ဖေဖော်ဝါရီလတွင် ကိုဗစ်-၁၉ ရောဂါပထမဆုံး ကူးစက်ခံရမှုကို စတင်တွေ့ရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၃ ဦး ထပ်မံတွေ့ရှိ

**ဖနောင်ပင် ဇူလိုင် ၂၆**
ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများကို နိုင်ငံအတွင်း အရှိန်မြှင့်တင် ဆောင်ရွက်နိုင်သဖြင့် ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကျဆင်းလာကြောင်း တာဝန်ရှိသူများ က ယနေ့ပြောကြားသည်။

ယနေ့တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၃ ဦးကို တွေ့ရှိရသည်။ လက်ရှိအချိန်တွင် ပြည်ပမှ ကိုဗစ်-၁၉ရောဂါ ကူးစက်လာသူများကို တွေ့ရှိနေရပြီး အများစုမှာ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော ရွှေ့ပြောင်း လုပ်သားများဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန် တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ သူပေါင်း ၇၃၇၀၁ ဦးရှိသည့်အနက် ၉၁၅၂ဦး မှာပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ ဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာ လာသူပေါင်း ၆၅၉၅၀ ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၀၅ ဦးရှိသည်။



နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုအပါအဝင် ကိုဗစ်-၁၉ ရောဂါကူးစက် မှုများကို လက်ရှိအချိန်တွင် တွေ့ရှိနေရဆဲဖြစ်သည့် အတွက် ကမ္ဘောဒီးယားနိုင်ငံသားများအနေဖြင့် လက်ဆေးခြင်း၊ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်း၊ နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ ကာကွယ် ဆေးထိုးခြင်းစသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် လီအေလန်က ပြောကြားသည်။

ရောဂါခုခံနိုင်စွမ်း နည်းပါးသည့်လူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှု အပြည့်အဝ ခံယူထားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးစီးသူ ၆ ဒသမ ၇၄ သန်း ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့် ရှိသူ အော်ဗန်ဗိုင်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၁ ဒသမ ၄၁ သန်းကျော်ရှိလာ

**နယူးဒေလီ ဇူလိုင် ၂၆**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၃၆၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၁၄၁၁၂၆၂ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက် များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁၆ ဦး ထပ်မံ တွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူစုစုပေါင်း ၄၂၀၉၆၇ ဦးရှိလာကြောင်း သိရသည်။



**ရောဂါပိုးတွေ့ရှိဆဲလူနာ**
**၄၁၁၁၈၉ ဦးရှိ**

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၄၁၁၁၈၉ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၅၉၆၈ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၀၅၇၉၁၀၆ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၈၄ သန်းကျော်ရှိလာ

**ဗျူနိုအေးရိစ် ဇူလိုင် ၂၆**
အာဂျင်တီးနားနိုင်ငံ၌ ဇူလိုင် ၂၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၀၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း တွက်ချက်မှုအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၈၄၆၆၁၅ ဦး ရှိလာကြောင်း အာဂျင်တီးနားကျန်းမာ ရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဂျင်တီးနား ကျန်းမာရေးဝန်ကြီး ဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ ၁၃၇ ဦး ထပ်မံတွေ့ရှိ ခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၀၃၇၂ ဦးရှိလာကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၌ လက်ရှိတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါး ကုသမှုခံယူလျက်ရှိသူ ၄၂၁၉ ဦးရှိကြောင်း သိရသည်။ အာဂျင်တီးနားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးအလုံးရေ ၂၉ ဒသမ ၈ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း အာဂျင်တီးနား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြား သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၀၉၉ ဦး ရှိလာ

**ကိုလံဘို ဇူလိုင် ၂၆**
သီရိလင်္ကာနိုင်ငံ၌ ပြီးခဲ့သောတစ်ရက် တာအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၅ ဦး တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၀၉၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ရောဂါပိုးတွေ့ရှိဆဲလူနာ ၂၄၈၆၀ ရှိပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၉၆၅၁၆ ဦးရှိကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံ အတွင်း၌ လွန်ခဲ့သောသီတင်းပတ်များ အတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေ နှင့် အဆိုပါဗိုင်းရပ်စ် ကြောင့် သေဆုံးသူဦးရေ မြင့်တက်လာ ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်းရှိ အသက် ၆၀ နှင့်အထက်ရှိ သက်ကြီးရွယ်အိုများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံမှုခံယူရန် အရေးကြီး ကြောင်း ကျန်းမာရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူးချုပ် အယ်လ်ဆီလာ ဂူနာဝါဒီနာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၉၄၉၈၅၅၄၅ ဦး

သေဆုံးသူ ၄၁၇၈၅၅၅ ဦး

ပြန်လည်ကျန်းမာလာသူ ၁၇၆၉၀၀၉၂၆ ဦး

# လှိုင်းဘွဲ၊ ပြင်ဦးလွင်၊ ရပ်စောက်နှင့် ကွမ်းလုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



မအိချိုထွေး၊ အောင်မိုး တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ စိတ်ကြွရူးသွပ်ပြားအကြေများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၆

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် ညနေ ၃ နာရီခွဲတွင် လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအုပ်စု ထီလုံကျေးရွာ အောင်သုခလမ်းနှင့် ကုန်ထုတ်လမ်းထောင့်ရှိ ကိုရခိုင်(ခ) ကျော်လွင်ဦး၏ နေအိမ်ကိုရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဇနီးဖြစ်သူ မသန်းသန်းဋွေးကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂၀၀ ကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ အမှတ်(၁၅)ရပ်ကွက်ကြီး မြို့ရှောင်လမ်း ဖောင်းတော ကျေးရွာအနီးတွင် အောင်မိုးမောင်းနှင်ပြီး မအိချိုထွေး လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် သုည ဒသမ ၇၂ ကီလိုကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီခွဲတွင် ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ပင်ဖြစ်-ဝါးပြား သွားကားလမ်း ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ တံတားအနီးတွင် ဇင်သူမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း။

အလားတူ ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ် ပြိန်းရဲကျေးရွာအုပ်စု တုံကျက်ကျေးရွာအနီးတွင် ကွမ်စိန်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၂၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## "မြစ်ရေကြီးခြင်း ဖြစ်ပွားသည့်အခါတွင် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန်အချက်များ"

### မြစ်ရေကြီးခြင်း မကြာခဏ ဖြစ်ပွားတတ်သည့်ဒေသများတွင် မြစ်ရေမကြီးမီ ကြိုတင်ဆောင်ရွက်ရန်

- နေအိမ်အဆောက်အဦများကို ရေမနစ်မြုပ်နိုင်သည့် ကုန်းမြင့်ဒေသ၌ ဆောက်လုပ်နေထိုင်ရန်၊
- လှေ၊ ပွဲထောင်၊ အသက်ကယ်အင်္ကျီ၊ ဝါး/ ၄က်ပျောတုံး/ သစ်တုံးဆောင်ထားရန်၊
- လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းနိုင်မည့်လမ်းကို ကြိုတင်သတ်မှတ်ထားရန်၊
- မိမိတို့မိသားစုအား ရေကူးသင်ပေးရန်၊ အရေးကြီး သယ်ဆောင်ရမည့် ပစ္စည်းများကို ပြောပြထားရန်၊
- လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲသုံးရေဒီယို၊ သောက်ရေ၊ အစားအစာများ ကြိုတင်စုဆောင်းထားရန်။

### မြစ်ရေကြီးမည့် သတိပေးချက်ရရှိပါက-

- မိမိတို့ မိသားစု ပိုမိုလုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်၊ အန္တရာယ်ရှိမည့်နေရာများသို့ သွားခြင်းမပြုရန်၊
- ကျွဲ၊ နွား တိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းရန်၊
- ရေဒီယိုမှ သတိပေးချက်/ထုတ်လွှင့်ချက်ကို နားထောင်ရန်၊
- သောက်ရေကို ပုံး(သို့မဟုတ်) သန့်ပြန့်သော ဗူးများတွင် သိုလှောင်ရန်၊
- အရေးကြီးသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံသောနေရာသို့ ပြောင်းရွှေ့ထားရန်၊

### မြစ်ရေကြီးနေစဉ်

- ရေနစ်မြုပ်သည့်နေရာများသို့ လမ်းလျှောက်သွားခြင်း မပြုရန်၊
- မိမိဒူးထက်မြင့်သော ရေစီးကြောင်းကို ဖြတ်ကူးရန် မကြိုးစားပါနှင့်၊
- မြွေ၊ အဆိပ်ရှိသည့် သတ္တဝါများကို သတိထားရန်၊

### မြစ်ရေကြီးပြီးနောက်

- ရေကို ကြိုချက်သောက်ပါ၊
- အန္တရာယ်ကျရောက်သောနေရာသို့ မသွားပါနှင့်၊
- လက်နှိပ်ဓာတ်မီးကိုသာ အသုံးပြု၍ သွားလာပါ၊
- နီးစပ်ရာ ဆေးရုံ/ဆေးခန်းမှ လိုအပ်သော ကျန်းမာရေး အကူအညီ တောင်းခံပါ၊

**မြစ်ရေကြီးသည့် အန္တရာယ်ကို မြစ်၊ ချောင်းများအနီး နေထိုင်သူများအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။**

၂၀၂၂ ခုနှစ်၊ ဇွန်လ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၇-၂၀၂၂ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ သီးနှံသစ်တောရောနှောစိုက်ပျိုး တိုင်းပြည်ဝင်ငွေတိုး
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်'
- ၁၆:၃၅ ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ
- ၁၇:၀၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး 'အုံ့မခန်းဖွယ်ရာပန်းတဉ်းပညာ'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၂၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- ၁၉:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၃၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၁၂)
- ၂၂:၁၀ ပြည်သူ့နီတိ 'ဘဝလမ်းကိုရွေးချယ်ခြင်း'

### mitv

- 07:01 News
- 07:27 Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:33 The Richly Blessed Gem Land
- 08:01 Clay Toy Pots Festiva
- 08:18 TBetween the Beaches: Chaung Tha Vs Ngwe Saung
- 08:29 Yoga & Health
- 08:49 Myanmar Childhood Games (Episode-3)
- 09:01 Traveling in Kayah State
- 09:10 Myanmar Handicrafts
- 09:41 Inle Traditional Dance
- 09:48 Myanmar Masterclass: Artist Pann Kyi
- 10:13 The Largest Nunnery In Myanmar
- 10:43 Myanma Thanakha
- 11:24 Trend of Kachin Dress

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
မနောအလှမယ်(အပိုင်း-၃)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတ

**ဝကြောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရောဝတီရဲ့အရိုင်းသန်တဲ့အလှငေါ်ရန်ဂျီကျွန်း (အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မေမေလုပ်ကျွေးတဲ့ဟင်းထုပ်

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
သင်မယ်၊ ရေးမယ်၊ ဒို့ချင်းစာ(အပိုင်း-၃၄)

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
ပဒါးအိမ်နူးသို့အလည်တစ်ခေါက်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဓာတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရှေးလက်ရာ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝက်နံရိုးချဉ်စပ်ချက်စားကြရအောင်

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
- ၁၁:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (ကိုဗစ်-၁၉) မိမိကစ၍ ကာကွယ်ပါ

ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို “ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ” ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေးနှိုးဆော်တိုက်တွန်းအပ်ပါသည် –

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျ တပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက် မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ/ ဆီးချို/ သွေးတိုး/နှလုံးစသည့် နာတာရှည်ရောဂါ အခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း (Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်ပါ၊

(၁၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ၊

(၁၃) အပြင်ထွက်လျှင် ပါးစပ်နှင့်ခေါင်းစည်း(Mask) ကို စနစ်တကျ မတပ်ဆင်ခြင်းနှင့် လူစုလူဝေးပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။









**○ ကျောဖုံးမှ**

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများစစ်ဆေးတွေ့ရှိချက်အရ မဲမသမာမှုဖြစ်ပွားခဲ့သော မှားယွင်းခဲ့သည့် တစ်နိုင်ငံလုံးမဲဆန္ဒရှင်အရေအတွက် စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဆန္ဒမဲလက်မှတ်များကို မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲရုံတိုင်း၌ ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို တွေ့ရှိရပြီး မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ ယင်းမဲလက်မှတ်လျော့နည်းပျောက်ဆုံးခြင်းနှင့် အပိုတွေ့ရှိမှုများသည် တရားမဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် စစ်ဆေးတွေ့ရှိသည့် မဲမသမာမှုဖြစ်ပွားခဲ့သော မဲစာရင်းနှင့် ဆန္ဒမဲလက်မှတ်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် ပေါင်း | မဲရုံ ပေါင်း | မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက် | | | | | | | ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | နိုင်ကတ် မရှိ | (၃) ကြိမ် အထက် | (၂) ကြိမ် | တိုင်း/ ပြည်နယ် Cross Check | ၁၀၀ နှစ် အထက် | ၁၈ နှစ် အောက် | မဲမသမာမှု စုစုပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု အရေအတွက် | ကျန်ရမည့် အရေအတွက် | မြေပြင် လက်ကျန် | ပျောက်ဆုံး | ပို |
| ၁ | ကချင် | ၁၈ | ၉၁၉ | ၉၂၄၅၂ | ၇၆၃၃ | ၁၀၂၈၇၆ | ၆၀၅၉၀ | ၆၇၉ | ၄၉၇ | ၂၆၄၇၂၇ | ၁၃၀၁၀၉၄ | ၇၆၁၃၂၄ | ၅၃၉၇၇၀ | ၅၃၆၈၈၉ | ၉၄၄၉ | ၆၅၆၈ |
| ၂ | ကယား | ၇ | ၂၃၃ | ၅၅၅၂ | ၉၃၀ | ၁၆၆၈၀ | ၅၉၁၂ | ၂၃၈ | ၄၄ | ၂၉၃၅၆ | ၂၃၈၈၀၅ | ၁၆၂၈၄၉ | ၇၅၉၅၆ | ၇၅၂၇၆ | ၂၄၆၈ | ၁၇၈၈ |
| ၃ | ကရင် | ၇ | ၈၅၂ | ၂၄၁၉၅၃ | ၁၅၂၅၈ | ၁၂၈၂၁၀ | ၁၅၂၉၄ | ၉၁၇ | ၈၂၂ | ၄၀၂၄၇၄ | ၁၃၆၆၂၂၂ | ၆၄၁၈၄၈ | ၇၂၄၃၇၄ | ၆၅၄၀၂၉ | ၇၂၂၇၂ | ၁၉၂၇ |
| ၄ | ချင်း | ၉ | ၉၅၇ | ၁၅၅၈၀ | ၂၉၈၁ | ၃၄၂၄၈ | ၁၉၅၄ | ၃၆၆ | ၁၈၅ | ၅၅၃၁၄ | ၄၂၇၄၅၅ | ၂၁၈၅၉၅ | ၂၀၈၈၆၀ | ၁၉၆၆၇၃ | ၁၆၇၄၆ | ၄၅၅၉ |
| ၅ | စစ်ကိုင်း | ၃၇ | ၄၁၀၇ | ၃၃၇၄၈၄ | ၃၉၂၂၀ | ၄၆၀၉၁၆ | ၇၁၈၇၂ | ၁၈၉၇ | ၁၄၆၆ | ၉၁၂၈၅၅ | ၄၈၃၄၀၅၂ | ၃၃၅၈၆၅၉ | ၁၄၇၅၃၉၃ | ၁၄၁၀၂၂၀ | ၁၂၉၅၅ | ၆၄၃၇၂ |
| ၆ | တနင်္သာရီ | ၁၀ | ၁၂၀၅ | ၁၉၃၉၉၁ | ၈၁၂၀ | ၁၁၂၇၅၆ | ၂၈၉၅၈ | ၇၀၈ | ၃၆၆ | ၃၄၄၈၉၉ | ၁၂၉၉၉၇၂ | ၇၈၇၉၇၆ | ၅၁၁၉၉၆ | ၄၉၅၂၁၉ | ၂၄၀၉၈ | ၇၃၂၁ |
| ၇ | ပဲခူး | ၂၈ | ၄၁၄၄ | ၈၅၈၆၁၁ | ၃၇၁၆၂ | ၃၈၂၀၅၈ | ၆၁၀၀၈ | ၁၉၈၅ | ၈၇၇ | ၁၃၄၁၇၀၁ | ၄၄၂၁၈၂၀ | ၂၈၀၁၈၈၃ | ၁၆၁၉၉၃၇ | ၁၅၃၆၁၃၂ | ၁၅၁၈၆၇ | ၆၈၀၆၂ |
| ၈ | မကွေး | ၂၅ | ၄၅၄၈ | ၁၇၂၉၇၆ | ၃၃၉၅၆ | ၃၉၇၅၀၄ | ၄၅၂၄၂ | ၁၅၆၇ | ၆၅၀ | ၆၅၁၈၉၅ | ၃၈၂၀၅၆၁ | ၂၅၅၁၆၈၁ | ၁၂၆၈၈၈၀ | ၁၁၉၀၅၃၃ | ၈၆၈၇၂ | ၈၅၂၅ |
| ၉ | မန္တလေး | ၂၈ | ၅၄၄၇ | ၃၈၈၂၈၂ | ၃၈၀၉၀ | ၅၁၆၇၇၆ | ၂၁၇၆၆၈ | ၃၁၅၁ | ၁၂၃၉ | ၁၁၆၅၂၀၆ | ၅၄၆၇၈၈၄ | ၃၇၉၂၄၄၇ | ၁၆၇၅၅၃၇ | ၁၅၀၇၇၇၈ | ၂၂၁၅၄၆ | ၅၃၇၈၇ |
| ၁၀ | မွန် | ၁၀ | ၉၇၃ | ၃၀၅၉၈၇ | ၁၃၀၀၂ | ၁၇၄၂၆၈ | ၂၆၈၂၈ | ၉၀၂ | ၄၈၅ | ၅၂၄၇၂ | ၂၀၂၇၇၆ | ၁၀၃၉၂၉၅ | ၉၈၄၄၈၁ | ၉၅၀၆၂၅ | ၄၅၅၆၈ | ၁၁၇၁၂ |
| ၁၁ | ရခိုင် | ၈ | ၇၈၄ | ၇၇၅၇၃ | ၄၁၀၁ | ၄၇၇၁၂ | ၃၅၉၈ | ၃၄၁ | ၂၂၃ | ၁၃၃၅၄၈ | ၈၅၇၃၂၁ | ၃၂၈၉၁၈ | ၅၂၈၄၀၃ | ၅၂၂၅၀၂ | ၉၇၁၈ | ၁၈၃၇ |
| ၁၂ | ရန်ကုန် | ၄၅ | ၅၈၀၉ | ၇၄၇၁၃၈ | ၁၁၀၇၀ | ၂၆၉၄၁၂ | ၄၀၅၃၆၆ | ၂၂၂၂ | ၁၉၀၉ | ၁၄၃၇၁၁၇ | ၆၆၈၉၂၇၀ | ၄၀၈၅၆၈၆ | ၂၆၀၃၅၈၄ | ၂၃၃၇၁၅၀ | ၃၅၇၉၃၇ | ၉၁၅၀၃ |
| ၁၃ | ရှမ်း | ၅၉ | ၃၅၉၁ | ၆၁၆၅၃၁ | ၂၂၆၉၇ | ၃၀၉၂၄၈ | ၆၉၀၅၄ | ၂၅၉၇ | ၁၉၉၆ | ၁၀၂၂၁၃၂ | ၄၀၂၁၁၉၄ | ၂၃၉၉၂၂၅ | ၁၆၂၃၉၆၉ | ၁၅၇၄၉၀၇ | ၉၆၆၆၆ | ၄၇၆၀၄ |
| ၁၄ | ဧရာဝတီ | ၂၆ | ၅၇၄၈ | ၇၀၆၉၈၄ | ၅၄၂၈၅ | ၅၆၇၃၀၀ | ၃၉၇၄၂ | ၂၇၀၇ | ၃၃၃၉ | ၁၃၇၄၃၅၇ | ၅၃၁၈၂၀၅ | ၃၄၇၉၈၆၉ | ၁၇၅၈၃၃၆ | ၁၆၄၁၃၄၁ | ၁၈၂၇၁၉ | ၆၅၇၂၄ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၈ | ၆၄၆ | ၁၀၈၃၃၃ | ၆၉၀၀ | ၇၆၂၂၂ | ၃၈၆၉၀ | ၂၈၉ | ၃၁၄ | ၂၃၀၇၄၈ | ၉၉၄၇၅၁ | ၆၈၇၉၀၃ | ၃၀၆၈၄၈ | ၂၉၁၅၀၉ | ၁၆၉၀၀ | ၁၅၆၁ |
| | ပေါင်း | ၃၁၅ | ၃၉၉၆၃ | ၄၈၆၉၄၂၇ | ၂၉၅၄၀၅ | ၃၅၉၆၂၀၆ | ၁၀၉၁၇၇၆ | ၂၀၅၆၆ | ၁၄၄၁၂ | ၉၈၈၇၇၉၂ | ၄၃၀၀၄၃၈၂ | ၂၇၀၉၈၀၅၈ | ၁၅၉၀၆၃၂၄ | ၁၄၉၂၀၇၈၃ | ၁၄၂၄၃၉၃ | ၄၃၈၈၅၀ |
| | တစ်နိုင်ငံလုံး Cross Check | | | | | | ၁၄၁၇၅၉၈ | | | ၁၄၁၇၅၉၈ | | | | | | |
| | **စုစုပေါင်း** | ၃၁၅ | ၃၉၉၆၃ | ၄၈၆၉၄၂၇ | ၂၉၅၄၀၅ | ၃၅၉၆၂၀၆ | ၂၅၀၉၃၇၄ | ၂၀၅၆၆ | ၁၄၄၁၂ | ၁၁၃၀၅၃၉၀ | ၄၃၀၀၄၃၈၂ | ၂၇၀၉၈၀၅၈ | ၁၅၉၀၆၃၂၄ | ၁၄၉၂၀၇၈၃ | ၁၄၂၄၃၉၃ | ၄၃၈၈၅၀ |

၃။ ထို့ပြင် သက်ဆိုင်ရာ မြို့နယ်အလိုက်မဲစာရင်းများ၊ ဆန္ဒမဲလက်မှတ် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများနှင့် ဆန္ဒမဲပေးမှုအခြေအနေများကို စိစစ်ရာတွင် အောက်ဖော်ပြပါအတိုင်း စိစစ်တွေ့ရှိရပါသည်–

(က) ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသူများအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း၊

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေစာရင်းများထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်မှုများဖြစ်ပွားခဲ့ခြင်း၊

( ဂ ) မဲစာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်း၊

(ဃ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉–၁၀–၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့ဝင်များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ခြင်း၊

( င ) ကိုဗစ် – ၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်မဲဆန္ဒပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈–၁၀–၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ညွှန်ကြားချက်ကို ၁၁–၁၀–၂၀၂၀ ရက်နေ့တွင်လည်းကောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခြင်းကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်း၊

( စ ) မဲဆန္ဒရှင်များဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များမဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉–၈–၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့်ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ် မရှိသူများကို မဲပေးခွင့်ပြုခဲ့ခြင်း၊

(ဆ) ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါက ခိုင်လုံမဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်း၊

( ဇ ) မဲရုံတိုင်း၌ မဲစာရင်းများအရေအတွက်များစွာ မှားယွင်းမှုဖြစ်ပေါ်ခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ တမင်ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်း၊

( ဈ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်း စသည့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တွင် NLD ပါတီအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြု၍ ဝင်ရောက်စွက်ဖက် မလျော်သြဇာသုံးကာ မသမာမှုများဆောင်ရွက်ခဲ့ခြင်း၊

(ည) NLD ပါတီမဟုတ်သည့် အခြားနိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများအားလုံးအား အုပ်ချုပ်ရေးအာဏာကိုလည်းကောင်း၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်၊ တားမြစ်ချက်များကိုလည်းကောင်း အလွဲသုံးခြင်းဖြင့် ကန့်သတ်ထိန်းချုပ်၍ နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ခြင်း၊

( ဋ ) ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယင်းအား တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ခြင်း။

၄။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍ တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ကြေညာလိုက်သည်။

**(သိန်းစိုး)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရှုလော့ . . စဉ်းစားလော့ . . သင်ယူလော့ . .
# အားကုန်ထုတ်၍ အလုပ်လုပ်ကြလော့



ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

☆ ကိုယ့်နိုင်ငံရဲ့သမိုင်းကြောင်းကို နိုင်ငံတကာနဲ့ယှဉ်ထိုးကြည့်၊ မျက်မှောက်ခေတ်မှာ အစစအရာရာ ဖြစ်ပေါ်ပြောင်းလဲမှုတွေကို ရှုကြည့်ကြလော့။

☆ နိုင်ငံတိုင်းဟာ ကိုယ့်သမိုင်းကြောင်းတွေအရ အကောင်းဆုံး၊ အမှန်ကန်ဆုံးလို့ခံယူပြီး နိုင်ငံရေး၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ခဲ့ကြတာတွေကို ရှုမြင်သုံးသပ်ကြလော့။

☆ မြန်မာ့တံခါးကိုဖွင့်ကြည့်ကြလော့ အနာဂတ်ကိုမြော်မြင်ပြီး သတိဉာဏ် မြေကတုတ်နဲ့ သင်ယူ အားထုတ် အလုပ်လုပ်ကြလော့ဆိုတဲ့ အချက်များနဲ့ ဒီဆောင်းပါးကို စချင်ပါတယ်။

**ပုဂံယဉ်ကျေးမှုဟာ နှစ်ပေါင်း ၃၀၀ တိုင်**

မြန်မာတွေဟာ မြန်မာ့မြေပေါ်မှာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ ကိုယ့်ဘုရင် ကိုယ့်သခင်နဲ့ နေလာခဲ့တဲ့ဂုဏ် ပုဂံယဉ်ကျေးမှုဟာ နှစ်ပေါင်း ၃၀၀ တိုင် အစွန့်ရှည်ကြာစွာ ရပ်တည်ခဲ့တဲ့ဂုဏ်ဟာ ကမ္ဘာ့အလယ်မှာ ထည်ဝါခဲ့ပါတယ်။

☆ အေဒီ ၁၅၅၀ ကျော်မှာ ဘုရင့်နောင်ဟာ ကမ္ဘောဇသာဒီ နန်းတော်ကြီး တည်ဆောက်ပြီး နန်းစံခဲ့ပါတယ်။ အနီးအနားနိုင်ငံတွေအပေါ်မှာ ဩဇာ သက်ရောက်မှု ရှိခဲ့ပါတယ်။ အမြော်အမြင်ကြီးကြီးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ခေတ်ပြိုင်အေဒီ ၁၆၀၀ လောက်က ဘာကင်ဂန်နန်းတော် (Buckingham Palace) ကို လန်ဒန်မှာ တည်ဆောက်ခဲ့တာ ကျွန်တော်တို့ထက် နောက်ကျခဲ့ပေမယ့် ယနေ့တိုင် တည်တံ့နေပါတယ်။ စည်းလုံးညီညွတ်မှု လျော့ရဲလာတဲ့အပြင် ဘေးပယောဂတွေ ဝင်မှန်းမသိတဲ့ ဘုရင်မင်းလက်ထက်မှာ ကမ္ဘောဇသာဒီနန်းတော်ကြီးဟာ ပျက်သုဉ်းခဲ့ရပါတယ်။ အတိတ်သမိုင်းကို အပြစ်မတင်ပါဘူး။ သင်ခန်းစာတွေရှုလော့၊ မတွေမဝေ စဉ်းစားသုံးသပ်ဖို့၊ ဘာတွေအားသာပြီး ဘယ်အရာကိစ္စတွေမှာ အားနည်းနေလဲဆိုတာ သင်ယူဖို့၊ ပြီးရင် အကောင်းဆုံး အမှန်ကန်ဆုံးလမ်းကိုရွေးချယ် တညီတညွတ်တည်း တကယ်အလုပ်လုပ်ဖို့ပဲ ဖြစ်ပါတယ်။

☆ ခေတ်ပြိုင် ၁၆၃၆ ခုနှစ် အမေရိကမှာ ဟားဗတ်တက္ကသိုလ်ကို ဖွင့်လှစ်တည်ထောင်ခဲ့ပါတယ်။ ကျွန်တော်တို့က တက္ကသိုလ်ပညာရေးကို ၁၈၇၈ ခုနှစ်ရောက်မှ စတင်နိုင်ခဲ့ပါတယ်။ ဟားဗတ်တက္ကသိုလ်နှင့် ယှဉ်ကြည့်ရင် ရန်ကုန်တက္ကသိုလ်ဟာ နှစ်ပေါင်းသုံးရာနီးပါး တာထွက်နောက်ကျခဲ့ပါတယ်။

☆ အေဒီ ၁၇၅၂ ခုနှစ်မှာ အလောင်းမင်းတရားကြီးက ကုန်းဘောင်ခေတ်ကို တည်ထောင်ခဲ့ပါတယ်။ စည်းလုံးညီညွတ်မှု ရှိခဲ့တယ်။ စပါးဆန်ရေ ပေါများအောင် ဆောင်ရွက်ခဲ့တယ်။ စာပေကျမ်းဂန်တွေ ထွန်းကားလာခဲ့ပါတယ်။ ရေမြေသယံဇာတ သစ်တောသယံဇာတတွေကို အကြောင်းပြုပြီး ဝင်ရောက်လာတဲ့ ဝိသမလောဘသမားတို့ရဲ့ ခြေလှမ်းအလွန်ကျယ်ခဲ့တဲ့ကာလနဲ့ မြန်မာဘုရင်တို့ဟာ ကြုံခဲ့ကြရပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ပဲခူး၊ ဟံသာဝတီ၊ ရန်ကုန်၊ ပုသိမ်၊ ဟိုင်းကြီးကျွန်း အရေးကိစ္စများကို ဖြေရှင်းခဲ့ရလို့ မြန်မာ့ခေါင်းဆောင်တွေဟာ အားတွေကုန်ခဲ့ရပါတယ်။

☆ မြန်မာနိုင်ငံမှာ အခုခေတ်လို အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ခဲ့တာကတော့ ၁၈၁၃ ခုနှစ်က ဖြစ်ပါတယ်။




အပင်မျိုးရိုးဗီဇကို စတင်သိရှိသူ ဂရီဂို မင်ဒယ်။



အက်တမ် သီအိုရီကို ဖော်ထုတ်ခဲ့သူ ဂျွန်ဒေါ်လတန်။

**စက်မှုထွန်းကားဖို့**

အဲဒီအချိန်မှာ ဂျွန်ဒေါ်လတန် (John Dalton) က အထက်တန်းကျောင်းဆရာဘဝမှာ အက်တမ်သီအိုရီကို ဖော်ထုတ်ခဲ့ပါတယ်။ ဥရောပတစ်ခွင်မှာ လက်တွေ့ပါတဲ့အခြေခံသိပ္ပံ (Basic Science) ကို အခြေချနိုင်တဲ့သဘောကို တွေ့ရပါတယ်။ ၁၈၄၀ ပြည့်နှစ်ရောက်တော့ စက်မှုထွန်းကားဖို့ကိစ္စမှာ သိပ္ပံပညာအခြေခံတွေဟာ အကြောင်းတရားပဲ ဖြစ်ခဲ့ပါတယ်။

၁၈၄၀ ပြည့်နှစ်များမှာ တရုတ်နဲ့ အိန္ဒိယနိုင်ငံကြီး နှစ်နိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကို လွှမ်းခြုံခဲ့ပါတယ်။ သဘာဝတွင်းထွက်ပစ္စည်းများဖြစ်တဲ့ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများနဲ့ လက်လုပ်ပိုးထည်တွေ ထုတ်လုပ်ရောင်းချခြင်းနဲ့ စီးပွားဖြစ်ခဲ့ပါတယ်။

**စက်မှုနည်းပညာထွန်းကားခြင်း**

တရိပ်ရိပ်စက်မှုထွန်းကားလာတဲ့ ဥရောပနဲ့ အမေရိကန်နိုင်ငံများဟာ စက်ရုံ၊ အလုပ်ရုံများမှာ ကုန်ပစ္စည်းမျိုးစုံကိုထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ခဲ့ပါတယ်။ ဈေးကလည်းသက်သာ၊ ပစ္စည်းတွေကလည်း သေသပ်လှပပြီး လူကြိုက်များခဲ့ပါတယ်။ ၁၉၀၈ ခုနှစ်ထုတ်တဲ့ ဖို့ဒ် (Ford) Model ကားတစ်စီးဟာ ဒေါ်လာ ၉၀၀ ပေးဝယ်ရပါတယ်။ ၁၉၂၅ ခုနှစ်ရောက်တော့ အဲဒီကားမျိုးဟာ တစ်စီးလျှင် ဒေါ်လာ ၂၉၀ ထိ ကျဆင်းသွားတော့ လူများစုဝယ်နိုင်လာပါတယ်။ စက်မှုနည်းပညာထွန်းကားခြင်းရဲ့ ရလဒ်ပဲ။ သိပ္ပံနဲ့ နည်းပညာထွန်းကားတဲ့ နိုင်ငံတွေဟာ ပိုပြီး ချမ်းသာသွားကြပါတယ်။

အမေရိကန် အဆင့်မြင့်ပညာရေးကို တစေ့တစောင်း လေ့လာကြည့်ရင် အမေရိကန်တို့ဟာ ၁၆၃၆ ခုနှစ်မှာ ဟားဗတ်တက္ကသိုလ်၊ ၁၈၃၉ ခုနှစ်မှာ ဘော့စတွန် တက္ကသိုလ်၊ ၁၈၉၁ ခုနှစ်မှာ စတင်းဖို့ဒ် တက္ကသိုလ်တို့ကို ပုဂ္ဂလိက သုတေသန တက္ကသိုလ်များအဖြစ် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ထောင်ခဲ့ပါတယ်။ အမေရိကန်တို့ဟာ အရှေ့အရပ်မှ အနောက်အရပ်သို့ ရွှေ့လျားလာကြပြီး ပရေရီ (Prairie) မြက်ခင်းနဲ့ ပူပြင်းခြောက်သွေ့တဲ့ဒေသတွေနဲ့ သဟဇာတဖြစ်တဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ချမှတ်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ၁၈၆၂ ခုနှစ်မှာ–မိုရဲလ် (Morrill) အက်ဥပဒေနဲ့ အမေရိကန် အဆင့်မြင့်ပညာရေးကို ကြီးမားစွာ ပြုပြင်ပြောင်းလဲခဲ့ကြောင်း မှတ်တမ်းတစ်ခုအရ သိရပါတယ်။

အေဒီ ၁၈၅၀ ခုနှစ်တစ်ဝိုက်မှာ ဂရီဂိုမင်ဒယ် (Gregor Johann Mendel, 1822 – 1884) အမည်ရှိ ဩစတြီးယန်း (Austrian) ဘုန်းကြီးတစ်ပါးဟာ ဘုရားကျောင်းဥယျာဉ်အတွင်း ပဲပင်များကို စနစ်တကျစိုက်ပျိုးပြီး လေ့လာခဲ့တာမှ မျိုးရိုးဗီဇကို စတင်နားလည်ခဲ့ရပါတယ်။

စာမျက်နှာ ၁၈ သို့ ✢

❖ ၁၉၂၇ ခုနှစ်က ကမ္ဘာ့လူဦးရေသန်းနှစ်ထောင်၊ ၁၉၉၉ ခုနှစ်က သန်းခြောက်ထောင်ကို ကျွေးမွေးနိုင်တာ မျိုးရိုးဗီဇကို အခြေခံပြီး ထုတ်လုပ်တဲ့ ကောက်ပဲသီးနှံတွေကြောင့်ပဲ ဖြစ်ပါတယ်။ နည်းပညာဟာ လူသားတို့အတွက် အကျိုးပြုတယ်လို့ ပြောရမှာပဲ။ နည်းပညာရဖို့ ကိုယ်တိုင်လုပ်ရပါလိမ့်မယ်။

❖ ၁၉၅၈ ခုနှစ်မှာ မြန်မာဟာ ဆန်တန်ချိန် ၆ ဒသမ ၄ သန်း ထွက်ရှိတော့ ကမ္ဘာကို ဆန်တန်ချိန် အများဆုံး တင်ပို့ရောင်းချတဲ့စံချိန်ကို တင်ခဲ့ပါတယ်။



✢ စာမျက်နှာ ၁၇ မှ

**မျိုးရိုးဗီဇကိုအခြေခံ**

၁၉၂၇ ခုနှစ်က ကမ္ဘာ့လူဦးရေသန်းနှစ်ထောင်၊ ၁၉၉၉ ခုနှစ်က သန်းခြောက်ထောင်ကို ကျွေးမွေးနိုင်တာ မျိုးရိုးဗီဇကိုအခြေခံပြီးထုတ်လုပ်တဲ့ ကောက်ပဲသီးနှံတွေကြောင့်ပဲ ဖြစ်ပါတယ်။ နည်းပညာဟာ လူသားတို့အတွက် အကျိုးပြုတယ်လို့ ပြောရမှာပဲ။ နည်းပညာရဖို့ ကိုယ်တိုင်လုပ်ရပါလိမ့်မယ်။

လွန်ခဲ့တဲ့ နှစ် ၂၀၀ ကျော်လောက်ကတည်းက အမေရိကန်နိုင်ငံဟာ သူ့ရဲ့ပြည်သူတွေကို ပညာသင်ပေးခဲ့ပါတယ်။ အခြေခံအဆောက်အအုံတွေကိုလည်း တည်ထောင်ခဲ့ပါတယ်။ ပညာပိုင်းဆိုင်ရာပညာရှင်တွေ ငွေကြေးအရင်းအနှီးသွင်းအားစုတွေ စုဆောင်းခဲ့ပါတယ်။ နည်းပညာပိုင်းဆိုင်ရာမြင့်မားတဲ့ နည်းနိဿရည်းတွေကိုလည်း မွေးစားခဲ့ပါတယ်။ ဒါရဲ့ အကျိုးကျေးဇူးဟာ အမေရိကန်တို့ရဲ့ စိုက်ပျိုးရေးနဲ့ ချည်မျှင်ချည်ထည်ထုတ်လုပ်မှုမှာ အကျိုးအမြတ်များစွာ ဖြစ်ထွန်းခဲ့ပါတယ်။ ၁၈၉၀ ပြည့်နှစ်မှာ အမေရိကန်တို့ဟာ စက်မှုလယ်ယာကို တည်ထောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အမေရိကန်တစ်ဦးဟာ ပျမ်းမျှ တစ်ပတ် ၅၂ နာရီ အလုပ်လုပ်ကြရပါတယ်။ နည်းပညာတိုးတက်လာတာကြောင့် ယနေ့ အမေရိကန်တို့ဟာ ၃၇ ဒသမ ၉ နာရီသာ အလုပ်လုပ်ကြရပါတော့တယ်။

☆ ၁၉၅၄ ခုနှစ်များမှာ ဖွံ့ဖြိုးမှုအလားအလာအကောင်းဆုံးနိုင်ငံဟာ မြန်မာနိုင်ငံလို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့ပါတယ်။ သဘာဝသယံဇာတကြွယ်ဝမှုနဲ့ လွတ်လပ်စနိုင်ငံ၊ မြန်မာတို့ရဲ့ ရိုးသားကြိုးစားမှုကို အခြေပြုပြီး ပြောတာဖြစ်မယ်။

☆ ၁၉၅၈ ခုနှစ်မှာ မြန်မာဟာ ဆန်တန်ချိန် ၆ ဒသမ ၄ သန်းထွက်ရှိတော့ ကမ္ဘာကို ဆန်တန်ချိန်အများဆုံး တင်ပို့ရောင်းချတဲ့စံချိန်ကို တင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ ကျွန်တော်တို့စံချိန်မမီခဲ့ပါဘူး။

ဖိလစ်ပိုင်နိုင်ငံက နိုင်ငံတကာအကူအညီနဲ့ International Rice Research Institute (IRRI Established in 1960) ကို တည်ထောင်ခဲ့ပြီး စပါးထုတ်လုပ်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ IRRI ဟာ ဇီဝနည်းပညာကို အခြေပြုတဲ့ ထုတ်လုပ်မှုသို့ ခြေဦးလှည့်တာ ဖြစ်ပါတယ်။ အထွက်တိုးမျိုးကောင်းစပါးတွေ ရရှိရေး၊ ရာသီဥတုနဲ့ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိတဲ့ စပါးမျိုးတွေ ပေါ်ထွန်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနကြီးဟာ ဖိလစ်ပိုင်နိုင်ငံမှာ ပေါ်ပေါက်ခဲ့ပါတယ်။

☆ ၁၉၇၀ – ၁၉၈၀ နှစ်များမှာ ကျွန်တော်တို့မြန်မာတွေဟာ ရာကျော်စပါးတွေနဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးလှိုင်းဂယက်တွေထဲမှာ တဝဲလည်လည်ဖြစ်ခဲ့ရပါတယ်။ မြန်မာ့ဆန်ဈေးကွက်လည်း ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီနေရာကို ထိုင်းနိုင်ငံနဲ့ဗီယက်နမ်နိုင်ငံတို့က ရသွားကြပါတယ်။

၁၉၈၀–၁၉၉၀ နှစ်များမှာ တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံပေါင်း ကုန်သွယ်မှုဟာ ၄၀ ရာခိုင်နှုန်းမရှိတော့ဘဲ ၃ ဒသမ ၄ ရာခိုင်နှုန်းသာ လွှမ်းခြုံနိုင်ပါတော့တယ်။ ဒီနိုင်ငံကြီး နှစ်နိုင်ငံပေါင်းရဲ့ သိပ္ပံနဲ့နည်းပညာသုတေသနစွမ်းပကားဟာလည်း ကမ္ဘာ့သုတေသနစာတမ်းပေါင်းရဲ့ ၃ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိပါတယ်။ သုတေသနတွေလုပ်နိုင်တာ တက္ကသိုလ်တွေမှာ အတွေးအခေါ်အမြော်အမြင်မြင့်မားတဲ့ ကျွမ်းကျင်ပညာရှင်တွေ၊ ပါမောက္ခတွေဟာ ပင်ရင်းပဲ။ သိပ္ပံနဲ့နည်းပညာဟာ ပို၍အခရာကျတာ တွေ့ရမှာဖြစ်ပါတယ်။

ရှေးယခင်က ဂျပန်နိုင်ငံဟာ ကမ္ဘာနဲ့ကင်းကွာခဲ့တဲ့ ကျွန်းနိုင်ငံလေးတစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူးလူးဆက်ဆံမှုကို ထိန်းချုပ်ခဲ့ပါတယ်။ သဘာဝကပေးတဲ့လက်ဆောင်နဲ့ပဲ ကျေနပ်ရောင့်ရဲတဲ့လူမျိုးပဲ။ ဂျပန်တို့ရဲ့ သင်ယူလေ့လာရေးက ဆွဲဆောင်မှုမရှိ၊ နည်းပညာသစ်ကိုရယူဖို့၊ နည်းပညာသစ်များမှာ အံ့ဝင်ခွင်ကျအသုံးတည့်ဖို့ ဆန္ဒပြင်းပြင်းပြပြရှိခဲ့ဟန်မတူဘူးလို့ ပြောရမှာဖြစ်ပါတယ်။ ၁၈၅၃ ခုနှစ်အတွင်းမှာ ကိုမိုဒို မက်သရူးပယ်ရီ (Commodore Mathew Perry) ဟာ အနက်ရောင်သင်္ဘောကြီးနဲ့ ဂျပန်ကျွန်းကိုရောက်လာတော့ ဂျပန်တို့ရဲ့ ယခင်က အတွေးအခေါ် ခံယူချက်တွေ ပြောင်းလဲသွားပါတယ်။ ဂျပန်လူမျိုးတို့ဟာ ရှုမြင်ပုံမှာ မြင့်မားလာပါတယ်။ ပိုစဉ်းစားလာကြပါတယ်။ နည်းပညာရမှဖြစ်တော့မယ်ဆိုတာ ဂျပန်တို့ ကောင်းစွာသိသွားကြပါတယ်။ နောက်တော့ တစ်သက်တာသင်ယူရင်း အလုပ်လုပ်တော့တာပဲလို့ ပြောချင်ပါတယ်။ ပညာရပ်တွေရဲ့တန်ဖိုး နားလည်ပြီး အလုပ်လုပ်နိုင်ဖို့နဲ့ ခေတ်အဆက်ဆက် စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့ ပညာရေးကို အားပေးတော့တာဖြစ်ပါတယ်။

☆ ခေတ်ပြိုင် ကျွန်တော်တို့ ကနောင်မင်းသားကြီးဟာ စက်မှုခေတ်ကို တက်လှမ်းခဲ့ပေမယ့် အားပေးထောက်ခံမှု နည်းခဲ့ပါတယ်၊ နန်းတွင်းအရေးတွေကြောင့် လမ်းခုလတ်မှာ နည်းပညာအမြော်အမြင်နဲ့ အသက်ပါပေးလိုက်ရပါတယ်။

**နည်းပညာရှင် သန်း ၆၀ သာရှိ**

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပါတယ်။ ဂျပန်အတွက် ခံပြင်းစရာပါပဲ။ ဒုတိယကမ္ဘာစစ်ထဲဝင်ခဲ့ပြီး ပြာပုံဘဝရောက်ခဲ့တဲ့ ဂျပန်နိုင်ငံဟာ ပြာပုံဘဝကထနိုင်ဖို့၊ စစ်လျော်ကြေးပေးရဖို့ကိစ္စဟာ တွေးကြည့်ရင် အလွန်လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးပဲ။ တစ်မျိုးသားလုံးရဲ့အရေးဖြစ်လို့၊ ကမ္ဘာကလိုချင်တဲ့ တန်ဖိုးမြင့်ကုန်ချောတွေ ထုတ်ရောင်းချတဲ့နည်းပဲရှိတော့တယ်လို့ ဘုရင်မင်းမြတ်ကအစ ဂျပန်အစိုးရက ဆင်ခြင်သုံးသပ်ခဲ့ပါတယ်။ သိပ္ပံနဲ့နည်းပညာတွေကို ကျောင်းတွေ၊ တက္ကသိုလ်တွေရဲ့ သင်ခန်းစာတွေထဲက စီးပွားဖြစ်အောင် မီးကုန်ယမ်းကုန်ရှာဖွေခဲ့ပြီး ပြာပုံထဲကထခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်မှာ Made in Japan ဂျပန်ဆိုတာ Bad Quality လို့ ပြက်ရယ်ပြုတဲ့ စကားဖြစ်ခဲ့ပါတယ်။ ဒီနေ့ ဂျပန်ပစ္စည်းတွေဟာ ကမ္ဘာ့အဆင့်မီဖြစ်သွားပြီဖြစ်ပါတယ်။ ဂျပန်တို့ရဲ့ မျိုးရိုးဗီဇနဲ့ ရေခံမြေခံကောင်းလို့ပဲ။ ဉာဏ်အမြော်အမြင်နဲ့ ကံ၊ ဉာဏ်၊ ဝီရိယကြောင့် ကမ္ဘာ့အလယ်မှာ နေရာရနေခြင်းပဲ။ ၂၁ ရာစုနှစ်ရဲ့ အနာဂတ်ဂျပန်ဟာ ဘယ်အခြေအနေမှာရှိလဲဆိုတာ ဆန်းစစ်တော့ ၂၀၂၅ မှာ တတ်သိ၊ နည်းပညာရှင် သန်း ၆၀ သာရှိတော့မှာမို့ လွန်စွာပူပင်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်ကကဲ့သို့ ၆၇ သန်းထိ မြင့်မားနေဖို့ အသည်းအသန်ကြိုးပမ်းနေပါတယ်။

(ဆက်လက်ဖော်ပြပါမည်)





# ကျိုင်းတုံနှင့် မိုင်းဆတ်မြို့တို့၌ အောက်ဆီဂျင်စက်ရုံများ ဩဂုတ်လအတွင်း တည်ဆောက်မည်

**ကျိုင်းတုံ ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကျိုင်းတုံမြို့နှင့် မိုင်းဆတ်မြို့တို့တွင် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် အောက်ဆီဂျင်စက် ဝယ်ယူတည်ဆောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့၌ အလှူရှင်များ ပါဝင်လှူဒါန်းမှုဖြင့် တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အလုံး ၁၀၀ ခန့်ထုတ်နိုင်သည့် အောက်ဆီဂျင်စက် ဝယ်ယူတပ်ဆင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် အလှူငွေကျပ်သိန်း ၁၉၀၀ ကျော် ရရှိနေပြီဖြစ်ကြောင်းနှင့် အောက်ဆီဂျင်စက်ရုံကို ကျိုင်းတုံပြည်သူ့ဆေးရုံ၌ ဩဂုတ်လ ပထမပတ်အတွင်း စတင်တည်ဆောက်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်ထံမှ သိရသည်။

အလားတူ မိုင်းဆတ်မြို့၌ အောက်ဆီဂျင်စက် ဝယ်ယူနိုင်ရန် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ ငွေကျပ် သိန်း ၅၅၀ မတည်မှုဖြင့် ယမန်နေ့အထိ အလှူရှင်များ၏ ပါဝင်လှူဒါန်းငွေကျပ် ၄၃၆ သိန်းကျော်ရှိပြီဖြစ်ရာ စက်ရုံအား ဩဂုတ်လအတွင်း စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လက်ရှိတွင် တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံရှိ တစ်နေ့လျှင် လီတာ ၄၀ ဆံ့အိုး ၂၅ လုံး ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်မှ လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ စီစဉ်မှုဖြင့် ဒေသအတွင်း အောက်ဆီဂျင် လိုအပ်ချက်များကို အထောက်အကူပြုအသုံးပြုနိုင်ရန်အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး အလုံး ၁၀၀ ကို မိုင်းလားနယ်စပ်မှတစ်ဆင့် ကျိုင်းတုံမြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)

# ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်မှသတ်မှတ်ပေးသည့် ရုံးပိတ်ရက်ကာလများအတွင်း နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ ပင်စင်လစာငွေများကို Stay at Home သတ်မှတ်ထားသည့် နယ်မြေများအပါအဝင် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် ထုတ်ပေးရေး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

သို့ပါ၍ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာငွေများ ထုတ်ယူနေကြသော မိဘပင်စင်စားများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရေးအတွက် ၂၆-၇-၂၀၂၁ ရက်နေ့ အပါအဝင် ဘဏ်ဖွင့်ရက်များတွင် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဘဏ်လုပ်ငန်းချိန်အတွင်း ထုတ်ယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် ပင်စင်လစာများ ထုတ်ပေး



## ရသေ့တောင်

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ ပင်စင်လစာငွေများကို ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် စတင်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရေး မြို့ပေါ်ပင်စင်လစာများအား နံနက် ၇ နာရီမှ ၉ နာရီထိလည်းကောင်း၊ ကျေးရွာများမှ ပင်စင်လစာများအား နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိလည်းကောင်း နှစ်သုတ်ခွဲ၍ ထုတ်ပေးသွားမည်ဖြစ်သည်။

ရသေ့တောင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို လျော့ကျစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပင်စင်စား မိဘပြည်သူများအနေဖြင့် ပင်စင်လာရောက်ထုတ်ယူရာတွင် အဆင်ပြေစေရန် ဇူလိုင် ၂၆ ရက်မှစ၍ ဩဂုတ်လပထမပတ်ထိ ရုံးဖွင့်ရက်များတွင် နေ့စဉ်နှစ်သုတ်ခွဲ၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**အောင်စံထွန်း၊ ဓာတ်ပုံ-ထွန်းလင်းကျော်**



## မိုင်းဖြတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်အတွင်းရှိ ပင်စင်စား မိဘပြည်သူများကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းမှစ၍ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာများကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပုံမှန်အတိုင်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပင်စင်လစာများ လာရောက်ထုတ်ယူသည့် မိဘပြည်သူများကို ဘဏ်အတွင်းသို့ မဝင်ရောက်မီ လက်ဆေးဘေစင်တွင် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောစေခြင်း၊ နှာခေါင်းစည်းတပ်ဆင်ပြီးမှ ဝင်ခွင့်ပြုခြင်းနှင့် တစ်သုတ်လျှင် ငါးဦးနှုန်းဖြင့် စနစ်တကျ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ယခင်က ပင်စင်လစာများကို လစဉ် ရုံးဖွင့်ရက်များဖြစ်သည့် ၂၁ ရက်မှ လကုန်ရက်မတိုင်မီအထိ ထုတ်ပေးလျက်ရှိပြီး ဇူလိုင် ၁၇ ရက်မှ ၂၅ ရက်အထိ အစိုးရရုံးပိတ်ရက်ရှည်များဖြစ်သည့်အတွက် ဇူလိုင် ၂၆ ရက်မှ ပြန်လည်ထုတ်ပေးခြင်းဖြစ်ကြောင်း မိုင်းဖြတ်မြို့ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးဌေးလှိုင်ထံမှ သိရသည်။

မိုင်းဖြတ်မြို့နယ်အတွင်း ကာကွယ်ရေးပင်စင်၊ ကာကွယ်ရေး မိသားစု၊ မြို့ပြပင်စင်၊ လုပ်သက်ပင်စင်၊ နိုင်ငံရေးပင်စင် စုစုပေါင်း ၂၈၄ ဦးရှိကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**

## မော်လမြိုင်ကျွန်း

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းမှစတင်၍ ပင်စင်စားဝန်ထမ်းများအား မြို့နယ်စီးပွားရေးဘဏ်ခွဲတွင် သတ်မှတ်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ပင်စင်လစာများထုတ်ပေးလျက်ရှိသည်။

မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် ဩဂုတ် ၁ ရက်အထိ ရုံးပိတ်ရက်ရှည်ခံစားခွင့်ပေးထားသော်လည်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲအနေဖြင့် ပင်စင်စား အငြိမ်းစားဝန်ထမ်းများ စိတ်အေးချမ်းသာစွာ လစာငွေများ ထုတ်ယူနိုင်ရေးအတွက် ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာထုတ်ယူနိုင်ရေးအတွက် ဘဏ်နှင့်အနီးဆုံး အမကကျောင်းတွင် နေရာထိုင်ခင်းများ စီစဉ်ထားရှိပေးပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ပင်စင်စား ဝန်ထမ်းများ နားနားနေနေစောင့်ဆိုင်းပြီး ပင်စင်လစာငွေများ ထုတ်ယူလျက်ရှိကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**



## မြဝတီ

ကရင်ပြည်နယ် မြဝတီမြို့တွင် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများကို ဇူလိုင် ၂၆ ရက်တွင် မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပင်စင်လစာများထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အလှည့်ကျထုတ်ပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းက မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစား ဝန်ထမ်း ၂၈၀ ခန့် ပင်စင်လစာများ လာရောက်ထုတ်ယူခဲ့ပြီး အဆိုပါအငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာများကို ဇူလိုင် ၂၆ ရက်မှ ၃၀ ရက်အထိ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

## မိုးညို

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီမှစတင်၍ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ထုတ်ပေးခြင်းကို ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်အညီ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။



မိုးညိုမြို့နယ်တွင် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေ ထုတ်ယူသူ ၁၃၀၀ ကျော်ရှိကြောင်း၊ ယနေ့တွင် ပင်စင်စား ၂၀၀ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မထုတ်ယူနိုင်သေးသူများကိုလည်း ရုံးဖွင့်ရက်များတွင် လာရောက်ထုတ်ယူနိုင်ကြောင်း၊ ပင်စင်လာရောက်ထုတ်ယူသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်အညီ ဆောင်ရွက်ထားကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**ကိုမင်း**

## လက်ပံတန်း

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြန်မာ့စီးပွားရေးဘဏ်မှ ကိုဗစ်-၁၉ ထိန်းချုပ်ရေးကာလအတွင်း ပင်စင်စားများအတွက် ပင်စင်လစာများကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းမှစ၍ စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် ဇူလိုင် ၂၆ ရက်တွင် မင်းရပ်ရပ်ကွက် ပင်စင်စားများအားလည်းကောင်း၊ ၂၇ ရက်တွင် ဘီးလင်းတန်းရပ်ကွက် ပင်စင်စားများအားလည်းကောင်း၊ ၂၈ ရက်တွင် မအူကုန်းရပ်ကွက် ပင်စင်စားများအားလည်းကောင်း၊ ၂၉ ရက်တွင် မြို့မရပ်ကွက် ပင်စင်စားများအားလည်းကောင်း၊ ဩဂုတ် ၂ ရက်တွင် ကျွန်းကလေး ပင်စင်စားများအားလည်းကောင်း ထုတ်ပေးမည်ဖြစ်ပြီး ကျေးရွာအုပ်စုနေ ပင်စင်စားများအား မိမိအဆင်ပြေသည့်နေ့တွင် လာရောက်ထုတ်ယူနိုင်ကြောင်း၊ ကိုယ်စားလှယ်နှင့် ထုတ်ယူလိုပါက လိုအပ်သည့် အထောက်အထားဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

လက်ပံတန်းမြို့ မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်စားဝန်ထမ်း ၂၄၂၉ ဦးနှင့် နိုင်ငံ့ဝန်ထမ်းလစာများကို သတ်မှတ်ရက်များတွင် နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကိုဗစ်-၁၉ ကာကွယ်ရေး အစီအမံများဖြင့် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ဘဏ်မန်နေဂျာ ဦးဝင်းမိုးကျော်က ပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျိုက်မရော

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီမှစတင်ကာ ပုံမှန်အတိုင်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်းများ၏ ကျန်းမာရေးကို မထိခိုက်စေရန်အတွက် နေ့စဉ် ဘဏ်ဖွင့်ချိန်အတွင်း နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ပြီး ပင်စင်လာရောက်ထုတ်ယူရန် အခက်အခဲရှိသည့် အငြိမ်းစားများအား ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း မြန်မာ့စီးပွားရေးဘဏ်ခွဲမန်နေဂျာ ဒေါ်မာမာခိုင်ထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# တောင်ငူမြို့ စတုဘုမ္မိကမဂ္ဂင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဇူလိုင် ၂၆
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၁၃)ရပ်ကွက် စတုဘုမ္မိကမဂ္ဂင်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန် ၄က်တွင်းဂိုဏ်းဂဏဓိပတိ၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုန္ဒရ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ အရ ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်၊ (၂၄-၇-၂၀၂၁) စနေနေ့ မွန်းတည့် ၁၂ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ ညနေ ၄ နာရီအချိန်တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## သဘာဝဘေး



### လှိုင်းဘွဲမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အနိမ့်ပိုင်းနေအိမ်များသို့ ရေများဝင်ရောက်

လှိုင်းဘွဲ ဇူလိုင် ၂၆
ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျချောင်းရေ ကျဆင်းလာမှုကြောင့် မဲပချောင်းနှင့် လှိုင်းဘွဲချောင်းရေ မြင့်တက်လာသဖြင့် မြေနိမ့်ပိုင်းရှိ ရပ်ကွက်အချို့နှင့် မြို့မဈေးအတွင်းသို့ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရေဝင်ရောက်မှု အခြေအနေမှာ လှိုင်းဘွဲချောင်းရေ၏ စိုးရိမ်ရေမှတ် ၉၈၀ စင်တီမီတာမှ ယနေ့နံနက်ပိုင်းတွင် စိုးရိမ်ရေမှတ် ၁၀၁၀ စင်တီမီတာသို့ ရောက်ရှိ၍ (က)ရပ်ကွက် ပိတောက်လမ်းနှင့် ဒေါနလမ်း၊ (ခ)ရပ်ကွက် ရွှေပြည်အေးလမ်း၊ ပိုင်ကလောင်လမ်း၊ အုတ်ဖိုလမ်း၊ ပတ္တမြားအပိုင်း၊ (က)ရပ်ကွက် မြို့မဈေးနှင့်ကုန်သည်လမ်းတို့တွင် နှစ်ပေခွဲခန့် တက်ရောက်လာသဖြင့် မြေနိမ့်ပိုင်းရှိ အိမ်ထောင်စုများနှင့်လမ်းများ နစ်မြုပ်လျက်ရှိပြီး အိမ်ထောင်စုများ ပြောင်းရွှေ့နေထိုင်ခြင်းမရှိသေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သောင်ရင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် တည်ရှိ

နေပြည်တော် ဇူလိုင် ၂၆
ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်ရောက်ရှိနေသည်။

အဆိုပါ မြစ်ရေသည် နောက် (၁)ရက်အတွင်း နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

ဝန်းသိုမြို့နယ်၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး မိုးစပါးစိုက်ဧက ၁၀၀၀ ကျော် ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ကြေးမုံ



### တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် အနိမ့်ပိုင်းနေရာတချို့ မြစ်ရေများ စတင်ဝင်ရောက်



တနင်္သာရီ ဇူလိုင် ၂၆
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဇူလိုင်လ တတိယပတ်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေသည် ယနေ့နံနက် ၁၀ နာရီအချိန် တိုင်းတာချက်အရ သာမန်မြစ်ရေထက် ၁၅ ပေ ၆ လက်မအထိ ရောက်ရှိနေပြီဖြစ်ပြီး မြို့နယ်အတွင်း အနိမ့်ပိုင်းနေရာတချို့တွင် မြစ်ရေများစတင် ဝင်ရောက်နေပြီဖြစ်သည်။

တနင်္သာရီမြို့၏ ပုံမှန်မြစ်ရေမှတ်သည် သာမန်မြစ်ရေထက် ငါးပေဖြစ်သည်။ စိုးရိမ်ရေမှတ်မှာ ပုံမှန်မြစ်ရေထက် ၁၇ ပေဖြစ်ပြီး အန္တရာယ်ရေမှတ် ၂၄ ပေဖြစ်၍ တနင်္သာရီမြို့၏ စိုးရိမ် ရေမှတ်သို့ ရောက်ရှိရန် ၁ ပေ ၆ လက်မသာ ကျန်ရှိပြီဖြစ်သည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

### နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ စတုဘုမ္မိကမဂ္ဂင်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်၄က်တွင်းဂိုဏ်းဂဏဓိပတိ ဆရာတော်ဘဒ္ဒန္တသုန္ဒရ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ် သံတွဲမြို့နယ် တောင်ညိုကျေးရွာ ခမည်းတော် ဦးဖိုးတာ၊ မယ်တော် ဒေါ်စိန်ကျော့တို့မှ ၁၂၉၂ ခုနှစ် နတ်တော်လဆန်း ၂ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့တွင် သံတွဲမြို့နယ် တောင်ညိုကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၁ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်နေ့တွင် တောင်ညိုကျေးရွာ ရွာဦးကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် သံတွဲမြို့နယ် တောင်ညိုကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဏ္ဍည၊ မန္တလေးမြို့၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရစသော ဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ခြင်း၊ သာသနာပြုသက်တမ်း (၅၉) နှစ်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်၄က်တွင်းဂိုဏ်း၏ ဂဏဓိပတိအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော် ဩဝါဒါစရိယ စသောသာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၆-ခုနှစ်တွင် မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ၂၀၂၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါအရ ၁၃၈၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် ၂၄-၇-၂၀၂၁ စနေနေ့ မွန်းတည့် ၁၂ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ ညနေ ၄ နာရီအချိန်တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

# ဖေ့စ်ဘွတ်က ဘဝမဟုတ်

**ကျော်ကျော်လှိုင် (SMART)**

ကမ္ဘာပေါ်တွင် ဆိုရှယ်မီဒီယာများစွာရှိသည့်အနက် လူအများဆုံးအသုံးပြုသည့် ဆိုရှယ်မီဒီယာမှာ ဖေ့စ်ဘွတ်ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၉ ဘီလီယံတွင် ဖေ့စ်ဘွတ်သုံးစွဲသူ ၂ ဒသမ ၇ ဘီလီယံ ရှိပါသည်။ ကမ္ဘာ့လူဦးရေ၏ ၃၄ ရာခိုင်နှုန်း ဖေ့စ်ဘွတ်သုံးစွဲပါသည်။ မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲသူ ၂၈ ဒသမ ၇ သန်းရှိသည်ဟု မှတ်တမ်းများက ဆိုပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၅၁ ရာခိုင်နှုန်းက ဖေ့စ်ဘွတ်သုံးစွဲနေသည့်သဘောပါ။ ကမ္ဘာမှာ သုံးစွဲသည့် ရာခိုင်နှုန်းထက် များစွာပိုနေပါသည်။ ဤအချက်သည် စိုးရိမ်စရာဖြစ်ပါသည်။



အဘယ်ကြောင့်ဆိုသော်

၁။ ပျမ်းမျှ မြန်မာနိုင်ငံသားတစ်ဦးသည် တစ်နေ့လျှင် ဖေ့စ်ဘွတ်ကို ၁၄၄ မိနစ်သုံးစွဲသည်ဟု စစ်တမ်းများက ဆိုပါသည်။ နေ့စဉ် ၁၄၄ မိနစ် ဖေ့စ်ဘွတ်သုံးသည့်အတွက် မိမိဘဝဖွံ့ဖြိုးတိုးတက်မှု ထူးထူးခြားခြားဖြစ်ရဲ့လားဟု မိမိကိုယ်မိမိ မေးခွန်းထုတ်ကြည့်စေချင်ပါသည်။ ၁၄၄ မိနစ်တွင် ၆၀ မိနစ်က အကျိုးမရှိဟုဆိုလျှင် မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲသူ ၂၈ ဒသမ ၇ သန်းက နေ့စဉ် နာရီပေါင်း ၂၈ ဒသမ ၇ သန်းကို ဖြုန်းပစ်လိုက်ခြင်း ဖြစ်ပါသည်။ နာရီ ၂၈ ဒသမ ၇ သန်း၏ ကာယ၊ ဉာဏစွမ်းအားသည် တိုင်းပြည်တိုးတက်မှုကို များစွာဖြစ်စေနိုင်ပါသည်။

၂။ ဖေ့စ်ဘွတ်အကောင့် တစ်ခုမကရှိခြင်း သို့မဟုတ် ဖေ့စ်ဘွတ်အကောင့်အတုများကြောင့် မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲသည့် ရာခိုင်နှုန်းများနေခြင်းလည်း ဖြစ်နိုင်ပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် မတ်လအထိ ကမ္ဘာပေါ်ရှိ ဖေ့စ်ဘွတ်အကောင့်အတုပေါင်း သန်း ၁၃၀၀ ကို ဖြုတ်ချခဲ့ရသည်ဟု ဖေ့စ်ဘွတ်က ဆိုပါသည်။ မဖြုတ်ချနိုင်သည့် ဖေ့စ်ဘွတ်အကောင့်အတု များစွာရှိနေဦးမည်ကို ယုံကြည်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ဖေ့စ်ဘွတ်အကောင့်အတုများစွာရှိနေမည် ဖြစ်ပါသည်။

ဖေ့စ်ဘွတ်အကောင့်အတု အများစုသည်

* အမုန်းစကားဆိုခြင်း၊
* မမှန်သတင်း ဖြန့်ဝေခြင်း၊
* အစိုးရကို သိက္ခာချခြင်း၊
* ဥပဒေချိုးဖောက်ရန် လှုံ့ဆော်ခြင်း၊
* သူတစ်ပါးကို ပြစ်တင်၊ စော်ကားတိုက်ခိုက်ခြင်း၊
* အုပ်စုဖွဲ့၍ လူမှုရေးအရ အနိုင်ကျင့်ခြင်း၊
* အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း

စသည်တို့ကို လုပ်လေ့ရှိပါသည်။ အကောင့်အတု အများစုသည် လူ့အဖွဲ့အစည်းကို ဆိုးကျိုးသာ ပေးပါသည်။

ဖေ့စ်ဘွတ်ကို စည်းကမ်းတကျသုံးတတ်လျှင်မူ

၁။ အဝေးရောက်ဆွေမျိုးများ၊ ချစ်ရသူများ၊ သူငယ်ချင်းများ၊ မိတ်ဆွေများနှင့် လွယ်ကူစွာဆက်သွယ်နိုင်ပါသည်။

၂။ အများကို ဗဟုသုတများ၊ ပညာရပ်များ ပေးနေသောအကောင့်များ၊ စိတ်ခွန်အားဖြစ်စေသော စာများရေးသည့်အကောင့်များကို အရင်ဆုံးကြည့်ခွင့်တောင်းခံထားခြင်း (see first)၊ ပေ့ချ်များကို ဖော်လို (follow) လုပ်ထားခြင်းဖြင့် မိမိဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောဗဟုသုတများ၊ နည်းပညာရပ်များကို လေ့လာဆည်းပူးနိုင်ပါသည်။ စိတ်ဓာတ်ခွန်အားများ တိုးလာပါမည်။

၃။ မှန်ကန်သောသတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပါသည်။

၄။ မိမိပြုလုပ်သော ကောင်းမှုကုသိုလ်များ၊ ပရဟိတအလုပ်များကို တင်ခြင်းဖြင့် လူအများကို မုဒိတာပွားစေနိုင်ပါသည်။

၅။ မိမိလိုအပ်နေသော အကူအညီများ၊ သတင်းများကို ဖေ့စ်ဘွတ်မှ အကူအညီတောင်းခံနိုင်ပါသည်။

၆။ ဖေ့စ်ဘွတ်ပေ့ချ်ဖွင့်၍ မိမိကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ရောင်းချနိုင်ပါသည်။

၇။ မိမိအလိုရှိသော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ဖေ့စ်ဘွတ်မှ အလွယ်တကူ ရှာဖွေဝယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပါမည်။

> **အနာဂတ်မှာ အောင်မြင်လာမည့်သူကိုပြပါဆိုလျှင် ပြသရန် ခက်ခဲမည်ဖြစ်သော်လည်း အနာဂတ်တွင် လမ်းပျောက်မည့်သူကို ပြပါဆိုလျှင် ဖေ့စ်ဘွတ်ကို စည်းကမ်းမရှိ သုံးစွဲပြီး ဖေ့စ်ဘွတ်ကို ဘဝလုပ်နေသူကို ညွှန်ပြလျှင် လွဲမည်မထင်ပါ။ ယနေ့ပင် မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ပြီး ဖေ့စ်ဘွတ်ကို ဘဝလုပ်နေခြင်းမှ ရုန်းထွက်ပါ။**

သို့သော် ဖေ့စ်ဘွတ်သုံးစွဲသူ အများစုသည် ညဘက်တွင် ဖေ့စ်ဘွတ်ပေါ်မှ အမုန်းစကားဆိုခြင်း၊ တိုက်ခိုက်ခြင်း၊ မမှန်သတင်းများကို တစ်ခုပြီးတစ်ခု ကြည့်ခြင်းဖြင့်သာ အချိန်ကုန်လွန်ကြပါသည်။ အချိန်ကုန်မှန်းမသိကုန်သွားသဖြင့် ညမိုးချုပ်မှ အိပ်ရာဝင်ရပါသည်။ ညက အိပ်ရေးပျက်သဖြင့် မနက် နောက်ကျမှ အိပ်ရာကနိုးပါသည်။ မနက် အိပ်ရာနိုးသည်နှင့် ခုတင်ဘေးက ဖုန်းကို ကောက်ကိုင်ပြီး ဖေ့စ်ဘွတ်ပွတ်ပါသည်။

ညကတင်ထားသော ပို့စ်ကို လိုက်(like)ပေးတာများလျှင် သဘောကျ၊ ဟဟ (ha ha ) ပေးထားလျှင် ဒေါသဖြစ်၊ ကောင်းသောကွန်မန့်များကို ပီတိဖြစ်၊ မိမိနှင့် အမြင်မတူလျှင် တိုက်ခိုက်သည်ဟု ယူဆပြီး အမုန်းစကားကို ကွန်မန့်ပြန်ရေး။ အချိန်ကကုန်မှန်းမသိကုန်သွား၊ အလုပ်သွားခါနီး ကမူးရှူးထိုး ပြင်ဆင်ရသဖြင့် မနက်စာကိုပင် အာဟာရပြည့်အောင်မစားနိုင်။ အလုပ်ကို မချိန်မီမရောက်။

အလုပ်ထဲရောက်သည့်အခါ အိပ်ရေးပျက်သဖြင့် ခေါင်းကမကြည်။ ခေါင်းမကြည်သဖြင့် အလုပ်တွေကမှား။ မှားတော့ နှစ်ကြိမ်ပြန်လုပ်ရ။ အချိန်မီမပြီးတော့ အထက်လူကြီးကဆူ။ နေ့လယ်စာလွတ်။ ဒီလိုနှင့် ရုံးဆင်းချိန်ရောက်။ ပျော်ရွှင်စရာ နေ့တစ်နေ့ ပျောက်ဆုံးခဲ့။ အိမ်ရောက်ထမင်းစားပြီးသည်နှင့် ဖုန်းကောက်ကိုင်ကာ ဖေ့စ်ဘွတ်ပွတ်ပြန်ပါသည်။ ညအိပ်ရာဝင် နောက်ကျပြန်ပါသည်။ ဘဝကြီးက ဒီလိုနှင့် သံသရာလည်နေပါသည်။ ဘဝကြီးကို ဖေ့စ်ဘွတ်က ကြီးစိုးထားမှန်းလည်း မသိတော့ပါ။ ဖေ့စ်ဘွတ်ပွတ်လိုက်ရသည့်အခါ ပျော်လိုက်၊ ကျေနပ်လိုက်၊ ဒေါသဖြစ်လိုက်၊ အမုန်းစကားဆိုလိုက်၊ ပြစ်တင်စော်ကားတိုက်ခိုက်လိုက်နှင့် ဘဝက လုံးချာပတ်ချာလိုက်နေပါသည်။ ဖွံ့ဖြိုးတိုးတက်မှုကတော့ မရှိပါ။

နေ့စဉ် မိမိဘဝဖွံ့ဖြိုးတိုးတက်မှုရှိမှသာ အနာဂတ်က လှပပါမည်။ ဖွံ့ဖြိုးတိုးတက်မှုသည် အလိုအလျောက်မဖြစ်ပါ။ တစ်နေ့တခြား အသက်ကြီးလာပြီး အိုလာခြင်းသာ အလိုအလျောက် ဖြစ်ပါသည်။ နေ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရှိရန် အစီအစဉ်ဆွဲရပါမည်။ အစီအစဉ်ဆွဲသည့်အခါ အချက်များစွာရှိမည်ဖြစ်သော်လည်း ဖေ့စ်ဘွတ်ကို စည်းကမ်းတကျသုံးစွဲခြင်းသည် ဦးစားပေးရမည့်အချက်ဖြစ်ပါသည်။ ဖေ့စ်ဘွတ်ကို စည်းကမ်းတကျ သုံးလိုလျှင် အောက်ပါလူမှုကျင့်ဝတ်များကို လိုက်နာရန်လိုပါသည်။

၁။ ပရိုဖိုင်အမှန်ကို သုံးပါ။
၂။ အမုန်းစကားဆိုခြင်း ရှောင်ပါ။
၃။ လူမှုရေးတိုက်ခိုက်ခြင်းကို ရှောင်ပါ။
၄။ ရိုင်းပျစွာ ဆဲဆိုရေးသားခြင်းကို ရှောင်ပါ။
၅။ မိမိကို စိတ်အနှောင့်အယှက်ပေးသော အကောင့်များကို ဘလော့ပါ။
၆။ မူရင်းဇာစ်မြစ်၊ မူရင်းရေးသားသူကို မသိဘဲ share ခြင်းကို ရှောင်ပါ။
၇။ ဗဟုသုတ ရှာဖွေခြင်း၊ အသိပညာ ရှာဖွေခြင်းအတွက် အချိန်အများဆုံးသုံးပါ။

နိဂုံးချုပ်အနေဖြင့် အနာဂတ်မှာ အောင်မြင်လာမည့်သူကိုပြပါဆိုလျှင် ပြသရန် ခက်ခဲမည်ဖြစ်သော်လည်း အနာဂတ်တွင် လမ်းပျောက်မည့်သူကို ပြပါဆိုလျှင် ဖေ့စ်ဘွတ်ကို စည်းကမ်းမရှိ သုံးစွဲပြီး ဖေ့စ်ဘွတ်ကို ဘဝလုပ်နေသူကို ညွှန်ပြလျှင်လွဲမည်မထင်ပါ။ ယနေ့ပင် မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ပြီး ဖေ့စ်ဘွတ်ကို ဘဝလုပ်နေခြင်းမှ ရုန်းထွက်ပါ။

မိမိဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအစဉ်ချပြီး နေ့စဉ်အချိန်ပေးကြိုးစားမှသာလျှင် အနာဂတ်ဘဝများ လှပသာယာမည်ဖြစ်ကြောင်းကို ရိုးသားစွာ တင်ပြလိုက်ရပါသည်။ ။

---

❒ မန်ယူအသင်းမှ

ရီးယဲလ်မက်ဒရစ် နောက်တန်းကစားသမား ဗာရာနီကို ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

နောက်တန်း ကစားသမား ဗာရာနီဟာ ၂၀၁၁ ခုနှစ်အတွင်းက ပြင်သစ်ကလပ် လန်းစ်အသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ လက်ရှိအချိန်အထိ စပိန်လာလီဂါဖလား သုံးကြိမ်နဲ့ ချန်ပီယံလိဂ်ဖလား လေးကြိမ်တို့ကို ရယူဆွတ်ခူးပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

နောက်တန်း ကစားသမား ဗာရာနီအနေနဲ့ ပြင်သစ်လက်ရွေးစင်အသင်းနဲ့အတူ ၇၉ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ၂၀၁၈ ကမ္ဘာ့ဖလားကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒ့ါအပြင် ယူရို ၂၀၂၀ ပြိုင်ပွဲမှာလည်း ဗာရာနီအနေနဲ့ လေးပွဲအထိ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ပြင်သစ်အသင်းကို ၁၆ သင်းအဆင့် တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးလည်းဖြစ်ပါတယ်။ **ငွေကြယ်**

## ဆူဇူကီးဖလားပြိုင်ပွဲကျင်းပမည့်အပေါ်မူတည်၍ မြန်မာ့လက်ရွေးစင်အသင်း ပြင်ဆင်မည်

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားသည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပမည့် အပေါ်မူတည်၍ ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်နှစ်တွင် ကျင်းပနိုင်ခြင်းမရှိသဖြင့် ရွှေ့ဆိုင်းထားသည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်တက်နေသဖြင့် အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲကျင်းပရန်အတွက် အဖွဲ့ဝင်နိုင်ငံများနှင့် ပြန်လည်ညှိနှိုင်းလျက်ရှိသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲပုံစံဖြစ်သည့် ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့ကျင်းပရန် ဦးစားပေးစဉ်းစားထားသော်လည်း ကပ်ရောဂါကူးစက်မှုအခြေအနေကြောင့် ပြိုင်ပွဲကျင်းပဖြစ်ပါကလည်း Centralized Venues ပုံစံဖြင့် အိမ်ရှင်တစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံ ရွေးချယ်၍ ကျင်းပရမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကပ်ရောဂါကြောင့် ယခုနှစ်အတွင်းကျင်းပရန် စီစဉ်ထားသည့် ပြိုင်ပွဲအများစုကို ဖျက်သိမ်းရန် စီစဉ်ထားသော်လည်း အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ကျင်းပနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

**ကိုညီလေး**

■

# အရာတော်မြို့နယ် ကိုဗစ်-၁၉ လူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်

**မုံရွာ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၁၀ နာရီက အရာတော်မြို့နယ် ပြည်သူ့ဆေးရုံ ဆာဆာကာဝါခန်းမတွင် ကျင်းပသော အရာတော်မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ပိုးတွေ့လူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များအတွက် လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုးများကိုလည်း အမြန်ဆုံးရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အရာတော်မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝင်းတင်စိုးတို့က အရာတော်မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ပိုးတွေ့လူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အရာတော်မြို့နယ် သီရိရတနာခန်းမနှင့် ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံတို့တွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာများ ကုသရေးစင်တာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့ပူးပေါင်း၍ ဆောင်ရွက်သော အောက်ဆီဂျင်ဖြန့်ဖြူးရေးအစီအစဉ်အရ ထပ်မံရောက်ရှိလာသော (လီတာ ၄၀) ဆံ့အောက်ဆီဂျင်အိုး ၈၀၀ ရောက်ရှိ၍ နယ်မြေခံတပ်မတော်သားများမှ မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် နေရာချထားပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# မြစ်ကြီးနားဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၂၆**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ပြည်နယ်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားတက္ကသိုလ်အတွင်းရှိ အဆောင်များတွင် ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် သီးသန့်ထားကာ စောင့်ကြည့်ကုသပေးသွားမည့် အဆောင်များအဖြစ် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်းရှိ ဖုန်ဂန်ရာဇီအမျိုးသားဆောင်၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၁၆၀ တို့အား သီးသန့်ထားစောင့်ကြည့်နိုင်ရေးအတွက် ဌာနဆိုင်ရာများစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လူနာများအတွက် အသုံးအဆောင်ပစ္စည်းများ စုစောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး သန့်ရှင်းရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြကာ အဆောင်အတွင်း လူနာထားမည့်အခန်းများ၊ စေတနာ့ဝန်ထမ်းများအတွက် နားနေဆောင်များ ပြင်ဆင်ထားရှိမှုနှင့် ရေ၊ မီး၊ မိလ္လာစနစ်များ ကောင်းမွန်ရေး ပြင်ဆင်ဆောင်ရွက်ရန်ကိစ္စရပ်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဆဒုံးဘွမ်အမျိုးသမီးဆောင်အတွင်း လူဦးရေ ၁၄၀ အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အင်ခိုင်ဘွမ်အမျိုးသားဆောင်အား အရန်အဆောင်အဖြစ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားပြည်သူ့ဆေးရုံအတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအား သီးသန့်ထားကုသနိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်ထားသည့် အမျိုးသားဖျားနာဆောင်အတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် အောက်ဆီဂျင်လိုအပ်သည့် လူနာများအတွက် ပိုက်လိုင်းစနစ်ဖြင့် အောက်ဆီဂျင်ပေးမည့်အခြေအနေတို့အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံအတွင်းကုသရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးနေကြသည့်ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**




# မကွေး၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မကွေး ဇူလိုင် ၂၆**

မကွေးဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေ ၆ နာရီက မကွေးမြို့ အဝေးပြေး ကုန်တင်ကုန်ချယာဉ်ရပ်နားစခန်းတွင် ပထမအကြိမ်ရောက်ရှိလာသည့် အောက်ဆီဂျင်အိုးများ စနစ်တကျ ထားရှိဆောင်ရွက်နေမှုနှင့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်မားနေသည့်ကာလအတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အောက်ဆီဂျင်လုံလောက်စွာရရှိစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ မကွေးမြို့ အဝေးပြေး ကုန်တင်ကုန်ချယာဉ်ရပ်နားစခန်းတွင် အောက်ဆီဂျင်စက်ရုံ တည်ဆောက်လျက်ရှိပြီး အဆိုပါ အောက်ဆီဂျင်စက်ရုံအတွက် (လီတာ ၄၀) ဆံ့ အောက်ဆီဂျင်အိုး အလုံး ၁၀၀၀ မှာယူထားရာ ဇူလိုင် ၂၅ ရက် ညနေပိုင်းက အိုးအလုံး ၂၀၀ ပထမအကြိမ်စတင်ရောက်ရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် အောက်ဆီဂျင်အိုးများအား မကွေးမြို့ အဝေးပြေးကုန်တင်ကုန်ချယာဉ်ရပ်နားစခန်းတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များက စနစ်တကျ ထားရှိဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး အဆိုပါဝင်းအတွင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်ရက်လျှင် အောက်ဆီဂျင် (လီတာ ၄၀) အိုး အလုံး ၃၀၀ ထွက်ရှိသည့်စက်တစ်လုံးနှင့် အောက်ဆီဂျင် (လီတာ ၄၀) အိုး အလုံး ၁၀၀ ထွက်ရှိသည့် စက်သုံးလုံးဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အောက်ဆီဂျင် လုံလောက်စွာရရှိရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**




# တောင်ငူ၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှု ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကြည့်ရှု

**တောင်ငူ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအစီအစဉ်ဖြင့် အမှတ် (၂၀) ရပ်ကွက် မိုင်ဒါကွင်းအတွင်းတည်ဆောက်မည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထက်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တောင်ငူမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဝေဒနာရှင်များနှင့် အောက်ဆီဂျင်လိုအပ်သည့်လူနာများအတွက် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ထားရှိနိုင်ရန် ရန်ကုန်-မန္တလေးကားလမ်းဘေး အမှတ် (၂၀) ရပ်ကွက် မိုင်ဒါကွင်းအတွင်း၌ 50 NN-3 စက်အမျိုးအစား တစ်နေ့လျှင် (လီတာ ၄၀) ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၅၀ ဖြည့်တင်းထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်ထုတ်စက်ရုံတစ်ရုံနှင့် စီဘီဘဏ်ဥက္ကဋ္ဌကြီး ဦးခင်မောင်အေးမှ လှူဒါန်းသည့် MZ-50 အမျိုးအစား တစ်နေ့လျှင် အောက်ဆီဂျင် (လီတာ ၄၀) ဆံ့ အိုးအလုံး ၂၅၀ ဖြည့်တင်းထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံကို တောင်ငူမြို့ ကေတုမတီစက်မှုဇုန်၌ တည်ဆောက်မည်ဖြစ်ကာ စုစုပေါင်းစက်ရုံနှစ်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးပါက ဩဂုတ်လကုန်မှ စတင်၍ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး နေ့စဉ် အောက်ဆီဂျင်လိုအပ်သည့်ဝေဒနာရှင်လူနာများအတွက် အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# လို-လုပ်-ရ

**ပီမိုးနင်း**

အဖြစ်စိတ်၌ ငါးမျိုးသော အရေးအကြီးဆုံးသော အချက်ကြီးများ ပါဝင်လေသည်။ ထိုအချက်ကြီးများကား ...

(၁) အကျိုးအပြစ်ကို ဝေဖန်ခြင်း၊
(၂) သေချာပြတ်သားစွာ တွေးကြံတတ်ခြင်း၊
(၃) ချိန်ဆ၍လုပ်ခြင်း၊
(၄) စိတ်ကို ပြဋ္ဌာန်းခြင်း၊
(၅) ဝီရိယရှိခြင်း ဤငါးချက်ဖြစ်၏။

ထိုအချက်ကြီး ငါးချက်နှင့် မိမိမှာ ပြည့်စုံပါသလားဟု နေ့စဉ်စဉ်းစားကာ ပြည့်စုံအောင် ကြိုးစားရမည်။

အောင်မြင်ခြင်းသည် လွတ်လပ်ခြင်း၊ ချမ်းသာခြင်း၊ ဩဇာတန်ခိုးရှိခြင်းကို ဖြစ်စေ၏။ ထိုဂုဏ်များ၏ အဖိုးထိုက်တန်ခြင်းကို သိရသောအခါ ကြီးပွားအောင်မြင်ခြင်းအတွက် ကြိုးစားရခြင်းကိုပင် ဝန်လေးသည်ဟု မှတ်ထင်ဖို့မရှိပေ။ ကြိုးစားထိုက်ပေသည်။

များကို မရှိစေရ။ ဖယ်ရှားဖျောက်ဖျက်၍ ပစ်ရမည်။ အသင့်ကိုယ်ကို စိတ်ချလက်ချယုံကြည်ရမည်။ အသင်၌ လုပ်လျှင်ဖြစ်နိုင်သော သတ္တိရှိသည်ဟု ယုံကြည်ရမည်။ သတ္တိအစွမ်းရှိသမျှ အကြံဉာဏ်ရှိသမျှကိုသုံး၍ နည်းလမ်းရှိသမျှကို ရှာကြံလုပ်ကိုင်ရမည်။ ဤအတိုင်းလုပ်လျှင် ဖြစ်ရမည်။ ရ,ရမည်၊ ပိုင်ရမည်၊ ရောက်ရမည်မလွဲဟု စိတ်ချယုံကြည်ရမည်။

အကြံမများစေရ။ တစ်ခုခုကို ဖြစ်မြောက်ရရှိပိုင်နိုင်အောင်သာ ကြိုးစားရမည်။ စိတ်ကို ထိုရည်ရွယ်ချက်ထဲသို့ စူးစိုက်စွာ သွင်းရမည်။ အားအစွမ်းရှိသမျှ အသုံးပြုရမည်။ မြန်နိုင်သမျှ မြန်စွာဖြစ်မြောက်စေရမည်။ "တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ" ဟူသောစကား၌ ပျော့သောစိတ် ပါဝင်၍နေ၏။ ပုဂံကို ချက်ချင်းအရောက်သွားမည်ဟူသော စိတ်မျိုး၊ ဒေါသမျိုးကို နှိုးရမည်။ စိတ်မှာလည်း ထိုရည်ရွယ်ချက်တစ်ခုသာ ရှိစေရမည်။

> **တွေးပုံကြံပုံဟူသမျှကို စစ်ဆေးကာ မကောင်းသော လက်ဝဲစိတ်မျိုးဟူသမျှကိုပင် ပျောက်အောင် ကြိုးစားရမည်။ ဝီရိယ၊ လုံ့လကား အင်ဂျင်စက် ဖြစ်၏။ ယုံကြည်ခြင်းကား ဘွိုင်လာရေနွေးနှင့် တူ၏။ ဖြစ်မြောက်ရမည်ဟူသော ယုံကြည်စိတ်သည် မနုဿစက်အိမ်၌ အကြီးဆုံးသော သံပတ်မကြီး ဖြစ်လေသည်။ စိတ်ကိုလည်း လက်ယာဓာတ်ဖြစ်အောင် အမြဲဂရုစိုက်ရမည်။ အလုပ်၏အကျိုးကို အများကြီးခံစားရလိမ့်မည်ဟု မျှော်လင့်ယုံကြည်ရမည်။ ခက်ခဲသောအလုပ်တို့ကို လုပ်ခြင်းဖြင့် သတ္တိတန်ခိုးကို အမြဲတိုးစေရမည်။**

လိုရာကိုရခြင်း၏ အကောင်းဆုံးသော နည်းသည် ထိုအရာ၌ စိတ်ကို အကုန်သွင်းပြီး ပေါက်ရောက်အောင် ထိထိရောက်ရောက်သွင်းပြီး ရလိမ့်မည်ဟု စိတ်ချလက်ချယုံကြည်ကာ လုံ့လ၊ ဝီရိယကို မလျှော့ဘဲ ကြိုးကြိုးကုတ်ကုတ်လုပ်ကိုင်ခြင်းပင် ဖြစ်လေသည်။

အသင်၏သန္တာန်၌ ဖြစ်မြောက်အောင် လုပ်နိုင်သော တန်ခိုးသတ္တိရှိ၏။ ထိုသတ္တိကို အစွမ်းကုန်သုံးဖို့သာ လိုလေသည်။

အသင်၏ အကျင့်အမူအရာများကို အမြဲမှတ်သားရမည်။ မသေချာခြင်း၊ ဝိုးဝါးမထင်စိတ်ကူးဉာဏ် မကြည်မလင် မပြတ်သားခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်လွင့်ပါးခြင်း၊ သံသယဖြစ်တတ်ခြင်း ဤစိတ်များရှိလျှင် ပပျောက်အောင် လုပ်ရမည်။ ထိုအကျင့်များကို စာရေး၍မှတ်ပြီး နေ့စဉ်ဖတ်ကာ နေ့စဉ် မိမိကိုယ်ကို စစ်ဆေးပြီး ပြုပြင်ရမည်။

ထိုစိတ်များသည် အပျက်စိတ်များ ဖြစ်၏။ ထိုအပျက်စိတ်များရှိနေသမျှ အဖြစ်စိတ် မထက်သန်နိုင်။ ဘယ်အရာမှလည်း ထိထိရောက်ရောက် ဖြစ်မြောက်မည်မဟုတ်ပေ။ တစ်စုံတစ်ခုကို ဖြစ်မြောက်အောင်၊ ရအောင်လုပ်လိုသည့်အခါ ထိုအလုပ်ကို ဖြစ်မြောက်စေမည့်အကြံအစည် စိတ်ကူးများမှတစ်ပါး အခြားအပိုစိတ်ကူးခြင်း ဤအလုပ်၌ စိတ်ကို ပျော်ပိုက်စွာ ဝင်စား၍နေစေရမည်။

အခါများစွာ ထိုနည်းမျိုးဖြင့် တစ်နေ့အတွင်းမှာ ခက်ခဲသောအရာတစ်ခုခု ဖြစ်မြောက်အောင် လုပ်ရမည်။ သို့ဖြစ်မြောက်လေ့ရှိသောအခါ အသင်၏ အောင်မြင်ရေးသတ္တိသည် သိသိသာသာ တိုး၍လာလိမ့်မည်။ ထိုအခါ ပိုမိုကြီးကျယ်သော အလုပ်များ၌ ဖြစ်မြောက်အောင်မြင်ပါလိမ့်မည်။ တစ်စုံတစ်ရာကို ဖြစ်မြောက်အောင်လုပ်ဖို့ ကြိုးစားရာ၌ အရေးကြီးသော လိုရင်းအချက်များကို သိရ၏။ "မျှောက်အုန်းသီးရသလို" မဖြစ်စေရပေ။

စကားပြောရာ၌ ထိထိရောက်ရောက် ပွင့်ပွင့်လင်းလင်း လေးလေးနက်နက် စိတ်ပါကိုယ်ရောက်ပြောရမည်။ အလုပ်ကိုလည်း ထို့အတူလုပ်ရမည်။ ယနေ့ ဘာကိုဖြစ်မြောက်အောင်လုပ်မည်ဟု ပြတ်ပြတ်သားသား သိရမည်။ လုပ်သမျှအလုပ်တိုင်း အရုပ်ထုသော ပန်းပုဆရာ၏လက်ရာ တစ်ချက်ပြီး တစ်ချက် အရုပ်ဖြစ်ခြင်းဘက်သို့ နီးသလို ဖြစ်မြောက်အောင်မြင်ခြင်းဘက်သို့ နီးကပ်စေရမည်။ ရှေ့လောကြီးခြင်းဖြင့် အချိန်နှင့်အလုပ်ကို မဖြုန်းရ။ တစ်ခုပြီးတစ်ခု သေသေချာချာလုပ်ရမည်။ စိတ်မှာ ချိန်ခွင်လျှာမှန်သလို မှန်၍နေစေရမည်။ မိမိ၏ အလုပ်နှင့် ပတ်သက်သမျှကို အကုန်အစင် သိနားလည်ရမည်။

ပျားသည် ထိုနည်းဖြင့် ပျားအုံကို လုပ်၏။ စာကလေးသည် ထိုနည်းဖြင့် အသိုက်ကို လုပ်၏။ ခြသည် ထိုနည်းဖြင့် တောင်ပို့ကိုလုပ်၏။ လုပ်နေခိုက်၌ အဖျက်အဆီးတစ်ခုခုပေါ်၍ လာလိမ့်မည်ဟူသော သို့လော သို့လော စိတ်မျိုးမရှိစေရ။ အလုပ်၌ အတော်ဆုံး၊ အနိုင်ဆုံး၊ အစွမ်းဆုံးဖြစ်အောင် ကြိုးစားရမည်။ အမြဲနိုးကြားဖျတ်လတ်၍နေရမည်။ လုပ်ပုံနည်းလမ်းများကိုလည်း တစ်ဆင့်ထက်တစ်ဆင့် ပို၍ကောင်းစေရမည်။ ကြီးကြီးကျယ်ကျယ် အလုပ်ကြီးများကို ငါဖြစ်မြောက်နိုင်သည်ဟူသော ယုံကြည်စိတ်ကို အမြဲထား။

လုပ်သမျှအလုပ်ကို အစွမ်းကုန်ကောင်းအောင် လုပ်ရမည်။ အများနှင့်လုပ်လျှင် မတွက်ဘဲ မချက်ဘဲ သူတစ်ပါး တွက်၍သော်လည်းကောင်း၊ သူတစ်ပါး ပေါ့လျော့လစ်ဟင်း၍သော်လည်းကောင်း မိမိက ပိုမို၍လုပ်ရလျှင် အမြတ်ဟုမှတ်၊ ထိုကဲ့သို့ သဘောထားကာ အမြဲလုပ်လေ့ရှိသော ငယ်ရွယ်သူကို လူကြီးများ သိလွယ်မြင်လွယ်၍ ချီးမြှင့်ခြင်းကို ခံရလိမ့်မည်။ မိမိလုပ်သောအလုပ်ကို သေးသိမ်သည်မထင်နှင့် ကြီးပွားအောင်မြင်ခြင်းဆိုင်ရာ တန်ခိုးသတ္တိကို အသိဉာဏ်နှင့်ယှဉ်ကာ အသုံးပြုခြင်းဖြင့် တိုးတက်စေနိုင်လေသည်။

လုပ်သမျှအလုပ်သည် နောင်တိုးတက်ကြီးကျယ်သော အလုပ်များအတွက် လှေကားထစ်ဖြစ်သည်ဟု သဘောထားရမည်။ မိမိကိုယ်ကို တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ ပိုမို၍အသုံးဝင်အောင် အမြဲကြံစည်ကြိုးစားရမည်။ လုပ်သမျှအလုပ်ကို မိမိကိုယ်တိုင် တိုးတက်ကြီးမြင့်ရေးအလုပ်ဟု သဘောထားရမည်။ ယခုလတ်တလောဝမ်းရေးအတွက်ဟူ၍ သဘောမထားရပေ။ အသင်၏ အစွမ်းသတ္တိကို နှစ်နှစ်ကာကာ ယုံကြည်ရမည်။

တွေးပုံကြံပုံဟူသမျှကို စစ်ဆေးကာ မကောင်းသော လက်ဝဲစိတ်မျိုးဟူသမျှကိုပင် ပျောက်အောင် ကြိုးစားရမည်။ ဝီရိယ၊ လုံ့လကား အင်ဂျင်စက် ဖြစ်၏။ ယုံကြည်ခြင်းကား ဘွိုင်လာရေနွေးနှင့် တူ၏။ ဖြစ်မြောက်ရမည်ဟူသော ယုံကြည်စိတ်သည် မနုဿစက်အိမ်၌ အကြီးဆုံးသော သံပတ်မကြီး ဖြစ်လေသည်။ စိတ်ကိုလည်း လက်ယာဓာတ်ဖြစ်အောင် အမြဲဂရုစိုက်ရမည်။ အလုပ်၏အကျိုးကို အများကြီးခံစားရလိမ့်မည်ဟု မျှော်လင့်ယုံကြည်ရမည်။ ခက်ခဲသောအလုပ်တို့ကို လုပ်ခြင်းဖြင့် သတ္တိတန်ခိုးကို အမြဲတိုးစေရမည်။

လွန်ခဲ့သောတစ်လ၊ လွန်ခဲ့သော ရက်သတ္တပတ်၌ အသင် အဘယ်မျှလောက်အောင်မြင်ခဲ့သည်၊ အဘယ်အလုပ်များ ပြီးပြတ်ခဲ့သည်၊ မပြီးမပြတ် တစ်ပိုင်းပစ် အလုပ်များရှိခဲ့သည်၊ မရှိခဲ့သည်ကို ပြန်၍စစ်ပြီး ယနေ့ကစ၍ ဘယ်အရာကိုမျှ တစ်ပိုင်းပစ် မလုပ်တော့ပြီ။ တစ်ခုခုကိုစမိလျှင် ဖြစ်မြောက်ပေါက်ရောက်အောင် လုပ်ပါတော့မည်ဟူသော အဓိဋ္ဌာန်ကို ပြုရမည်။ တစ်စုံတစ်ရာကိုစ၍လုပ်ပြီး လမ်းခုလပ်မှာ ရပ်ထားခြင်းသည် အပျက်စိတ်ဖြစ်၏။ ထိုအကျင့်မျိုး ကျန်ရှိသမျှ အဘယ်အခါမျှ မကြီးပွားနိုင်။

အတတ်တစ်ခုခုကို စ၍သင်ပြီးမှ အကျိုးများမည်မဟုတ်ဟု သဘောရအံ့။ အဆုံးသို့ရောက်အောင် သင်ပါ။ တစ်နေ့သ၌ အကျိုးရှိလိမ့်မည်။ ဖွဲသန်ခြင်းနှင့် စိတ်ပြဋ္ဌာန်းခြင်း အထုံကိုလည်း ဤဘဝ ထိုဘဝ ဆက်၍ရလိမ့်မည်။



## ဆရာကြီးပီမိုးနင်း

(၁၈၈၃-၁၉၄၀)

ဆရာကြီးပီမိုးနင်းသည် စစ်ကြိုခေတ်ကာလ တစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ ပီမိုးနင်းသည် ကာလပေါ်ဝတ္ထုခေတ်ကို ပျိုးထောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်သာမက မြန်မာစာပေတွင် လင်္ကာစပ်မနှောသော စကားပြေအရေးအသားမျိုး ခေတ်စားတွင်ကျယ်လာအောင် လမ်းသစ်ထွင် မျိုးစေ့ချခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်သည်။ ဆရာကြီးသည်ခေတ်မီသော အတွေးအခေါ်သစ်များကို မြန်မာစာဖတ်ပရိသတ်အား ဦးစွာမိတ်ဆက်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

ဆရာကြီးပီမိုးနင်း အမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးကျော်ညွန့်ကို ၁၈၈၃ ခုနှစ်တွင် သုံးဆယ်မြို့ ရွာမရပ်၌ အဖ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့က ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မိုးနှင်းဖြစ်ပြီး ဇာတာအမည်မှာ မောင်ကျော်ညွန့် ဖြစ်သည်။

ဆရာကြီးပီမိုးနင်းသည် ဟံသာဝတီသတင်းစာတိုက်၊ သူရိယသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ပညာအလင်းသတင်းစာတိုက်တို့တွင် လုပ်ကိုင်ခဲ့ပြီး ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အက်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလသတင်းစာ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ်တို့တွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားသည်။

ဆရာကြီးသည် 'မောင်ကျော်' ကလောင်အမည်ဖြင့် ရှေးဦးကာလက ထင်ရှားခဲ့ပြီးနောက် 'ပိုက်ဆံကြီး' ဖြင့် ထင်ရှားခဲ့သည်။ နောက်ပိုင်းတွင် ပီမိုးနင်းအမည်ဖြင့် ထင်ရှားသည်။ "ခင်ထား၊ ပင်လယ်ကူးဓာတ်ပုံ၊ ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်၊ နေရီရီ၊ ပွဲစားကြီးသားအဖနှင့်မြမြ၊ ဘားမားဒေး၊ နေညိုညို၊ တကိုယ်တော်၊ ချစ်ပန်းနွယ်၊ သဲမြညွှာ၊ သင်းတို့အကြံ" ဝတ္ထုများ ရေးသားခဲ့သည့်အပြင် စိတ်ပညာ၊ တက္ကဗေဒ၊ ဒဿနိကဗေဒ၊ တက်ကျမ်းများ အပါအဝင် နိုင်ငံရေးရာဆောင်းပါးများ၊ စာပေဆောင်းပါးများ၊ လူမှုရေးဆောင်းပါးများ၊ အင်္ဂလိပ်ဘာသာသင်အထောက်အကူပြု ဆောင်းပါးများ ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။

# မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အောက်ဆီဂျင်များဖြန့်ဝေပေး



**မင်္ဂလာတောင်ညွန့်**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်သော ပြည်သူများအနေဖြင့် အောက်ဆီဂျင်ပြတ်လပ်မှုအခက်အခဲများ မကြုံတွေ့စေရေးနှင့် အမှန်တကယ်လိုအပ်နေသူများ လက်ဝယ်ရရှိစေရေးတို့အတွက် ဇူလိုင်၂၅ ရက် ညပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် စတင်ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်များဖြန့်ဖြူးမှုနှင့်ပတ်သက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က "တကယ်လိုအပ်နေသူတွေမရရှိဘဲ မသမာသူတွေ၊ အမြတ်တင်ရောင်းတဲ့သူတွေဆီ ရောက်သွားတာမျိုးတွေမရှိအောင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လမ်းညွှန်ချက်တွေနဲ့ ပြည်သူတွေအတွက် ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြည်သူများထံသို့ အောက်ဆီဂျင်ဖြန့်ဖြူးနိုင်ရေးအတွက် မင်းဓမ္မလမ်း MEC စက်ရုံမှ အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၁၀ လုံးထုတ်ယူခဲ့ပြီးနောက် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အောက်ဆီဂျင်အမှန်တကယ် လိုအပ်နေသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ထောက်ခံချက်ဖြင့် လိုအပ်သူတစ်ဦးလျှင် ၁၀ လီတာအိုးတစ်အိုးစီဖြင့်ရရှိနိုင်ရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**ချစ်စုဝေ (ပြန်/ဆက်)**



**သုံးခွ**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ မိုးကုတ်ဓမ္မရိပ်သာ (ကိုဗစ်-၁၉ ကုသရေးစင်တာ) ရှေ့တွင် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲက အောက်ဆီဂျင်အိုးများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြန့်ဝေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော မြို့နယ်အောက်ဆီဂျင်ဖြန့်ဝေရေး အထောက်အကူပြုကော်မတီက (2000) Oxygen စက်ရုံ (လှိုင်သာယာအရှေ့ပိုင်း) မြို့နယ်ရှိ စက်ရုံမှ သုံးခွမြို့နယ်အတွက် ထုတ်ယူခွင့်ရရှိသော လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀ လုံးနှင့် အမှတ်(၆) ကာကွယ်ရေးစက်ရုံမှ ထုတ်ယူရရှိခဲ့သော လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၂၀ စုစုပေါင်း အလုံး ၃၀ ကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ လူနာများထားရှိသည့် ကုသရေးစင်တာနှစ်ခုဖြစ်သည့် မြို့နယ်ပြည်သူ့ဆေးရုံနှင့် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ ပရဟိတအဖွဲ့များနှင့် မြို့နယ်အတွင်းရှိ ကျန်းမာရေးမကောင်းသဖြင့် အောက်ဆီဂျင်အသုံးပြုရန်လိုအပ်နေသော ဝေဒနာရှင်များထံသို့ အောက်ဆီဂျင်များ အခမဲ့စနစ်တကျဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ရန်ကင်း**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ် (၁၁) ရပ်ကွက် မီးသတ်စခန်း၌ ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီမှစ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီစဉ်မှုဖြင့် အောက်ဆီဂျင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဝေရာတွင် ရန်ကင်းမြို့နယ်အတွက် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၁၀ လုံးရရှိခဲ့ရာ ၁၀ လီတာအိုး၊ ၁၅ လီတာအိုးသေးများအတွင်းသို့သွင်း၍ တန်းစီစနစ်ဖြင့် မြို့နယ်အတွင်းနေထိုင်သူများ အမှန်တကယ်လိုအပ်သော ကိုဗစ်-၁၉ ရောဂါ ဝေဒနာရှင်များအတွက် သက်ဆိုင်ရာ ရပ်ကွက်ထောက်ခံချက်နှင့်အတူ အောက်ဆီဂျင် ထုတ်ယူရာတွင် ယူဆောင်လာရမည့် စာရွက်စာတမ်းများ၊ စည်းကမ်းချက်များနှင့်အညီ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် အမှန်တကယ်အရေးပေါ်လူနာအခြေအနေဖြစ်ပေါ်နေပြီး အောက်ဆီဂျင်ထုတ်ယူရန် သက်ဆိုင်ရာ စာရွက်စာတမ်းယူဆောင်ရန် အခက်အခဲဖြစ်ပေါ်နေပါက ဖြေလျှော့စိစစ်ပြီး အောက်ဆီဂျင် ထုတ်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးမှ သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



**အလုံ**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်တွင် ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီမှစ၍ ကမ်းနားလမ်း မြို့နယ်မီးသတ်စခန်းရှေ့တွင် မြို့နယ်အောက်ဆီဂျင်ဖြန့်ဝေရေးအထောက်အကူပြုကော်မတီမှ မြို့နယ်အတွင်း အောက်ဆီဂျင်လိုအပ်လျက်ရှိသော ပြည်သူများကို စနစ်တကျ အောက်ဆီဂျင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းနေထိုင်သူများမှ အမှန်တကယ်လိုအပ်သော ကိုဗစ်-၁၉ ရောဂါ ဝေဒနာရှင်များအတွက် သက်ဆိုင်ရာ ရပ်ကွက်ထောက်ခံချက်နှင့်အတူ အောက်ဆီဂျင်ထုတ်ယူရာတွင် ယူဆောင်လာရမည့် စာရွက်စာတမ်းများ၊ စည်းကမ်းချက်များနှင့်အညီ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**ကျောက်တံတား**

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်တွင် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းမှစ၍ ကျောက်တံတားမြို့နယ် အမှတ် (၄၀၇/၄၀၉) မဟာဗန္ဓုလလမ်း အမှတ်(၃)ရပ်ကွက်တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဦးဆောင်၍ (အခမဲ့)ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ အောက်ဆီဂျင်ဖြန့်ဝေရာတွင် လူနာရှင်အတွက် အမှန်တကယ်လိုအပ်ကြောင်းသက်ဆိုင်ရာ ရပ်ကွက်ထောက်ခံချက်နှင့် ၁၀ လီတာအိုးအလွတ်ကို ယူဆောင်လာရမည်ဖြစ်ပြီး အောက်ဆီဂျင်လာရောက်ဖြည့်သွင်းသူများကိုလည်း အပူချိန်တိုင်းတာခြင်း၊ အောက်ဆီဂျင်တိုင်းတာခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ဒဂုံဆိပ်ကမ်း**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီမှစတင်၍ အောက်ဆီဂျင်အမှန်တကယ်လိုအပ်နေသူများကို မြို့နယ်အောက်ဆီဂျင်ဖြန့်ဝေရေးအထောက်အကူအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေရာငါးနေရာခွဲ၍ အောက်ဆီဂျင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအောက်ဆီဂျင်များကို ရွှေပြည်သာအောက်ဆီဂျင်စက်ရုံမှ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၅ လုံးထုတ်ယူရရှိခဲ့ပြီး မြို့နယ်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ (၉၃)ရပ်ကွက်မိုးသခင်ပရဟိတအသင်း၊ 5B ပရဟိတအသင်း၊ (၉၀)ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံး၊ ကိုးသုံးမေတ္တာပရဟိတအသင်းတို့မှ နေရာငါးနေရာခွဲ၍ အောက်ဆီဂျင်အမှန်တကယ်လိုအပ်နေသူများကို အခမဲ့ဖြန်ဝေပေးနေကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးလှကြည်ထံမှ သိရသည်။

**လဲ့လဲ့(ပြန်/ဆက်)**



**တိုက်ကြီး**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့တွင် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခန့်က မြို့နယ်အောက်ဆီဂျင်ထောက်ပံ့ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဝေဒနာရှင်များ အောက်ဆီဂျင်များ လုံလောက်စွာရရှိရေးအတွက် အောက်ဆီဂျင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်များဖြန့်ဝေရာတွင် တိုက်ကြီးပြည်သူ့ဆေးရုံအတွက် လီတာ ၄၀ ဆံ့ အိုး ၁၀ လုံး၊ အဖျောက်တိုက်နယ်ဆေးရုံအတွက် လီတာ ၄၀ ဆံ့ အိုးငါးလုံး၊ ဥက္ကံတိုက်နယ်ဆေးရုံအတွက် လီတာ ၄၀ ဆံ့ အိုးခုနစ်လုံးနှင့် တော်လတီတိုက်နယ်ဆေးရုံ အတွက် လီတာ ၄၀ ဆံ့ အိုးသုံးလုံးတို့ကို ဖြန့်ဝေပေးခဲ့သည်။ ထိုသို့ အောက်ဆီဂျင်အိုးများ ဖြန့်ဝေရာတွင် လာရောက်ထုတ်ယူသူများကို အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်အတွင်းရှိ တိုက်ကြီးမြို့၊ အဖျောက်မြို့၊ ဥက္ကံမြို့များရှိပြည်သူများ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ရောဂါကူးစက်ခံရသူများ အောက်ဆီဂျင်များလုံလောက်စွာရရှိရေးအတွက် အခက်အခဲများဖြစ်ပေါ်မှုမရှိစေရေးဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးထံမှ သိရသည်။

**စန်းကလျာခိုင်**
**(ပြန်/ဆက်)**




ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း



## ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်မှ တပ်ဖွဲ့ဝင်များဝတ်ဆင်ရန် ယူနီဖောင်းဝတ်စုံချုပ်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ဝတ်ဆင်ရန်အတွက် ယူနီဖောင်း(ပြောက်ကျား) ဝတ်စုံ (၁၀၀၀)စုံ ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် တင်ဒါပေးသွင်းလိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ် | တင်ဒါခေါ်ယူမည့်အမျိုးအစား |
|---|---|---|
| (က) | မောင်တော | ပြောက်ကျားယူနီဖောင်းဝတ်စုံ(၁၀၀၀)စုံ |

၂။ တင်ဒါလျှောက်လွှာများကို အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး (ကျီးကန်းပြင်)တွင် ၃-၈-၂၀၂၁ ရက်နေ့မှ ၉-၈-၂၀၂၁ ရက်နေ့အထိ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်နေ့ရက် - (၃-၈-၂၀၂၁)ရက်
တင်ဒါပိတ်မည့် နေ့ရက်/အချိန် - (၉-၈-၂၀၂၁)ရက်နေ့ (၁၅:၀၀)နာရီ
တင်ဒါပုံစံဝယ်ယူရန်နှင့် ရောင်းချမည့်နေရာ - အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံး(ကျီးကန်းပြင်)၊ မောင်တောမြို့နယ်

၃။ အသေးစိတ်အချင်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၅၀၉၉၄၂၃၊ ၀၉-၄၄၃၁၃၁၃၇၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ်-၃/၂၀၂၁ ဖြင့် တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါဖွင့်လှစ်မည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကတ်သုတ်ကြေးနီ (၅၀၀၈.၅၇၄)မက်ထရစ်တန်၊ (21) Lot အား အမေရိကန်ဒေါ်လာဖြင့် ရောင်းချလိုကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်း၍ ၂၁-၇-၂၀၂၁ ရက်နေ့၌ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြော်ငြာထည့်သွင်းခဲ့ပါသည်။ သို့ရာတွင် ၂၁-၇-၂၀၂၁ ရက်နေ့သည် အများပြည်သူအလုပ်ပိတ်ရက်များတွင် ပါဝင်ခဲ့သဖြင့် တင်ဒါဖွင့်လှစ်မည့်ရက်အား ၃၀-၇-၂၀၂၁ ရက်နေ့သို့ ရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းကို ၁၆-၇-၂၀၂၁ ရက်နေ့မှ ၁၈-၇-၂၀၂၁ ရက်နေ့အထိ နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါဖွင့်လှစ်မည့် ၃၀-၇-၂၀၂၁ ရက်နေ့သည် တိုးမြှင့်သတ်မှတ်သော အများပြည်သူအလုပ်ပိတ်ရက်များတွင် ပါဝင်နေပါသဖြင့် တင်ဒါဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရွှေ့ဆိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၂၀-၈-၂၀၂၁ ရက်နေ့ (၁၄:၀၀) နာရီ
(ခ) တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန် - ၂၀-၈-၂၀၂၁ ရက်နေ့ (၁၅:၀၀) နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ၀၆၇-၃၄၀၉၃၇၈ နှင့် ၀၆၇-၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အများသိစေရန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၄)လမ်း(အောက်)၊ အမှတ်(၂၈)၊ အခန်း(၁၁/ယာ)နေ ဒေါ်တင်တင်ဝင်း [၁၂/ဗတထ(နိုင်)၀၀၁၀၃၀]၏ ပြောဆိုလွှဲအပ်ချက်များအရ-

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၄)လမ်း(အောက်)၊ အမှတ်(၂၈)၊ အခန်း(၁၁/ယာ)တိုက်ခန်း(၁)ခန်း၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၄)လမ်း(အောက်)၊ အမှတ်(၂၂)၊ (၄)ခန်းတွဲ(၁)ထပ်အဆောက်အဦ တွင်ရှိသည့် ဆိုင်ခန်းအမှတ်(၂၂)(G-2)လူနေဆိုင်ခန်း(၁)ခန်း၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဘိုကလေးဈေး(တိုက်ဈေး)(မျက်နှာစာတန်းရှိ)၊ ဆိုင်ခန်းအမှတ်(၂၂၄) ဈေးဆိုင်ခန်း(၁)ခန်း အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ၂၅-၇-၂၀၂၁ရက်စွဲပါ "နှစ်ဦးသဘောတူကတိစာချုပ်"ဖြင့် ဦးကျော်တင့်[၁၂/ဗတထ(နိုင်)၀၀၁၀၃၁](အဖ-ဦးအဒူဂေါ်ဖါရ်)က ၎င်း၏အမွေဝေစုများကို သတ်မှတ်တောင်းဆိုသည့်အတိုင်း ဒေါ်တင်တင်ဝင်းက အမွေခံစားခွင့်အပြီးအပြတ်ဖြစ်သည့်ငွေများကို ပေးအပ်ရာ လက်ခံရယူပြီးဖြစ်ပါသဖြင့် အထက်ပါပစ္စည်းတို့နှင့်အကျိုးခံစားခွင့်များသည် ဦးကျော်တင့်[၁၂/ဗတထ(နိုင်)၀၀၁၀၃၁]နှင့် သက်ဆိုင်မှုများ လုံးဝမရှိတော့ပါကြောင်း သိစေအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း၏ ပြောဆိုလွှဲအပ်ချက်များအရ-**

**ဦးမြသိန်း(ပုဇွန်တောင်)** (ဥပဒေတွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၁၇)
**ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ)** (ဥပဒေတွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၅၃)

**(ရုံး)အမှတ်-(၁၅၅)(ပထပ်)၊ (၄၆)လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၅၁၆၈၄၁၅၊ ၀၉-၄၂၅၀၁၈၀၀၀၊ ၀၉-၇၃၁၀၇၀၂၈၊ ၀၉-၆၆၄၂၈၂၇၉၂**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွက် လိုအပ်သော ဆေး/ဆေးပစ္စည်းများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၀-၇-၂၀၂၁ (အင်္ဂါနေ့)
တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ - ပြည်သူ့ဆေးရုံကြီး၊ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
တင်ဒါပုံစံနောက်ဆုံးပေးသွင်း ရမည့်ရက်အချိန် - ၉-၈-၂၀၂၁ (တနင်္လာနေ့) မွန်းတည့်(၁၂:၀၀)နာရီ

၂။ အသေးစိတ်သိရှိလိုပါက အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့ (ဖုန်း-၂၅၆၃၈)သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**ပြည်သူ့ဆေးရုံကြီး-ပုသိမ်မြို့**
**ဧရာဝတီတိုင်းဒေသကြီး**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## အများသိစေရန်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းရီ[၇/မခန(နိုင်)၀၇၂၉၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၃/၄)ရပ်ကွက်၊ မင်းရဲကျော်စွာ(၁၄)လမ်း၊ မြေကွက်အမှတ်(၅၂/ခ)မြေအကျယ်(၂၀x၆၀)ပေအား ကာလတန်ဖိုးနှင့်အညီ အပြီးအပိုင်ရောင်းချသူ ဦးစိုးအောင် [၁၂/အစန(နိုင်) ၀၃၇၀၈၉]ထံမှ ဝယ်ယူရန် သဘောတူညီမှုနှင့်အညီ တန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေပြီး နှစ်ဦးသဘောတူညီမှုနှင့်အညီ စရန်ပေးကတိစာချုပ်ပြုလုပ်ခဲ့ပြီး ကျန်ရှိသည့်ရောင်းချသည့်တန်ဖိုးငွေအားအတည်ပြု၍ ဆက်လက်အရောင်းအဝယ် အပိုင်ပြုလုပ်တော့မည်ဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်၍ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဥပဒေနှင့်အညီ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ဥပဒေနှင့်အညီ ဖော်ပြပါမြေကွက်အား ရောင်းဝယ်ဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်နှင်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထိုက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၆၅)**
**အမှတ်(၅၀)၊ မင်းရဲကျော်စွာ(၁၄)လမ်း၊ (၃/၄)ရပ်ကွက်၊လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၂၆၃၁၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါဖျက်သိမ်းခြင်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)တို့မှ တစ်ကြိမ်လျှင် ယူရီးယားဓာတ်မြေသြဇာ (၃,၀၀၀) တန်စီအား ၂၉-၇-၂၀၂၁ နှင့် ၅-၈-၂၀၂၁ ရက်နေ့တို့တွင် ဖွင့်လှစ်ရောင်းချမည့်အိတ်ဖွင့်တင်ဒါများကို စက်ရုံ၏ထုတ်လုပ်မှုနှင့် လက်ကျန်အခြေအနေများအရ တင်ဒါဖျက်သိမ်းကြောင်းကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ မင်္ဂလာလမ်း၊ ဧလွှာ-A၊ အမှတ်(၁၈)၊ ဒေါ်အေးဝင်း [၇/ကဝန(နိုင်)၁၅၅၀၀၁]၏ ပိုင်ဆိုင်သော တိုက်ခန်းအား ဒေါ်ခင်မိုးမြင့် [၇/တငန(နိုင်)၁၆၇၆၄၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးမြင့်**
**[၇/တငန(နိုင်)၁၆၇၆၄၆]**
**ဖုန်း ၀၉-၉၇၂၂၆၇၃၉၀**

မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၅၅၆. ၉၂ | ၆ လုံး | ၆ လုံး | - |
| ၂။ | သုခမ္မာဇရပ်(မီး(၁)လုံး) | ၄၁ | ၆ လုံး | ၆ လုံး | - |
| ၃။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ (အဆောက်အဦ၊ မီး) | ၉၂၄. ၉၀ | ၁ လုံး | ၁ လုံး | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၂၃. ၂၀ | ၁ လုံး | ၁ လုံး | - |
| ၅။ | ဂေါပကရုံး(မီး/ရေ (၁)လုံး) | ၁၁၀ | ၁ လုံး | ၁ လုံး | - |
| ၆။ | အဝင်မုခ်ဦး(၁၀၀×၄၀×၇)ပေ | ၈၂၀ | ၁ ခု | ၁ ခု | - |
| ၇။ | အဝင်မုခ်ဦးငယ်(၇၅×၄၀×၅)ပေ | ၆၇၆ | ၃ ခု | ၃ ခု | - |
| ၈။ | အရှေ့၊ အနောက်နှင့်တောင်ဘက်မုခ်လှေကား (စကျင်မြန်မာမှုပါ) | ၄၉၀ | ၃ စင်း | ၃ စင်း | - |
| ၉။ | မြောက်ဘက်မုခ်လှေကား(စကျင်မြန်မာမှုပါ) (၆၀ ပေ × ၄၀ ပေ) | ၁၉၁၄ | ၁ စင်း | ၁ စင်း | - |
| ၁၀။ | တံခွန်တိုင်လုံးပတ် (၃)ပေ၊ အမြင့်(၄၅)ပေ | ၄၁၉. ၀၈ | ၁ တိုင် | ၁ တိုင် | - |
| ၁၁။ | ခေါင်းလောင်းထိပ်ဝ(၅ ပေ× ၇ ပေ) | ၉၀ | ၁ လုံး | ၁ လုံး | - |
| ၁၂။ | ဂန္ဓကုဋိတိုက်(၅၄×၂၇×၁၈)ပေ (အဆောက်အဦ ဇာတ်နိပါတ်တော်စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၄ လုံး | - |
| ၁၃။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၁၄။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၂ ခု | ၆၁၀ ခု |
| ၁၆။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၂ တိုင် | ၁၆၈ တိုင် |
| ၁၇။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၂ တိုင် | ၇၈ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၈။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး |
| ၁၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၂၀။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) (၁ ခု) | ၄၃၂၁ | |
| | (က) ရေပန်းအကြီးတည်ဆောက်ခြင်း | ၇၄၀ | ၁ ခု |
| | (ခ) စကျင်ဆင်ရုပ်(အမြင့် ၅ ပေ)(၁ ရုပ်လျှင် ၁၉၈ သိန်း) | ၁၇၈၂ | ၉ ရုပ် |
| | (ဂ) စကျင်မြန်မာမှုလုပ်ငန်း | ၁၀၉၉ | ၁ ခု |
| | (ဃ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၇၀၀ | ၁ ခု |
| ၂၁။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) (၁၈ ခု ၁ ခုလျှင်) | ၈၀၅ | |
| | (က) ရေပန်းအသေးတည်ဆောက်ခြင်း | ၂၇၉ | ၁ ခု |
| | (ခ) စကျင်မြန်မာမှုလုပ်ငန်း | ၂၂၆ | ၁ ခု |
| | (ဂ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၃၀၀ | ၁ ခု |
| ၂၂။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၂၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၂၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |
| ၂၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၂၆။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အထူးကျေးဇူးတင်ရှိပါကြောင်း

## ဦးတင်မောင်အေး အသက်(၈၆)နှစ်

## ညွှန်ကြားရေးမှူး(ငြိမ်း) ရှေ့နေချုပ်ရုံး

၁၂-၇-၂၀၂၂ရက်(တနင်္လာနေ့) မွန်းလွဲ ၂:၃၅နာရီတွင် ကွယ်လွန်သွားသော **ဦးတင်မောင်အေး** မမာမကျန်းစဉ်ကာလတလျှောက်လုံးနှင့် ကွယ်လွန်ချိန်ထိ မေတ္တာစေတနာအပြည့်ဖြင့် ပြုစုစောင့်ရှောက်ကုသပေးခဲ့သော Dr.ဇေယျအေး (Royal Parami Hospital)၊ Dr. ရတနာကျော်(SSC Hospital)၊ မြေးလေး Dr.မြတ်ကေခိုင်၊ မိဘသဖွယ်ကူညီစောင့်ရှောက်ပေးပါသော ဝဏ္ဏကျော်ထင် ဦးခင်မောင်အေး (ဒု-ရှေ့နေချုပ်၊ ငြိမ်း) ဇနီး ဒေါ်ခင်နီ(အ.ထ-ပြ၊ ငြိမ်း)မိသားစု၊ ရှေ့နေချုပ်ရုံး အငြိမ်းစားမိသားစုများ၊ တပည့်ရင်းဖြစ်သော ဦးခင်မောင်တင့် နှင့်ဇနီး ဒေါ်ခင်မျိုးမြင့်၊ နာရေးကိစ္စအဝဝကို အစအဆုံး တာဝန်ယူပေးပါသော Dr. ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်ချိုအုန်း၊ Covid ကာလအတွင်း နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ပေးပါသော Golden Myanmar Airlines မှ CEO, DY CEO, CFO, GM, AGM နှင့်ဝန်ထမ်းများ၊ ရွှေခနေအောင်ကုမ္ပဏီဝန်ထမ်းများ၊ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီး၊ နိုင်ငံရပ်ခြားမှ တူ၊ တူမ၊ မိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

### လေ-၁၂၆၄ ဗိုလ်မှူးချုပ်မောင်မောင်(လေ)(ငြိမ်း)

**စစ်တက္ကသိုလ် အမှတ်စဉ်(၁)**

### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်သန်းနွဲ့၏ ခင်ပွန်း ဗိုလ်မှူးချုပ်မောင်မောင်(လေ)(ငြိမ်း)သည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့)တွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**လေ ၁၂၆၄၊ စစ်တက္ကသိုလ်အပတ်စဉ်(၁)**

### ဗိုလ်မှူးချုပ် မောင်မောင်(ငြိမ်း)

### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ် မောင်မောင်(ငြိမ်း)သည် ၂၆-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲမိပါသည်။

**တပ်မတော်(လေ)လေယာဉ်မောင်းသင်တန်းအပတ်စဉ်(၂၂)(22P)မှ ကျန်ရစ်သော သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးသန်းမောင်

### အသက်(၈၇)နှစ်

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**ပြည်တွင်းအခွန်များဦးစီးဌာန**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၁၆)နေ (ဦးစစ်ဟန်-ဒေါ်သူတော်)တို့၏သား၊ ဦးထွန်းရွှေ-ဒေါ်နှင်းမြတို့၏ သားသမက်၊ (ဒေါ်သန်းသန်းနွယ်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်သီတာဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ MTO 1၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးမင်းမင်း-ဒေါ်နီလာ၊ ဒေါ်မာလာ(ဆန်းမြန်မာကုမ္ပဏီ)၊ ဦးဝဏ္ဏကျော်တို့၏ ဖခင် ကိုဖြိုးမင်းထက်(ခေတ္တဂျပန်၊ မမှူးပြည့်ကျော်(Empire Inc Holdings)၊ မယွန်းရတီထက်(Grade 10 အထက-၄၊ တာမွေ)၊ မစုလဲ့ပြည့် (Grade 7 အထက-၂၊စမ်းချောင်း)တို့၏ အဘိုးသည် ၂၆-၇-၂၀၂၂ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ကွာရှင်းပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅ လမ်း၊ အမှတ် (၃၉)၊ ၃ လွှာ၊ (ယာ) နေ **မချစ်မိုး (ခ) ရှိုင်ဟာနာဘီ** (၁၂/မဂတ (နိုင်) ၁၁၅၅၅၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မချစ်မိုး (ခ) ရှိုင်ဟာနာဘီသည် မောင်ကျော်စိုးမိုး (ခ) မုဟမ္မဒ် နဒီးန်နှင့်** (၂၄-၂-၂၀၁၃) နေ့၌ အစ္စလာမ်တရားတော်နှင့်အညီ နေကာဟ်ပြုထိမ်းမြားခဲ့ပြီး သားသမီးမထွန်းကားခဲ့ပါ။

ယခုအခါ **မောင်ကျော်စိုးမိုး (ခ) မုဟမ္မဒ် နဒီးန်**၏လုပ်ရပ်များအပေါ် အခြေပြု၍ "မြန်မာမွတ်စလင်မ် သာသနာ့ပညာရှင်များ အဖွဲ့ချုပ်ကြီး"ထံတင်ပြ၍ ဓမ္မသတ်အဆုံးအဖြတ်တောင်းခံခဲ့ရာ 'အဖွဲ့ချုပ်ကြီး'မှ (၁၁-၇-၂၀၂၂) ရက်စွဲပါ စာအမှတ် (၀၄၁/ဓမသ/ ဇူလိုင်လ/၂၀၂၂-မမသဖ) ဖြင့် ". . လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲသွားပြီးဖြစ်သည်" ဟု ဓမ္မသတ်ဆုံးဖြတ်ပေးခဲ့ပါသည်။

ထို့ကြောင့် **မချစ်မိုး (ခ) ရှိုင်ဟာနာဘီနှင့် မောင်ကျော်စိုးမိုး (ခ) မုဟမ္မဒ်နဒီးန်**တို့မှာ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -

**ဦးနေဝင်းအောင်** (B.Sc,H.G.P,C.B.L)

Higher Grade Pleader

(Lawyer Lc No.19147/1991)

**Al-Mezan (Law Firm)**

အမှတ် (၂၀၇)၊ (ပထပ်-ဝဲ)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

09 786 786 053

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နော်အယ်ဖော

### အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၃) ရပ်ကွက်၊ ဖိုးရာဇာ (၃) လမ်း၊ အမှတ် (၁၆၀၇) နေ ဒေါ်နော်အယ်ဖော အသက် (၆၈)နှစ် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာချေးငွေ သတင်းအချက်အလက်ဌာန (MMCB) နှင့် အုပ်ချုပ်မှုဒါရိုက်တာ၊ CB Bank) သည် ၂၆-၇-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာချေးငွေသတင်းအချက်အလက်ဌာန (MMCB)

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဇော်မင်း

**စက်ရုံမှူး(ငြိမ်း)**

**မန္တလေးဘီယာစက်ရုံ၊ စက်မှု(၁)**

### အသက်(၇၇)နှစ်

မိကျောင်းရဲမြို့၊ ဦးဘဆိုင်-ဒေါ်ဒေါ်ငယ်တို့၏သား၊ ဖြူးမြို့နေ ဦးညွှန့်မောင်-ဒေါ်အမာတို့၏ သားသမက်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ဥပုသ်တော်ရပ်ကွက်၊ စည်ပင်တိုက်တန်း၊ အခန်း(၉/၁၀)တွင် နေထိုင်သော ဒေါ်ခင်သန်း၏ ခင်ပွန်း၊ ဦးယဉ်ထွေး( ညွှန်ကြားရေးမှူး) (လဝက)-ဒေါက်တာနီနီဇော် (မန္တလေးပြည်သူ့ဆေးရုံကြီး)၊ ဦးအောင်ဇော်-ဒေါ်ကေဘီဆိုင်ပန်၊ ဦးကိုကိုအောင်-ဒေါ်နေခြည်ဇော်၊ ဦးနေမျိုးအောင်-ဒေါ်ခင်သက်သက်ပိုင်တို့၏ ချစ်လှစွာသော ဖခင်၊ မြေး(၇)ယောက်တို့၏ အဘိုးသည် ၂၆-၇-၂၀၂၂ ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ ချိန်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ (အင်္ဂါ) နေ့ နံနက်တွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၆၂၉)၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)၊ (၂၄၀၀)စတုရန်းပေရှိ ဦးဘမြိုင်(ဘ) ဦးဖိုးသော့ အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းနိုင်ဦး[၁၂/ဒဂရ(နိုင်)၀၁၃၇၇၄]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကြည်[၁၂/ဒဂန(နိုင်) ၀၁၀၃၄၅]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်မြေပိုင်ဆိုင်မှု နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးအောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှသန်း(LL.B)**

**ဥပဒေတွဲ့**

**အထက်တန်းရှေ့နေ(စဉ်-၄၉၇၀၀/၂၇-၄-၁၈)**

**ဒုတိယထပ်၊ တိုက်-၄၉၀(B)၊ လယ်ယာရွှေမြေလမ်း၊**

**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၁၀၃၃၈၉**

---

"ဝန်ထမ်းအလိုရှိသည်"

**ကလေးထိန်း မ(၁)ဦး**

**အိမ်အကူ မ(၁)ဦး**

နေစားငြိမ်း လစာ-၁၈၀၀၀၀/-

(အသက်(၄၀)ဝန်းကျင်နယ်မှလာသူဦးစားပေးမည်)

Ph: 09961311685
09974396398

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

---

### ဝမ်းနည်းကြေကွဲခြင်း

**ဦးလှ (၇၉)နှစ်**

**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ် (၂) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်၏ ဖခင်ဖြစ်သူ ဦးလှ လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရုံးအမှတ်(၂)၊ နေပြည်တော်**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးစိုးလေး

### အသက်(၇၅)နှစ်

အစ်ကိုကြီး ဗိုလ်မှူးကြီးဌေးဝင်း(ငြိမ်း)နှင့်ဒေါ်ဆုလှိုင်တို့၏ ဖခင် ဦးစိုးလေးသည် ၁၇-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)မှ ညီငယ်မိသားစုများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဆန်းမင်း

### ကသစ်ဦးကုမ္ပဏီ (မန်နေးဂျင်းဒါရိုက်တာ)

### အသက် (၄၉)နှစ်

မလှိုင်မြို့နယ်၊ ဝါးခွကျေးရွာနေ (ဦးမောင်ချို)-ဒေါ်အေးသိန်းတို့၏သား၊ မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးမောင်ငွေ-ဒေါ်စန်းစန်းဝေတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့သစ်၊ ခ(၈)လမ်း၊ အမှတ်(၂၇၄)နေ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စိုးသန္တာ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းစည်သူ၊ မောင်ဝဏ္ဏစည်သူ၊ မဖူးပြည့်ဇွန်တို့၏ ဖခင်သည် ၂၃-၇-၂၀၁၂ ရက်(သောကြာနေ့) မွန်းလွဲ ၅:၀၀ နာရီအချိန်တွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးကျေးဇူးတင်ရှိခြင်း

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စိုးသန္တာ၏ ချစ်လှစွာသောခင်ပွန်း ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးဆန်းမင်းသည် ၂၃-၇-၂၀၂၂ ရက်နေ့တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားခြင်းအပေါ် တယ်လီဖုန်း၊ အီးမေးလ်၊ လူမှုကွန်ရက်များမှ ဝမ်းနည်းကြောင်း ပြောကြားပေးပို့သော ရပ်နီးရပ်ဝေး ဓမ္မမိတ်ဆွေများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကသစ်ဦးမိသားစု၏ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအား လည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စိုးသန္တာ၏ ချစ်လှစွာသော ခင်ပွန်း ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ ဓမ္မမိတ်ဆွေအကိုကြီး ဦးဆန်းမင်းသည် ၂၃-၇-၂၀၂၂ ရက်နေ့၊ ညနေ ၅:၀၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆုလာဘ်ပိုင်ဖောင်ဒေးရှင်း

နေပြည်တော်

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ ၇-လွှာ၊အမှတ်(၆၃-A)ဘယ်ဘက်အစွန်ဆုံး (ထောင့်ခန်း) ဟုခေါ်တွင်သော (၁၈'x၅၅')အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ထားပြီး လိုအပ်သလို စီမံခန့်ခွဲ ရောင်းချ ပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ချိုချိုလွင်(၁၂/ဆကန(နိုင်)၀၀၀၄၄၆)မှ ယင်းတိုက်ခန်းနှင့် နေထိုင် ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချလိုကြောင်း ကမ်းလှမ်းရာ အဆိုပြု တန်ဖိုးဖြင့် ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစိုင်းလှဝင်း (၁၃/လခတ(နိုင်)၀၃၃၀ရရ) မှ သဘောတူ လက်ခံပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရံငွေကိုပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက မည်သူမဆို ခိုင်လုံသောစာရွက် စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဦးစိုးပြည့်လင်း** | **ဒေါ်နှင်းအိဖြူ** |
| LL.B, D.I.L,WIPO(switzerland) | LL.B, D.I.L, D.B.L |
| **အထက်တန်းရှေ့နေ (စဉ်-၃၀၈၈၁)** | **အထက်တန်းရှေ့နေ (စဉ်-၃၈၈၅၄)** |

အမှတ်(၁၆၄)၊ ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၅၄၀ ၆၄၈၇၊ ၀၉ ၇၈ ၅၄၀ ၆၄၈၇

## ဦးလှ (ကညွတ်ကွင်းမြို့)

**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**အသက် (၇၉)နှစ်**

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၉/၃) နေ ဒေါ်မြသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကညွတ်ကွင်းမြို့နေ (ဦးမောင်ကြီး-ဒေါ်လှလေး) တို့၏သားကြီး၊ ရန်ကုန်မြို့နေ ဦးကျော်ဒင်၏အစ်ကို၊ ဦးရန်နိုင်ဝင်း-ဒေါ်လှကေသီ၊ ဦးသန့်ဇင် (လက်ထောက်ညွှန်/မှူး၊ ဝန်ကြီးရုံး၊ ဆက်သွယ်ရေး)-ဒေါ်မိုးမိုးခိုင်၊ ဦးသန့်ဇော်ဦး-ဒေါ်လှဥမ္မာ၊ ဘားအံမြို့နေ ဦးအောင်ဝဏ္ဏ-ဒေါ်နီနီဝင်း၊ ပဲခူးမြို့နေ (ဦးဝင်းကျော်-ဒေါ်လှသူဇာ)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မအင်ကြင်းမိုး၊ မစိုးဇလပ်နိုင်၊ မောင်မင်းသန့်ခိုင်၊ မောင်လင်းစွမ်းဆောင်၊ မောင်ကောင်းမြတ်ဟိန်း၊ မောင်လင်းမြတ်ဟိန်း၊ မောင်ခန့်နေထက်တို့၏ ချစ်လှစွာသောအဘိုး ဦးလှသည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀:၃၀နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၈)ရပ်ကွက်၊ မြတ်မင်္ဂလာလမ်း၊ အမှတ် (၄၈၇-ခ)၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**သာသနဟိတဓရ မင်္ဂလမ္မဇောတိကဓဇ၊မဟာမင်္ဂလဇောတိကဓဇ**

**ဦးကြည်အောင်**

**အသက်(၈၄)နှစ်**

**မအူပင်မြို့နယ်ရာသက်ပန်အသင်းဝင်**

ဦးနေမျိုးအောင်(Deputy Managing Director, KBZ Life Insurance Co.,Ltd.), (Chief Audit Officer, KBZ Group) - ဒေါ်စန်းစန်းထွေး တို့၏ ကျေးဇူးရှင် မွေးသဖခင် ဦးကြည်အောင်၊ အသက်(၈၄)နှစ်သည် ၂၅-၇-၂၀၂၂၊ တနင်္ဂနွေနေ့၊နံနက်(၁၀:၃၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**KBZ Bank/ KBZ Group**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းခင်**

**အသက်(၈၃)နှစ်**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒေါ်ပြုံးပြုံး(ဒုတိယဦးစီးမှူး)၏ မိခင်ဖြစ်သူ ဒေါ်သန်းခင်သည် ၂၅-၇-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅:၂၀ နာရီတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အိမ်အမှတ်-၈၅၉၊ အောင်သစ္စာ (၃)လမ်း၊ (၄ )ရပ်ကွက် တောင်ပိုင်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဆွေ(ယဉ်ကျေးမှု)**

**အသက်(၆၃)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ကျွမ်းကျင်သူ**

**အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ ဦးကျော်ဆွေသည် ၂၅-၇-၂၀၂၂ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အနုပညာဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ဦး**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ တံတားဦးစီးဌာန၊**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၅၆) ဘုရင့်နောင်လမ်း၊ ပုလဲမြို့သစ်(၁)နေ ဦးတင်ဦး [ညွှန်ကြားရေးမှူး-ငြိမ်း)၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန] သည် ၂၆-၇-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၆:၄၅ နာရီတွင် မြောက်ဥက္ကလာအထွေထွေရောဂါကုဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လိန်းလီတံတားနှင့်မြန်မာ-လာအိုချစ်ကြည်ရေးတံတားမှ တပည့်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးကိုထက်(Manager,Upper Myanmar)**

**Rainbow Bridge Distribution Co.,Ltd**

**အသက်(၃၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့၊ ဂုဏ်တန်းဝန်းရပ်၊ အကွက်(၅၆၇)နေ မဇာခြည်နန္ဒာကျော်၏ ချစ်လှစွာသောခင်ပွန်း၊ မဂျူးနန္ဒာကို၏ မွေးသဖခင် ဦးစိုးကိုထက်သည် ၂၅-၇-၂၀၂၂ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MD နှင့်ဝန်ထမ်းများ**
**Rainbow Bridge Distribution Co.,Ltd**

---

**စာအုပ်စာပေ လူ့မိတ်ဆွေ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်ပွ**

**(မော်လမြိုင်)**

**အသက်(၈၂)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးခင်မျိုးလွင်(ငြိမ်း)၏ဖခင် ဦးမောင်ပွသည် ၂၃-၇-၂၀၂၂ ရက်တွင် ကွယ်လွန် သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်သူနာပြုအရာရှိသင်တန်းအမှတ်စဉ်(၁၅)**
**သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီး တင်ဌေးနိုင်(ငြိမ်း)-ဒေါ်အေးမိမော် တို့၏ဖခင် ထောက်ကြန့်မြို့၊ တိလောကရပ်ကွက်၊ အဝေရာ(၂) လမ်းနေ ဦးကျော်ရှိန်၊ အသက်(၇၆)နှစ်သည် (၂၆-၇-၂၀၂၂) ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၉၈)ကျောင်းဆင်းသူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**

**ဦးမင်းစံ**

**နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**

**Hotel POPULAR Myanmar,Summit Plastic**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ ဦးကျင်ဦး(Chairman–POPULAR Group)–ဒေါ်ချောစုလွင်(Vice Chairman–POPULAR Group)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမင်းစံ အသက်(၉၂)နှစ်သည် ၁၈-၇-၂၀၂၂ (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးကူးပြောင်းသွားပါကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Popular ရုံးခွဲ(နေပြည်တော်)**
**POPULAR GROUP**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးအောင်မြတ်ကျော်(ရေ/ငြိမ်း)**

**ရေကြောင်းဌာနမှူးချုပ်(ငြိမ်း)**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အသက်(၈၃)နှစ်**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရေကြောင်းဌာနမှူးချုပ်(ငြိမ်း)၊ ဗိုလ်မှူးအောင်မြတ်ကျော်(ရေ/ငြိမ်း)သည် ၂၆-၇-၂၀၂၂ ရက် နံနက် ၁:၂၆ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**အထွေထွေမန်နေဂျာ**
**ဌာနမှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်ကြည်ဦး**

**အသက်(၇၈)နှစ်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါ်တင်ကြည်ဦးသည် ၂၄-၇-၂၀၂၂ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ဦး**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ တံတားဦးစီးဌာန၊**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၅၆) ဘုရင့်နောင်လမ်း၊ ပုလဲမြို့သစ်(၁)နေ ဦးတင်ဦး [ညွှန်ကြားရေးမှူး-ငြိမ်း)၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန] သည် ၂၆-၇-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၆:၄၅ နာရီတွင် မြောက်ဥက္ကလာအထွေထွေရောဂါကုဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်တံတားဦးစီးဌာနမိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဇော်ထင်အောင်**

**အသက်(၅၇)နှစ်**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၉) သီဟတပ်ခွဲမှ ဦးဇော်ထင်အောင်သည် ၂၄-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရသည့်အတွက် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းကောင်းရာဘုံဘဝစံပျော်နိုင်ပါစေ။**
**သီဟ(၇၉)မှ သူငယ်ချင်းများ**

---

## မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

## အထူးဝမ်းနည်းခြင်း

## ဗိုလ်မှူးချုပ်သောင်းတင်(ငြိမ်း)

## အသက်(၁၀၀)

## နာယကကြီး

ရန်ကုန်မြို့၊ အလယ်ရွှေဂုံတိုင်၊ DELTA PLAZA တိုက်အမှတ်(D–2)၊ အခန်း(၁၀၁)နေ ဗိုလ်မှူးချုပ်သောင်းတင်(ငြိမ်း) သည် ၂၄-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

နယ်ချဲ့ခေတ် ဗိုလ်အောင်ကျော်ဦးဆောင်သော အရေးတော်ပုံတွင် မြို့မကျောင်းသားလူငယ်တစ်ဦးအနေဖြင့် ပါဝင်ခဲ့သူ၊ မြန်မာနိုင်ငံလွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ခဲ့သူ၊ ရရှိသော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သူ၊ မြို့မကျောင်းကြီးအားအဘက်ဘက်မှ စောင့်ရှောက်ခဲ့သူ၊ မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းအား ဦးဆောင်လမ်းညွှန်၍ စည်းကမ်း၊ စည်းမျဉ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို လမ်းညွှန်ပေးခဲ့သူအဖြစ် မြို့မမိသားစု သမိုင်းတွင် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရေ-၁၀၂၅ ဗိုလ်မှူးချုပ်သောင်းတင်(တွံတေး)**

**ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)**

**လွတ်လပ်ရေးမော်ကွန်းဝင်တတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်**

**တော်လှန်ရေးကောင်စီအစိုးရအဖွဲ့ဝင်၊ သတ္တုတွင်းဝန်ကြီး(ငြိမ်း)**

**နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့**

**ဥက္ကဋ္ဌ(ငြိမ်း)**

**အသက်(၁၀၀)**

ဗိုလ်မှူးကြီးဦးချိုသန်းမောင်(ရေ/ငြိမ်း)[ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)](မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါက်တာဒေါ်တင်နွယ်ဝေ(OG)(ငြိမ်း)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်သည် ၂၄-၇-၂၀၂၂ ရက် ညနေ ၃:၃၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာနှင့်**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှအရာထမ်း၊ အမှုထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ် သောင်းတင်**

**ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ/ငြိမ်း)**

**လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်**

**နိုင်ငံ့ဂုဏ်ရည် ပထမဆင့်**

**တော်လှန်ရေးကောင်စီအစိုးရအဖွဲ့ဝင်**

**သတ္တုတွင်းဝန်ကြီး(ငြိမ်း)**

**နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)**

**ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)**

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ အလယ်ရွှေဂုံတိုင်၊ DELTA PLAZA၊ တိုက်အမှတ်(D-2)၊ အခန်း(၁၀၁)နေ မြို့မအမျိုးသားအထက်တန်းကျောင်း ၊ ယခု အ.ထ.က(၂) ဒဂုံ(မြို့မ)ကျောင်း ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီများ၏ ဂုဏ်ထူးဆောင် နာယကကြီး ဗိုလ်မှူးချုပ် သောင်းတင် (ရေ/ငြိမ်း)သည် ၂၄-၇-၂၀၂၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြို့မအမျိုးသားအထက်တန်းကျောင်း**
**ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်မွေး အသက်(၈၃)နှစ်**

**ပါမောက္ခဦးခင်စိန်မောင် အသက်(၇၆)နှစ်**

